ကြေးမုံ The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့၊ (3-8-2014) (၇၉၂၁)

အတ္တသမ္မာပဏိဓိ စ
တေံမင်္ဂလ မုတ္တမံ
မိမိ၏ ကိုယ်စိတ်နှစ်ပါးကို စောင့်ထိန်းခြင်းသည်
မြတ်သောမင်္ဂလာမည်၏။

မိုးရွာသွန်းမှု

၂-၈-၂၀၁၄

ဂွ	၁၀ ဒသမ ၀၈ လက်မ
ပူတာအို	၇ ဒသမ ၁၃ လက်မ
ပုသိမ်	၆ ဒသမ ၆၉ လက်မ
သံတွဲ	၅ ဒသမ ၉၄ လက်မ
ရေး	၅ ဒသမ ၄၄ လက်မ
ဖျာပုံ	၅ ဒသမ ၁၂ လက်မ

မူးယစ်ဆေးဝါး ပပျောက်ချုပ်ငြိမ်းရေးအတွက် နှစ်နိုင်ငံအလေးထားပူးပေါင်းဆောင်ရွက်ရေး မှာကြားဆွေးနွေး

နေပြည်တော် ဩဂုတ် ၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ညနေ ၄ နာရီခွဲတွင် ဇေယျာသီရိ ဗိမာန် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံတွင် လက်ခံကျင်းပသည့် (၂၈)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ (Regional Border Committee-RBC)အစည်းအဝေးသို့တက်ရောက်ခဲ့ကြသော ထိုင်းဘုရင့်တပ်မတော်မှ အမှတ်(၃)စစ်တိုင်းမှူး Lieutenant General Preecha Jan-O-Cha ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်တို့တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်အမှတ်(၃) စစ်တိုင်းမှူးနှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူး Colonel Salawin Uttarak တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

တောင်ပြုံး မင်းနှစ်ပါးပွဲတော် နွှဲပျော်ကြလေပြီ

မန္တလေး ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ တောင်ပြုံးဆုတောင်းပြည့်၊ ဆုတောင်းရ မြတ်စွာဘုရားပွဲတော်နှင့် တောင်ပြုံး အရှင်နှစ်ပါးပွဲတော်ကို ဩဂုတ် ၃ ရက်မှစတင်၍ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

တောင်ပြုံးပွဲတော်ကြီးကို မြန်မာပြည်အနှံ့အပြားမှပြည်သူများ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် လာရောက်ကြသဖြင့် အထက်မြန်မာပြည်တွင် အစည်ကားဆုံး ပွဲတော်ဖြစ်သည်နှင့်အညီ ဒေသထွက်လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချကြမည့်ဆိုင်ခန်းများနှင့်အတူ ဖျော်ဖြေရေးဇာတ်ရုံကြီးများကလည်း အားဖြည့်ဝန်းရံထားသဖြင့် နှစ်စဉ်တိုးမပေါက်လောက်အောင် စည်ကားလျက်ရှိသော ပွဲတော်ကြီးဖြစ်သည်။

“တောင်ပြုံးပွဲကို မန္တလေးမြို့သစ်ကနေ လာရောက်ဈေးရောင်းတာပါ။ အမဲအူပြုတ်နှင့် အသုပ်စုံရောင်းတယ်။ ပွဲတော်မစခင်ကတည်းက စည်ကားနေတာ၊ ပွဲတော်ပြီးသွားတဲ့ရက်တောင် လူကမပြတ်သေးဘူး။ ဈေးလည်း ရောင်းကောင်းတယ်၊ ပျော်လည်းပျော်ပါတယ်” ဟု ဈေးရောင်းချသူတစ်ဦးက ပြောသည်။

နတ်ကတော် တစ်ဦးကလည်း “ဒီနှစ်က ဆိုင်ခန်းခတွေ ဈေးတက်သွားတဲ့အတွက် အခက်အခဲတော့

စာမျက်နှာ ၃ ကော်လံ ၆ သို့ ❖

အဆင့်မြင့်အိမ်ရာစီမံကိန်း Dagon City 1 ဦးထောင်ဘိုအဝိုင်းအနီးတွင် အကောင်အထည်ဖော်မည်

ရန်ကုန် ဩဂုတ် ၂

နိုင်ငံတကာတွင် အိမ်ခြံမြေ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် အဖွဲ့အစည်းဖြစ်သည့် Marga Landmark Development Company Limited သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဖြစ်ပြီး ပထမတန်းစားအဆင့်မြင့်အိမ်ရာစီမံကိန်းကို ရန်ကုန်မြို့ ဦးထောင်ဘိုအဝိုင်းအနီးယခင် အမှတ်(၁) မော်တော်ယာဉ်ဝင်းနေရာ မြေ ၂၂ဧက အကျယ်ရှိသောမြေနေရာတွင် Dagon City 1 အမည်ဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

Dagon City 1 စီမံကိန်းကို နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ ဖန်တီးထားသော အဆင့်မြင့်ဒီဇိုင်းဖြင့် ပုံဖော်တည်ဆောက်သွားမည်ဖြစ်ပြီး ရေရှည်တည်တံ့သော နေထိုင်မှုစနစ်ကို အခြေပြုထားကြောင်း၊ အဆင့်မြင့် mixed-use development ဖြစ်ကြောင်း Marga Landmark မှ မြန်မာနိုင်ငံတွင် ရေရှည်လုပ်ဆောင်မည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား ထုတ်ပြန်ပွဲ One night in Dagon ပွဲနှင့် သရုပ်ဆောင် အကယ်ဒမီ အိန္ဒြာကျော်ဇင်အား Myanmar Ambassador အဖြစ် ခန့်အပ်ပွဲတွင် သတင်းထုတ်ပြန်ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၆ သို့ ❍

မာ တိ ကာ

နိုင်ငံပိုင်နယ်နိမိတ်နဲ့ ပတ်သက်ပြီး မြေတစ်လက်မမျှ မဆုံးရှုံးအောင် အလေးထားဆောင်ရွက်နေ

အင်တာဗျူး

စာမျက်နှာ » ၇

ဝေန်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃၅ စင်တီမီတာ ၁ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(ကြေးမုံ)

ကြေးမုံစာတည်းရှုထောင့် ၃-၈-၂၀၁၄ [တနင်္ဂနွေနေ့]

လူငယ်နှင့် အနာဂတ်

ယနေ့ခေတ်ကြီးတွင် အရာရာတိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်နေသကဲ့သို့ အသစ်အသစ်သော နည်းပညာများ၊ အတတ်ပညာများမှာလည်း စဉ်ဆက်မပြတ်တိုးတက်လျက်ရှိသည်။ ထိုကဲ့သို့ ကမ္ဘာကြီး ခေတ်မီဖွံ့ဖြိုးလာသည်နှင့်အမျှ ယနေ့လူငယ်များ၏ အရည်အသွေးမှာလည်း တစ်ဦးတစ်ယောက်ချင်းသာမက လူငယ်အားလုံး ပြည့်ဝနေရန်လိုအပ်ပေသည်။ အထူးသဖြင့် မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ လျှောက်လှမ်းနေချိန်ဖြစ်ရာ လူငယ်များ၏ ကိုယ်စွမ်း ဉာဏ်စွမ်း ထက်မြက်နေရန် များစွာအရေးကြီးလှသည်။

မိမိတို့နိုင်ငံသည် သဘာဝသစ်တောသယံဇာတများ ပေါကြွယ်ဝသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် သင့်တင့်စွာရှိသော်လည်း အရည်အချင်းပြည့်ဝရန် အဓိကလိုအပ်ကြောင်း အခြေခံတွက်ချက်နိုင်သည်။ လူ့စွမ်းအားအရင်းအမြစ်များကြွယ်ဝသကဲ့သို့ လူသားများ အရည်အချင်းတိုးတက်မြင့်မားစေရန် လူငယ်များ၏ကဏ္ဍသည် များစွာအရေးကြီးသည်။ လူငယ်လူရွယ်များ၏ အသိပညာ၊ အတတ်ပညာများ အစဉ်တိုးတက်နေစေရန် မြှင့်တင်ဆောင်ရွက်သွားကြရမည်။ သို့မှသာ လူငယ်များ၏စွမ်းအားဖြင့် လူမှုအသိုက်အဝန်းတစ်ရပ် ထူထောင်ပြီး နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေ သန်း ၆၀ ကျော် နေထိုင်သည့်အနက် ၁၆ သန်းမှာ လူငယ်လူရွယ်များဖြစ်သည်။ နိုင်ငံ၏ အခြေခံအုတ်မြစ်ကောင်းများ တည်ဆောက်နိုင်ရန် ပညာရေးအဆင့်အတန်းကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ပညာရေးကိုအခြေခံ၍ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးပေးလုပ်ဆောင်နေသကဲ့သို့ လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်းဖန်တီးပေးလျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် လူငယ်လူရွယ်များ၏ အရည်အချင်းကို မြှင့်တင်ရာရောက်သကဲ့သို့ ယုံကြည်မှုများလည်း ရှိလာမည်ဖြစ်သည်။ ထို့ပြင် လေလွင့်လူငယ်များကိုလည်း ထိန်းသိမ်းပေးရာ ရောက်မည်ဖြစ်သည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့က "လူငယ်အရေး အလေးပေးကာ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ပါ"ဟူ၍ လူငယ်များ၏အရေးကို ရှေးရှု၍ ယင်းဆောင်ပုဒ်ကို ရွေးချယ်ထုတ်ပြန်ပေးခဲ့သည်။ စိုက်ပျိုးစသစ်ပင်ကို ရှင်သန်ကြီးထွားစေရန် မြေဆီသြဇာများကျွေးကာ စိုက်ပျိုးကြရပြီး ကြီးထွားလာသော သစ်ပင်တစ်ပင်သည် ငှက်တစ်သောင်း နားခိုနိုင်သကဲ့သို့ သန်း ၆၀ ကျော်သော ပြည်သူများအနက် ၁၆ သန်းသော လူငယ်လူရွယ်များ၏ စွမ်းပကားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ အချိန်တိုအတွင်း ရောက်ရှိလျှောက်လှမ်းနိုင်စေရန် လူငယ်များ၏ အသိပညာ၊ အတတ်ပညာ အာဟာရများကို အပြည့်အဝ ရင်းနှီးမြှုပ်နှံသွားကြရမည်ဖြစ်သည်။

လူငယ်များဘက်ကလည်း အခွင့်အခါကောင်းနေသော တိုးတက်နေသည့် အိုင်တီနည်းပညာခေတ်ကြီးတွင် အသိပညာ၊ အတတ်ပညာများကို အစဉ်ဆည်းပူးသင်ယူနေကြရမည်ဖြစ်သည်။ မိမိတို့၏ ဉာဏ်ရည် ဉာဏ်သွေးများဖြင့် တီထွင်ဖန်တီးမှုများ၊ စူးစမ်းရှာဖွေမှုများပြုလုပ်၍ မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ ရောက်ရှိရန် လူငယ်လူရွယ်များ၏ စွမ်းပကားဖြင့် တည်ဆောက်ကြရမည်ဖြစ်သည်။ လူငယ်တစ်ဦးတစ်ယောက်ချင်းစီက ကာယ၊ ဉာဏ၊ ဝီရိယများဖြင့် အစဉ်စိုက်ထုတ် လုပ်ဆောင်နေကြမည်ဆိုလျှင် လူငယ်တစ်ဦးမှသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာမည်ဖြစ်သည်။

တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်နေချိန်တွင် နိုင်ငံတော်က လူငယ်များ၏ကဏ္ဍကိုတိုးမြှင့်ပံ့ပိုးပေးနေသကဲ့သို့ လူငယ်လူရွယ်များကလည်း ကာယ၊ ဉာဏ၊ ဝီရိယများဖြင့် အစဉ်စိုက်ထုတ်ပြီး ကိုယ်ရည် ကိုယ်သွေးမြှင့်တင်မှုလုပ်ငန်းများကို လုပ်ဆောင်သွားကြမည်ဆိုလျှင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်နိုင်မည်ဟု ကြေးမုံက ယုံကြည်မိပါသည်။ ။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စည်းဝေး

နေပြည်တော် ဩဂုတ် ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ သစ်သီးဝလံသန့်စင်စက်ရုံ ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေး၌ အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသည့် တောင်သူလယ်သမားများ၏ လယ်ယာကဏ္ဍကို ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် ဖြစ်သော ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လျင်လျင်မြန်မြန်လက်တွေ့အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

ယနေ့ဈေးကွက်စီးပွားရေးကာလတွင် မိမိတို့စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် ဈေးကွက်၊ အရည်အသွေး၊ ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းနှင့် ဈေးကွက်တွင်အလုံအလောက် ထုတ်လုပ်ပေးပြီး ခိုင်မာသောဈေးကွက်နေရာ ရရှိအောင် တည်ဆောက်ထားရန် လိုအပ်ချက်ကို အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ပေးခြင်းအပါအဝင် ထွက်ရှိလာသော လယ်ယာထွက်ကုန်များကို ဈေးကွက်နှင့် ချိတ်ဆက်ပေးနိုင်မှသာလျှင် တောင်သူများအတွက် ပုံမှန်ဝင်ငွေနှင့် အကျိုးအမြတ်ပိုမိုရရှိစေမည့် စိတ်ချရသည့် အနာဂတ်အလားအလာများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများအနေဖြင့် မျိုးစေ့နှင့်နည်းပညာကို ဖြန့်ဖြူးပေးကြရန်အသင့်ရှိနေသကဲ့သို့ ဒေသတာဝန်ရှိသူများနှင့် တောင်သူများအနေဖြင့် စိုက်ပျိုးရာသီ တစ်ရာသီပြီးတစ်ရာသီ လုပ်ဆောင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများက နေပြည်တော် ရှစ်မြို့နယ်နှင့် ကျေးရွာများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် ဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်းပြသထားသည့် ကန်စွန်းဥများ၊ ပိန်းဥများ၊ နဂါးမောက်သီးများ၊ သရက်သီးများ၊ ကညွတ်သီးနှံများ၊ ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များ၊ ခေတ်မီစက်ကြီးဖြင့် ကဏ္ဍအလိုက် သန့်စင်ထုပ်ပိုးနေမှုများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ ဧက ၄၄၀ စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးရန် ပြင်ဆင်ထားရှိမှုနှင့် ပျိုးထောင်ထားမှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် တောင်သူပညာပေးစိုက်ခင်းရှိ ကန်စွန်းဥစိုက်ခင်း၊ ကညွတ်စိုက်ခင်း၊ ကန်စွန်းစိုက်ခင်း၊ ပိန်းဥစိုက်ခင်း၊ ရွှေတောင်(၈)နှင့် ငွေချည်(၉) ချည်မျှင်ရှည် ဝါဂွမ်းစိုက်ခင်း၊ ကြံစိုက်ခင်းနှင့် စပ်မျိုးရုံးပတီသီးစိုက်ခင်းတို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးနဲ ဩဂုတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး ခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးတို့သည် မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စု နားခံကျေးရွာမှ မေလအတွင်း လေပြင်းတိုက်ခတ်မှုဒဏ်ကြောင့်ပြိုကျပျက်စီးသွားခဲ့သော မိုးနဲမြို့နယ် နားခံ အခြေခံပညာ အထက်တန်းကျောင်းခွဲရှိ စာသင်ကျောင်းဆောင်များကို ပြန်လည်ပြုပြင်ပြီးစီးနေမှုကို ဇူလိုင် ၂၈ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကျောင်းဆောင်များကို နိုင်ငံတော်အစိုးရက ပံ့ပိုးငွေကျပ် ၄၅ သိန်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ် ရှစ်သိန်း စုစုပေါင်းငွေကျပ်၅၃ သိန်းဖြင့် ကျေးရွာတာဝန်ရှိသူများက ပြန်လည် ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

၎င်းကျောင်းဆောင်သစ်များ ပြီးစီးသွားပါက ကျောင်းသား ကျောင်းသူများ ပြန်လည်ရွှေ့ပြောင်း ပညာသင်ကြားစေရေးနှင့် သောက်သုံးရေသန့်အတွက် ရေတွင်းတူးဖော်နိုင်ရေးတို့ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ပြိုကျပျက်စီးသွားသည့် ကျောင်းဆောင်သစ်အား နိုင်ငံတော်အစိုးရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ချက်ချင်းစီမံဆောင်ရွက်ပေးမှုနှင့် ကျေးရွာပြည်သူလူထုတို့မှ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် ပညာသင်လျက်ရှိသော ကလေးများအားလုံးအတွက် အထူးပင်ဝမ်းမြောက်ပျော်ရွှင်ဖြစ်ရပါကြောင်း၊ အဆိုပါ ကျောင်းအကျိုးတော်ဆောင်များနှင့် နားခံရွာသူရွာသားများက ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ဆောင်းနှင်းလတ်(ပြန်/ဆက်)

လေပြင်းတိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် စာသင်ကျောင်းဆောင် ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

မိတ္ထီလာမြို့ မြို့တွင်းဧရိယာအတွင်း ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် ဓာတ်တိုင်များရှိ ပျက်စီး လျှပ်စစ်မီးသီးများအား လျှပ်စစ်မီးသီးအသစ် ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းကို ဇူလိုင် ၃၁ ရက်က မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့နယ်စည်ပင်သာယာရေးတို့မှ ပူးပေါင်းဆောင်ရွက်ရာ သီရိမင်္ဂလာရပ်ကွက်အနီး အဝေးပြေးခရီးသည်တင်ယာဉ်ရပ်နားဝင်းလမ်းဆုံအနီးတွင် လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့မြင်ရစဉ်။ (၅၇၉)

ပြည်တွင်းရေးရာ

❒ ရှေ့ဖုံးမှ

တွေ့ဆုံပွဲတွင် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် မူးယစ်ဆေးဝါး ပပျောက်ချုပ်ငြိမ်းရေးအတွက် နှစ်နိုင်ငံအလေးထားပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် အထူးစီးပွားရေးဇုန်များဖွင့်လှစ်ရေးနှင့် သစ်တောများပူးပေါင်းစိုက်ပျိုးရေးဆိုင်ရာများ၊ အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်ကိစ္စရပ်များ တင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် အမှတ်(၃) စစ်တိုင်းမှူးနှင့်အဖွဲ့ဝင်များ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (မြဝတီ)

(၂၈)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးကျင်းပ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် အပြုသဘောတူ လက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၂၈)ကြိမ်မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာနယ်ခြားကော် မတီအစည်းအဝေးအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပုလဲသန္တာဟိုတယ်၌ ကျင်းပရာ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဒုတိယခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အမှတ်(၃)စစ်တိုင်းမှူး Lt.Gen. Preecha Jan-O-Cha နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Preecha Jan-O-Cha တို့က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

မြန်မာ-ထိုင်း ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (မြဝတီ)

ယင်းနောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်သန်းထွဋ်သိန်း၊ ထိုင်းကိုယ်စားလှယ်အဖွဲ့အတွင်းရေးမှူး Maj. Gen. Thana Charuwat နှင့် မြန်မာ-ထိုင်းဒေသဆိုင်ရာ ကော်မတီအဖွဲ့ဝင်များက (၂၇)ကြိမ်မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးမှတ်တမ်းအား ပြန်လည်သုံးသပ်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသတွင် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ပူးပေါင်း နှိမ်နင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသဆိုင်ရာကိစ္စရပ်များအား ကဏ္ဍအလိုက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး ဒုတိယနေ့ကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီတွင် အဆိုပါဟိုတယ်၌ ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် (၂၈)ကြိမ်မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးကျင်းပမည့်ရက်နှင့် နေရာတို့ကိုသတ်မှတ်၍ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Preecha Jan-O- Cha တို့က (၂၈)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသဘောတူညီချက်အား အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် မြန်မာ-ထိုင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နှစ်နိုင်ငံအထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန်ပေးအပ်ကြပြီး အမှာစကားပြောကြားကာ အစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

■

❍ အဆင့်မြင့်အိမ်ရာမှ

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီး၊ သံတမန်များနှင့် Marga Landmark မှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။ Marga Landmark အနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် အဆိုပြုရန် နှစ်စဉ်ရရှိထားသော အမြတ်ငွေ နှစ်ရာခိုင်နှုန်းကို အသုံးပြုသွားမည်ဟု အဆိုပါ အခမ်းအနားတွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆင့်မြင့် စီမံကိန်းများကို အကောင်အထည်ဖော်သွားမည့် Marga Landmark သည် ဟောင်ကောင်၊ ကိုရီးယား၊ အင်္ဂလန်မှ ရင်းနှီးမြှုပ်နှံသူများ ပါဝင်သော Global Syndicate Marga Group နှင့်မြန်မာနိုင်ငံမှ သုခရတနာကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု ဖြစ်ကြောင်း သိရသည်။

Dagon City 1 တွင် Beanded ဈေးဆိုင်ခန်းများ၊ ခေတ်မီရုံးခန်းများ၊ ကြယ်ငါးပွင့်ဟိုတယ်နှင့် အဆင့်မြင့်အိမ်ရာများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်း-ဝဝ၁)

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

❖ တောင်ပြုံးမှ

ဖြစ်သွားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီပွဲတော်ကြီးကို အစဉ်အလာမပျက် မရောက်ရောက်အောင်လာရတယ်” ဟု ပြောကြားသည်။

အဆိုပါတောင်ပြုံးပွဲတော်ကြီးကို နှစ်ပေါင်းကြာမြင့်စွာ နှစ်စဉ်ကျင်းပလာခဲ့သော်လည်း ပွဲတော်သို့သွားလာသည့် လမ်းများမှာ ကောင်းမွန်မှုမရှိသောကြောင့် အခက်အခဲများစွာဖြင့် သွားလာနေရကြောင်းနှင့် မင်းနှစ်ပါးပွဲတော်ကို ဩဂုတ် ၃ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



ရုရှားနှင့် ဆက်ဆံရေး ပြန်လည်သုံးသပ်ရန် ဗြိတိန်ဝန်ကြီးချုပ် တောင်းဆို

လန်ဒန် ဩဂုတ် ၂

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) ကို ရန်သူဟူ၍ ရှုမြင်နေသော ရုရှားနိုင်ငံနှင့် ကာလရှည်ဆက်ဆံရေးကို ပြန်လည်သုံးသပ်ရန် နေတိုးအနေဖြင့် လိုအပ်နေပြီဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ယနေ့ သတိပေးလိုက်သည်။

နေတိုး၏ လျှပ်တစ်ပြက်တုံ့ပြန်တိုက်ခိုက်ရေးတပ်ဖွဲ့ကို တွေ့ရစဉ်။

ယူကရိန်းနိုင်ငံအတွင်း၌ ရုရှားနိုင်ငံ၏ တရားမဝင်လှုပ်ရှားမှုများကြောင့် ဥရောပအရှေ့ပိုင်းတွင် နေတိုးကအင်အားတောင့်တင်းမှုရှိနေရမည်ဟု ၎င်းကပြောသည်။

သတင်းပါးရမည်

ယူကေထိပ်သီးဆွေးနွေးပွဲမတိုင်မီ နေတိုးခေါင်းဆောင်များသို့ စာရေးသားပေးပို့ရာတွင် နေတိုးသည်လည်းကောင်း၊ နေတိုးအဖွဲ့ဝင်တို့သည်လည်းကောင်း ခြိမ်းခြောက်ခံမည်မဟုတ်ကြောင်းကို ရုရှားသိစေရန်သတင်းပါးရမည်ဟု ဖော်ပြထားသည်။

ကင်မရွန်းအဆိုပြုထားသည့် အစီအစဉ်တွင် စစ်ရေးလေ့ကျင့်မှု အစီအစဉ်တစ်ရပ်လည်း ပါဝင်သည်။ နေတိုးက ရုရှားကို လုပ်ဖော်ကိုင်ဖက်တစ်ဦး ဖြစ်လာစေရန် အမြဲတစေ ကြိုးပမ်းနေစဉ်မှာပင် ရုရှားက နေတိုးကို ရန်သူတစ်ဦးအဖြစ် ရှုမြင်နေသည်မှာ ရှင်းလင်းပါသည်ဟုဆိုသည်။

အဆင်သင့်ရှိရမည်

ကင်မရွန်းက စစ်လက်နက်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို အဓိကနေရာများတွင် အဆင်သင့်ရှိနေရမည်ဟုပြောပြီး နေတိုးလျှပ်တစ်ပြက် တုံ့ပြန်တိုက်ခိုက်ရေးတပ်ဖွဲ့ကိုလည်း အင်အားဖြည့်တင်းရန် တောင်းဆိုခဲ့သည်။

နေတိုးအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံကို ရုရှားက တိုက်ခိုက်လာနိုင်ခြင်းအတွက် နေတိုး၏ ပြင်ဆင်ထားမှုသည် အားနည်းကြောင်း ကာကွယ်ရေးကောင်စီ၏ သတိပေးချက်ထွက်ပေါ်လာပြီးသည့်နောက် ရက်ပိုင်းအတွင်းမှာပင် ကင်မရွန်း၏စာ ထွက်ပေါ်လာခြင်းဖြစ်သည်။ **ရိုက်တာ။**

ခတ္တမန္ဒူအနီး၌ မြေပြိုမှုကြီးဖြစ်ပွား ခြောက်ဦးသေဆုံး

ခတ္တမန္ဒူ ဩဂုတ် ၂

နီပေါနိုင်ငံတွင် ဩဂုတ် ၂ရက်က အင်အားပြင်းထန်သော မြေပြိုမှုကြီးတစ်ခု ဖြစ်ပွားခဲ့ရာ လူနေအိမ်အလုံးရေ ဒါဇင်ပေါင်းများစွာ မြေအောက်၌ နစ်မြုပ်ခဲ့ရကြောင်း၊ ခြောက်ဦးသေဆုံးပြီး လူအများအပြား ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

မြေပြိုမှုကြောင့် နီပေါနိုင်ငံ မြို့တော် ခတ္တမန္ဒူအရှေ့ဘက်ရှိ ဆန်ခိုရှီမြစ်ရေစီးဆင်းမှုကို ပိတ်ဆို့သွားခဲ့ပြီး ဒေသခံလူထောင်ပေါင်းများစွာကို နေအိမ်များမှ ပြောင်းရွှေ့စေကာ မြေမြင့်ရာအရပ်များသို့ ပို့ဆောင် ပေးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

မြေပြိုမှုကြောင့် ရေစီးကြောင်း ပိတ်နေသော အဆိုပါမြစ်၏ ရေစီးကြောင်းကို ပုံမှန် ပြန်လည်စီးဆင်းနိုင်ရေးအတွက် နီပေါတပ်မတော်မှ ကျွမ်းကျင်သူများအား စေလွှတ်ဆောင်ရွက်စေမည်ဟု နီပေါအစိုးရတာဝန်ရှိသူက ပြောကြားသည်။

မြေပြိုမှုဖြစ်ပွားသော ဆင်ဒူပယ်ချဝပ်ခရိုင်၌ ကယ်ဆယ်ရေးလုပ်ငန်းများ အဆက်မပြတ် လုပ်ဆောင်နေပြီး ယင်းဖြစ်ရပ်ကြောင့် သေဆုံးသူဦးရေ တိုးမြင့်လာမည်ကို စိုးရိမ်နေရသည်။ ယင်းခရိုင်သည် နီပေါနိုင်ငံ မြို့တော် ခတ္တမန္ဒူအရှေ့ဘက် ကီလိုမီတာ ၁၂၀ (၇၅မိုင်) အကွာတွင် ရှိသည်။

နီပေါရဲတပ်ဖွဲ့ဝင်များနှင့် စစ်ဘက်တပ်ဖွဲ့ဝင်များက ပျောက်ဆုံးနေသူများအား ရှာဖွေလျက်ရှိပြီး မြစ်ကမ်းနံဘေးနေသူ ရွာသားများအား ဘေးလွတ်ရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ယင်းမြေပြိုမှု၌ ပျောက်ဆုံးသူဦးရေ ဒါဇင်များစွာရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နီပေါနိုင်ငံမှ တိဘက်သို့ ဆက်သွယ်ထားသည့် ဆာနီကိုအဝေးပြေးလမ်းမကိုလည်း ပိတ်ထားပြီး ယင်းဒေသအား ရေဘေးအန္တရာယ် ကျရောက်သောဇုန်အဖြစ် နီပေါအစိုးရက ထုတ်ပြန်ကြေညာထားသည်။

နီပေါနိုင်ငံတွင် ဇွန်လမှ စက်တင်ဘာလအထိ မုတ်သုံရာသီတွင် နှစ်စဉ်မြေပြိုမှုများဖြစ်ပွားလေ့ရှိပြီး ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကြောင့် လူဒါဇင်ပေါင်းများစွာ သေဆုံးရလေ့ရှိသည်။ **ဘီဘီစီ။**

ဒုံးလက်နက်ကာကွယ်ရေး အစ္စရေးနိုင်ငံအား အမေရိကန် ကူညီမည်

ဝါရှင်တန် ဩဂုတ် ၂

အစ္စရေးနိုင်ငံ၏သံမဏိလိပ်ခုံးဟု အမည်ပေးထားသော ဒုံးလက်နက်ကာကွယ်ရေးစနစ်အတွက် ရန်ပုံငွေဒေါ်လာ ၂၂၅ သန်းထောက်ပံ့ပေးရန် အမေရိကန်ကွန်ဂရက်လွှတ်တော်က ဩဂုတ် ၁ ရက်တွင် အတည်ပြုပေးလိုက်ပြီဖြစ်သည်။

အမေရိကန်အောက်လွှတ်တော်ကအစ္စရေးနိုင်ငံ၏ ဒုံးခွင်းဒုံးကာကွယ်ရေးအစီအစဉ်အတွက် ရန်ပုံငွေထောက်ပံ့ပေးရန် ထောက်ခံမဲ ၃၉၅ မဲ၊ ကန့်ကွက်မဲရှစ်မဲဖြင့် အတည်ပြုပေးလိုက်ခြင်းဖြစ်သည်။ အမေရိကန် အထက်လွှတ်တော်ကလည်း ယင်းအစီအစဉ်နှင့်ပတ်သက်၍ မဲခွဲဆုံးဖြတ်ခဲ့ပြီး ထောက်ခံမဲရရှိကာ အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။ သမ္မတဘာရက်အိုဘားမားသည် လွှတ်တော်နှစ်ရပ်၏ အတည်ပြုချက်များရရှိပြီးနောက် လက်မှတ်ရေးထိုးထုတ်ပြန်ပေးမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ အရေးပေါ်အသုံးစရိတ်ရန်ပုံငွေမှ ကျခံမည့်ငွေကြေးကို သုံးစွဲကာ အစ္စရေးနိုင်ငံ၏ ဒုံးလက်နက် ကာကွယ်ရေးစနစ်အတွက် ကြားဖြတ်ဟန့်တားရေးဒုံးလက်နက်များကို တပ်ဆင်ပေးနိုင်မည်ဖြစ်သည်။ **ရိုက်တာ။**

အကြမ်းဖက်မှုများ ဆိုးရွားပြင်းထန်လာ လစ်ဗျားရှိ ဗြိတိန်သံရုံး လုပ်ငန်းများ ရပ်ဆိုင်း

ဘေရွတ် ဩဂုတ် ၂

လစ်ဗျားနိုင်ငံတွင် အကြမ်းဖက်မှုများ ဆိုးရွားပြင်းထန်လာခြင်းကြောင့် မြို့တော်ထရီပိုလီရှိ ဗြိတိန်သံရုံးကို ယာယီပိတ်ထားလိုက်ရကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဇူလိုင် ၂၈ရက်က မြို့တော် ထရီပိုလီလေဆိပ်အနီး၌ ရေနံသိုလှောင်ရုံ မီးလောင်ရာမှ မီးခိုးလုံးများ ပေါ်ထွက်လာသည်ကို တွေ့ရစဉ်။

လစ်ဗျားနိုင်ငံတွင်းရှိ ဗြိတိန်နိုင်ငံသားများ အလျင်အမြန်ပြန်လည်ထွက်ခွာကြရန် နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းထားပြီး ကောင်စစ်ရေးရာ အထောက်အပံ့လုပ်ငန်းများ လာမည့်တနင်္လာနေ့ (ဩဂုတ် ၄ရက်)မှ စ၍ ပြုလုပ်ပေးနိုင်ဖွယ် မရှိတော့ကြောင်း ပြောကြားသည်။

လတ်တလောဖြစ်ပွားနေသည့် အခြေအနေမှာ အလွန်ဝမ်းနည်းဖွယ်ကောင်းကြောင်း လစ်ဗျားနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်က ပြောကြားခဲ့ပြီး လုံခြုံရေးအခြေအနေ ပြန်လည်ကောင်းမွန်လာပါက သံရုံးဝန်ထမ်းများ ပြန်လာနိုင်လိမ့်မည်ဟုလည်း ပြောကြားသည်။

လစ်ဗျားနိုင်ငံတွင်းမှ ဗြိတိန်နိုင်ငံသားများ ပြန်လည်ထွက်ခွာနိုင်ရေးအတွက် ကူညီရေးအစီအစဉ်များကို လုပ်ဆောင်နေပြီဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သော လူထုအုံကြွမှုနောက်ပိုင်း တည်ငြိမ်မှု ကင်းမဲ့နေသည့် လစ်ဗျားနိုင်ငံတွင် ပြိုင်ဘက်ပြည်သူ့စစ်အုပ်စုများအကြား ပြင်းပြင်းထန်ထန် တိုက်ခိုက်လျက်ရှိကြသည်။

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်းက လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီနှင့် ဘင်ဂါဇီမြို့များ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် လူ ၂၀၀ ကျော်သေဆုံးခဲ့ရသည်။ **ဘီဘီစီ။**

တရုတ်နိုင်ငံအရှေ့ပိုင်း၌ စက်ရုံတစ်ရုံ ပေါက်ကွဲမှုဖြစ်ပွား၊ ၆၈ ဦးထက်မနည်းသေဆုံးပြီး ၁၈၇ ဦး ဒဏ်ရာရ

ပေကျင်း ဩဂုတ် ၂

တရုတ်နိုင်ငံ အရှေ့ပိုင်းဒေသရှိ စက်ရုံတစ်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားရာ ၆၈ ဦးထက်မနည်းသေဆုံးကြောင်း နိုင်ငံပိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။

စက်ရုံပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများကို တွေ့ရစဉ်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ် ကွန်ရှန်းမြို့ရှိ စက်ရုံပေါက်ကွဲမှုတွင် ထိခိုက်ဒဏ်ရာရသူဦးရေ ၁၈၇ ဦး ရှိကြောင်း၊ အဆိုပါစက်ရုံကို ဇောင်ရွန်းသတ္တုရေစိမ်လုပ်ငန်းက ပိုင်ဆိုင်ကြောင်း စီစီတီဗွီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ စက်ရုံတွင်းမှ ကားဘီးခွေများအရောင်တင်သည့် အလုပ်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ချိန်တွင် အဆိုပါ အလုပ်ရုံ၌ အလုပ်သမား ၂၀၀ ကျော်ရှိနေသည်ဟု သတင်းတွင် ဖော်ပြသည်။

ခန္ဓာကိုယ် မီးလောင်ခံထားရသည့်လူများ စက်ရုံဝင်းပြင်ပ မြေပြင်ပေါ်တွင် ထိုင်နေကြသည့်ပုံကို မှောင်မည်းသော မီးခိုးလုံးများ ဖုံးလွှမ်းနေသည့် စက်ရုံနောက်ခံဖြင့် အင်တာနက် အွန်လိုင်းတွင် ဖော်ပြထားသည်။

စက်ရုံပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်သားများကို စေလွှတ်ပေးခဲ့ပြီး စုံစမ်းစစ်ဆေးမှုကိုလည်း ပြုလုပ်နေပြီဖြစ်သည်။

အဆိုပါစက်ရုံ၌ ကားအပိုပစ္စည်းများ ထုတ်လုပ်နေပြီး လုပ်သားအင်အား ၄၅၀ ရှိသည်။ ၎င်း၏ ဖောက်သည်များထဲတွင် အမေရိကန်ပြည်ထောင်စုမှ ဂျင်နရယ်မော်တော်ကားကုမ္ပဏီကြီးလည်းပါဝင်သည်ဟု စီစီတီဗွီက ဖော်ပြသည်။ **ဘီဘီစီ။**

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

နေပြည်တော် ဩဂုတ် ၂

ဇူလိုင် ၂၃ ရက်တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးဇေယျာအောင်က မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

အဆိုပါ ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ၁၉၉၄ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၈/၂၀၁၃)ဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

အသစ်ပြဋ္ဌာန်းလိုက်တဲ့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအတွက် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုသာမက အခြားအခွင့်အလမ်းများကိုလည်း ထည့်သွင်းပြဋ္ဌာန်းပေးခဲ့ပါတယ်။

အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်နဲ့ စပ်လျဉ်း၍ ဥပဒေပုဒ်မ ၂၀ တွင် အချက် ၁၁ ချက်ဖြင့် ဖော်ပြထားကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အဓိကကျတဲ့အချက်များကတော့-

(က) ရင်းနှီးမြှုပ်နှံသူဟာ ကုန်ထုတ်လုပ်ငန်း (သို့မဟုတ်) ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု စီးပွားဖြစ်စတင်သောနှစ်အပါအဝင် တစ်ဆက်တည်းငါးနှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်။

(ခ) နိုင်ငံတော်မှအထူးလိုအပ်ချက်အရ ပြုလုပ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ကော်မရှင်မှ ထပ်မံသတ်မှတ်ပေးသည့်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်။

(ဂ) လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို တစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

(ဃ) ကုန်ထုတ်လုပ်ငန်းတစ်ခုခုက ထုတ်လုပ်တဲ့ပစ္စည်းကို ပြည်ပကို တင်ပို့ရောင်းချမယ်ဆိုရင် ရရှိသောအမြတ်ငွေပေါ်တွင် ၅၀ ရာခိုင်နှုန်းအထိ ဝင်ငွေခွန်သက်သာခွင့်။

(င) အမှန်တကယ်လိုအပ်၍ ဆောင်ရွက်သည့်လုပ်ငန်းဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှနုတ်ပယ်ခွင့်။

(စ) လုပ်ငန်းတွင် တစ်ဆက်တည်းနှစ်နှစ်အတွင်း အရှုံးပေါ်ပေါက်ပါက ပေါ်ပေါက်သည့်နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်။

(ဆ) တည်ဆောက်မှုကာလအတွင်း အမှန်တကယ်အသုံးပြုရန် လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

(ဇ) ဝင်ငွေခွန် စည်းကြပ်ရန် ကိစ္စအလို့ငှာ စက်ပစ္စည်း သို့မဟုတ် လုပ်ငန်းသုံးပစ္စည်းများအပေါ်မှာ ပစ္စည်းတန်ဖိုးလျှော့တွက်ငွေကို အမြတ်ငွေထဲမှနုတ်ပယ်ခွင့်။

(ဈ) တည်ဆောက်မှုပြီးစီး၍ ပထမသုံးနှစ်အတွက် တင်သွင်းတဲ့ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

(ည) ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ပြီး ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်းမှာ တင်သွင်းသော စက်ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

(ဋ) ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်သည့် ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

အဆိုပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခွင့်ပြုပေးရာမှ ရင်းနှီးမြှုပ်နှံသူအနေဖြင့် ကော်မရှင်မှခွင့်ပြုမိန့်ရရှိသည်နှင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်ငါးနှစ်ကိုခံစားခွင့်ရရှိမှာဖြစ်ပါသည်။ ကျန်ရှိသည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကိုမူ လုပ်ငန်းရှင်က အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ၊ အားလုံးကိုဖြစ်စေခံစားခွင့်ပြုရန် တင်ပြလျှောက်ထားလာခြင်းအပေါ်မှာ ကော်မရှင်က စိစစ်ခွင့်ပြုပေးရမှာဖြစ်ပါသည်။ ကော်မရှင်အနေဖြင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေတွင် နိုင်ငံသားများ၏ စီးပွားရေးလုပ်ငန်းများ ပိုမိုအကျိုးဖြစ်ထွန်းပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များက တင်ပြလျှောက်ထားလာမှုများကို တတ်နိုင်သမျှခံစားခွင့်ပြုပေးလျက်ရှိပါသည်။

အဆိုပါကင်းလွတ်ခွင့်နှင့်သက်သာခွင့်များအပြင် တင်ပြပါအခြားအခွင့်အလမ်းများကိုလည်း ခွင့်ပြုထားပါသည်-

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)အရ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့ဖြင့် ဖက်စပ်ဆောင်ရွက်ခွင့်ပြုခြင်း။

(ခ) ပုဒ်မခွဲ (ဂ)အရ Public Private Partnership(PPP) စနစ်ဖြင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း။

(ဂ) ပုဒ်မ ၉၊ ပုဒ်မခွဲ (က)အရ နိုင်ငံသားပိုင်တစ်ဦးချင်း အနေဖြင့်လည်းကောင်း၊ အစုအဖွဲ့အနေဖြင့်လည်းကောင်း လုပ်ငန်းများဆောင်ရွက်နိုင်သည့် အခြေအနေဖန်တီးပေးထားခြင်း။

(ဃ) ခွင့်ပြုသက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်း။

(င) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ) အရ စီးပွားရေးလုပ်ငန်းအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် မြေ၊ အဆောက်အအုံ၊ ရေ၊ ဆက်သွယ်ရေး၊ စွမ်းအင်တို့ရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ကူညီပံ့ပိုးမှုများရနိုင်ခွင့်ရှိခြင်း။

(စ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ) အရ စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုအကူအညီနှင့်နည်းပညာများကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ ဥပဒေနှင့်အညီရယူသုံးစွဲခွင့်ရှိခြင်း။

(ဆ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဃ)အရ မြေနှင့် အဆောက်အအုံတို့ကို တစ်ဆင့်ငှားရမ်းခြင်းနှင့်ပေါင်နှံခြင်း မဟုတ်ဘဲ အခြားတနည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ကော်မရှင်၏ခွင့်ပြုချက်ဖြင့်ပြုလုပ်ခွင့်ရှိခြင်း။

(ဇ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(င) အရ အစုရှယ်ယာအချို့ကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း၊ နိုင်ငံခြားသားတစ်ဦးဦး (သို့မဟုတ်) နိုင်ငံခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းရောင်းချနိုင်ခြင်း။

(ဈ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ)အရ နိုင်ငံသားများအနေဖြင့် နိုင်ငံခြားလုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ ဖက်စပ်လုပ်ငန်းဆောင်ရွက်နိုင်ခြင်း။

(ည) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဈ)အရ နိုင်ငံသားရင်းနှီးမြှုပ်နှံသူအနေဖြင့် မိမိတို့၏ အခွင့်အရေးများကို အပြည့်အဝရယူနိုင်ရန် ကော်မရှင်၏ အမိန့် (သို့မဟုတ်) ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် တင်ပြခွင့်ရှိခြင်း။

(ဋ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ည)အရ နိုင်ငံသားရင်းနှီးမြှုပ်နှံသူအနေဖြင့် မိမိတို့၏ နစ်နာမှုများနှင့် စပ်လျဉ်း၍ အရေးဆိုခွင့်ရှိခြင်း။

ထို့အပြင် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ည)အရလည်းကောင်း၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဋ)အရ လည်းကောင်း၊ ပုဒ်မ ၂၂ အရ လည်းကောင်း နိုင်ငံသားရင်းနှီးမြှုပ်နှံသူအတွက်၊ ပြည်တွင်းပြည်ပ ဘဏ်ချေးငွေများရယူနိုင်ရေးအတွက် အခွင့်အရေးများ၊ အာမခံချက်များ ပေးထားကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဤသို့ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊ အခွင့်အရေးများ၊ အာမခံချက်များအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေက ခွင့်ပြုထားသော်လည်း မြန်မာနိုင်ငံသားများအနေဖြင့် အဆိုပါ ဥပဒေကိုကျင့်သုံးကာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက်များတင်သွင်း၍ ခွင့်ပြုမိန့်ရယူဆောင်ရွက်ခြင်း နည်းပါးနေကြောင်း၊ ဤသို့ ခွင့်ပြုမိန့်ရယူဆောင်ရွက်ခြင်းမပြုသည့်အတွက် အထက်တွင် ရှင်းလင်းတင်ပြခဲ့သည့် အခွင့်အရေးများ ဆုံးရှုံးနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသားများအနေဖြင့် ကော်မရှင်၏ ခွင့်ပြုမိန့်ရယူဆောင်ရွက်မှု နည်းပါးနေကြောင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ စတင်အသက်ဝင်ခဲ့သည့် ၁၉၉၅-၁၉၉၆ ဘဏ္ဍာနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ လုပ်ငန်းနယ်ပယ်အလိုက် ကုမ္ပဏီမှတ်ပုံတင်ခဲ့သည့် အရေအတွက်နှင့် ကော်မရှင်မှ ခွင့်ပြုမိန့်ရယူဆောင်ရွက်သည့် အရေအတွက်တို့ကို တင်ပြပါဇယားဖြင့် နှိုင်းယှဉ်သုံးသပ်တင်ပြအပ်ပါသည်-

စဉ်	လုပ်ငန်း	ကုမ္ပဏီ မှတ်ပုံတင် အရေ အတွက်	ကော်မရှင် ခွင့်ပြုမိန့် ရယူအရေ အတွက်	ရာခိုင်နှုန်း
၁	စက်မှုလက်မှု/ထုတ်လုပ်မှု	၆၃၄၅	၇၄၀	၁၁. ၆၆
၂	ဆောက်လုပ်ရေး	၂၁၇၈	၅၇	၂. ၆၁
၃	ဝန်ဆောင်မှု	၄၃၈၅	၇၉	၁. ၈
၄	ဟိုတယ်	၂၀၆	၂၂	၁၀. ၆

၂၀၁၃-၂၀၁၄ ခုနှစ်မှာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရန်အတွက် ကုမ္ပဏီမှတ်ပုံတင်ရာတွင် လုပ်ငန်းအမျိုးအစား သတ်မှတ်ခြင်းမပြုဘဲ လွတ်လပ်စွာလုပ်ငန်းလုပ်ဆောင်ခွင့်ပြုခဲ့ရာ အဆိုပါနှစ်တွင် ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီစုစုပေါင်းမှာ ၆၁၀၃ ခုရှိသည့်အနက် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီအရေအတွက်မှာ ၆၈ ခုရှိတဲ့အတွက် စုစုပေါင်း ကုမ္ပဏီအရေအတွက်၏ ၁. ၁၁ ရာနှုန်းသာရှိခဲ့ရာ ပမာဏနည်းပါးသေးကြောင်း သုံးသပ်ရရှိပါသည်။

ထိုသို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို အသုံးပြုမှုနည်းပါးရခြင်း၏ အကြောင်းအရင်းများအနက် အဓိကအကြောင်းအရင်းမှာ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပြဋ္ဌာန်းထားရှိမှုကို သိရှိမှုအားနည်းခြင်းကြောင့်ဖြစ်ပြီး အခြားအကြောင်းများကတော့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ကျင့်သုံးနိုင်ကြောင်း သိရှိသော်လည်း ခွင့်ပြုမိန့်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ကောင်းစွာနားလည်သဘောပေါက်မှုမရှိခြင်းကြောင့် ဥပဒေအား ကျင့်သုံးဆောင်ရွက်လိုမှု မရှိခြင်း၊ အချို့သော လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို သိရှိသော်လည်း ကော်မရှင်သို့ အဆိုပြုလွှာတင်ပြရာတွင် ပူးတွဲတင်ပြရသည့် မြေပိုင်ဆိုင်မှုအထောက်အထား၊ ငွေကြေးခိုင်မာမှုအထောက်အထားစသည့် လိုအပ်သော အထောက်အထားများကို မတင်ပြလိုခြင်း၊ မတင်ပြနိုင်ခြင်းကြောင့် ကော်မရှင်သို့ဆက်သွယ်ဆောင်ရွက်မှုမပြုခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သို့ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို နိုင်ငံသားများ ကျယ်ပြန့်စွာသိရှိနားလည်စေရေးအတွက်လည်းကောင်း၊ ယင်းဥပဒေအရဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းများ၊ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ၊ ခံစားခွင့်ရှိသည့် အခွင့်အရေးများကို တိုင်းဒေသကြီး/ပြည်နယ်များမှ စီးပွားရေးလုပ်ငန်းရှင်များ သိရှိနားလည်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှဦးဆောင်၍ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သောအဖွဲ့သည် ၂၀၁၂ ခုနှစ် ဇွန်လမှ ၂၀၁၄ ခုနှစ်မေလအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၃ ခုတွင် တင်ပြပါဇယားအတိုင်း ၁၆ ကြိမ်သွားရောက်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

Congratulations and Warmly Welcome
The Grand Opening and Operation of
Ooredoo Myanmar Ltd.
In Yangon, Mandalay & Naypyitaw at 2nd August 2014
From : Merx Construction Management Pte., Ltd.
Dynamic Engineering and General Trading Co., Ltd.

ဆေးပညာသတင်းဆန်းများ (၇၁)

ဒေါက်တာကံညွန့်

ပထမဆုံးဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ငှက်ဖျားရောဂါကိုအမြစ်ဖြတ်ဖို့ နိုင်ငံတကာက သိပ္ပံပညာရှင်တွေ ပူးပေါင်းပြီး ဘယ်လိုဆောင်ရွက်နေကြတယ်ဆိုတဲ့ သတင်းပါ။ ဗြိတိန်နိုင်ငံ လန်ဒန် Imperial College က ပါမောက္ခ Dr. Andrea ဦးဆောင်တဲ့ ဗြိတိန်၊ အီတလီနှင့် အမေရိကန်နိုင်ငံက ဆေးသုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့က ငှက်ဖျားရောဂါကို အမြစ်ဖြတ်သုတ်သင်ဖို့ သုတေသနတစ်ခုပြုလုပ်ခဲ့ရာမှာ အောင်မြင်မှုတွေ့ခဲ့ရပြီလို့ဆိုပါတယ်။ သူတို့နည်းလမ်းကတော့ ငှက်ဖျားရောဂါကို အဓိကသယ်ဆောင်နိုင်တဲ့ Anopheles ခြင်မတွေကို မမွေးထုတ်နိုင်အောင်လုပ်တဲ့နည်းပါ။ Anopheles ခြင်အဖိုတွေရဲ့ သုက်ရေထဲမှာပါတဲ့ DNA ကိုပြောင်းလဲအောင်လုပ်ပြီး သူတို့နှင့်ဆက်ဆံလိုက်ရင် ခြင်မထပ်မမွေးနိုင်တော့ဘဲ ခြင်ဖိုတွေသာမွေးနိုင်တော့တဲ့ နည်းလမ်းဖြစ်ပါတယ်။ ဒီနည်းကို ဓာတ်ခွဲခန်းမှာ ပထမစမ်းသပ်လိုက်တဲ့အခါ ဒီနည်းနဲ့ စီမံထားတဲ့ ခြင်မတွေက ဥတဲ့ခြင်ကောင်တွေရဲ့ ၉၅ ရာခိုင်နှုန်းဟာ ခြင်အဖိုတွေပဲ ဖြစ်နေတာတွေ့ရတယ်လို့ ဆိုပါတယ်။ ဒီအကြောင်း ဗြိတိန်နိုင်ငံထုတ် British Scientific Journal of Nature မှာ ဖော်ပြထားတာပါ။

ခြင်အကြောင်း လေ့လာထားတဲ့ သီးခြားစာတမ်းတစ်စောင်မှာတော့ ခြင်အဖိုတွေဟာ ပန်းဝတ်ရည်ပန်းဝတ်မှုန်တွေကို စားသုံးတတ်ကြပြီး ခြင်အမတွေကသာ လူတွေရဲ့သွေးကို စားသုံးတတ်ကြတယ်လို့ဆိုပါတယ်။ လူထံက သွေးကို တစ်ခါစုပ်လိုက်ရုံနှင့် ခြင်ဥပေါင်း ၄၀၀ ခန့်ကို မွေးထုတ်နိုင်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ယခုနှစ် ဇွန် ၂၆ ရက်နေ့ဟာ နိုင်ငံတကာမူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဖြစ်ပါတယ်။ ၁၉၈၇ ခုနှစ်ကပဲ ဇွန် ၂၆ ရက်နေ့ကို ယခုလိုသတ်မှတ်ပြီး ကျင်းပခဲ့တာ ဒီနေ့မှာ (၂၇)ကြိမ်ရှိခဲ့ပါပြီ။ ဒီနှစ်အတွက် ဆောင်ပုဒ်ကတော့ "A message of hope, Drug use disorders are preventable and treatable" ဖြစ်ပါတယ်။ မြန်မာလိုကတော့ "မျှော်လင့်ချက်သတင်းစကား မူးယစ်ဆေးသုံးစွဲမှု ကာကွယ်ကုသရင်းတား" ဆိုတဲ့ အဓိပ္ပာယ်ပါ။ UNODC ရဲ့ အစီရင်ခံစာအရ ယခုနှစ်အတွင်း အာရှတိုက်မှာ မူးယစ်ထုတ်လုပ်မှုတိုးလာပြီး တစ်ကမ္ဘာလုံးထုတ်လုပ်မှုရဲ့ ၅၀ ရာခိုင်နှုန်းရှိနေတယ်လို့ ဆိုပါတယ်။ Ampletamine ထုတ်လုပ်ဖို့ ဓာတုပစ္စည်းတွေဟာလည်း နိုင်ငံအတော်များများမှာ အလွယ်တကူရနိုင်နေတယ်လို့ ဆိုပါတယ်။ တစ်ကမ္ဘာလုံးမှာ Ampletamine သုံးစွဲသူ ၂၀၀၈ ခုနှစ်က ၃၂ သန်းသာရှိခဲ့ပြီး ၂၀၁၂ ခုနှစ်မှာတော့ သန်း ၂၃၀ ထိ ရှိနေတယ်လို့ ဆိုပါတယ်။ တစ်ကမ္ဘာလုံးအနေနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုအခြေအနေကိုကြည့်ရင် အသက် (၁၈)နှစ်ကနေ (၆၅)နှစ်အတွင်း လူဦးရေအားလုံးရဲ့ ငါးရာခိုင်နှုန်းဟာ မူးယစ်ဆေးဝါးသုံးစွဲနေကြပြီ။ ဒီအရေအတွက်ဟာ လူဦးရေ ၂၄၃ သန်းကျော်ရှိပြီး တစ်နှစ်မှာ လူဦးရေ နှစ်သန်းကျော်သေဆုံးနေရတယ်လို့ဆိုပါတယ်။ ဆက်သွယ်ရေးနည်းပညာတွေ တိုးတက်လာတာနဲ့အမျှ မူးယစ်ဆေးဝါးရောင်းဝယ်မှုကိုလည်း Internet Websites တွေက ပြုလုပ်နေကြတာကြောင့် ထိန်းချုပ်ဖို့ ခက်ခဲနေတယ်လို့ ဆိုပါတယ်။ မူးယစ်ဆေးဝါး အဓိကထုတ်လုပ်ရောင်းဝယ်နေကြတဲ့ နိုင်ငံတွေမှာလည်း တရားဥပဒေစိုးမိုးဖို့၊ လာဘ်ပေးလာဘ်ယူပပျောက်ဖို့၊ မူးယစ်ဆေးစိုက်ပျိုးသူတွေရဲ့ စီးပွားရေးကို တခြားနည်းလမ်းနဲ့ မြှင့်တင်ပေးဖို့လိုအပ်ကြောင်း တင်ပြထားတာကို ဖော်ပြလိုက်ရပါတယ်။

ယခုထပ်မံဖော်ပြလိုတဲ့ သတင်းကတော့ အရှေ့အလယ်ပိုင်းဒေသ အထူးသဖြင့် ဆော်ဒီအာရေဗျနိုင်ငံက စတင်ဖြစ်ပေါ်လာခဲ့တဲ့ MERS (Middle East Respiratory Syndrome) ရောဂါအကြောင်းပါ။ ဒီရောဂါဟာ NIAID ခေါ်တဲ့ National Institute for Allergy and Infectious Diseases အဖွဲ့ကြီးရဲ့ အဆိုအရ Corona Virus တစ်မျိုးကြောင့်ဖြစ်ရတာဆိုပြီး ရောဂါအမည်ကိုတောင် (MERS-COV) လို့ အမည်ပေးထားပါတယ်။ ဒီရောဂါဟာ ၂၀၁၃ ခုနှစ်က အာရှတိုက်မှာဖြစ်ပေါ်ခဲ့တဲ့ SARS ခေါ်တဲ့ Serve Acute Respiratory Syndrome ခေါ်တဲ့ ရောဂါနဲ့လည်း အသွင်သဏ္ဍာန်တူတယ်လို့ဆိုပါတယ်။ ဒါပေမယ့် ဒီ SARS ရောဂါကတော့ သေပျောက်နှုန်းနည်းပြီး ရောဂါဖြန့်တဲ့လူပေါင်း ၈၂၇၃ ဦးမှာ လူပေါင်း ၁၀၀ ကျော် ကိုးရာခိုင်နှုန်းပဲ သေဆုံးခဲ့တာဖြစ်ပါတယ်။

အခု MERS ရောဂါဟာ ၂၀၁၂ ခုနှစ်ကစ၍ ဆော်ဒီအာရေဗျနိုင်ငံမှာ စဖြစ်ခဲ့ပြီး လူပေါင်း ၈၀၀ ကျော်ကို ကူးစက်ခဲ့ကာ ၃၁၀ ကျော်သေဆုံးခဲ့ပြီးပါပြီ။ ဒီရောဂါဟာ မြင်းကတစ်ဆင့် လူကို ကူးစက်ခဲ့တယ်ဆိုတဲ့ အထောက်အထားကိုတော့ ဆော်ဒီနိုင်ငံမှာ တွေ့ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒီရောဂါဟာ ရောဂါပိုးဝင်ပြီး တစ်ပတ်မှ ၁၀ ရက်အတွင်း အပြင်းဖျားပြီး အသက်ရှူကျပ်ကာသေဆုံးရတဲ့ရောဂါဖြစ်ပါတယ်။ ယခုအခါ ဒီရောဂါဟာအရှေ့အလယ်ပိုင်းနိုင်ငံတွေအပြင် ဥရောပ၊ အာရှနှင့် အမေရိကန်နိုင်ငံတို့ကိုပါ ကူးစက်လာပြီဖြစ်ပါတယ်။ မကြာခင်ကလည်း မြန်မာနိုင်ငံနဲ့အိမ်နီးချင်းဖြစ်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်း ဒီရောဂါဖြစ်တဲ့ လူတစ်ဦးကို ဒက္ကားဆေးရုံမှာ ကုသပေးနေတယ်ဆိုတဲ့ သတင်းကြားရပါတယ်။ ဒီလူဟာ ဆော်ဒီနိုင်ငံမှ မကြာသေးခင်က ပြန်ရောက်လာတဲ့သူဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကလည်း အသစ်ပေါ်လာတဲ့ Virus ပိုးရောဂါတစ်ခုအကြောင်းပါပဲ။ ဒီရောဂါကတော့ ပါအက်ကိုးဗိုင်းရပ် (Parechovirus) ခေါ်တဲ့ ဗိုင်းရပ်တစ်မျိုးကြောင့် ကလေးတွေမှာဖြစ်တဲ့ ရောဂါပါ။ ဒီရောဂါဟာ အသည်းနဲ့ ဦးနှောက်တွေမှာ ဖြစ်ပေါ်ပြီး Hepatitisရောဂါ၊ Enceplalitis ဦးနှောက်အမြေးရောဂါတို့ဖြစ်ပြီး သေဆုံးရတဲ့ပြင်းထန်တဲ့ရောဂါအသစ်တစ်မျိုးပါ။ ဒီရောဂါကို အခုလောလောဆယ်မှာတော့ Australia နိုင်ငံမှာသာတွေ့ရပြီး ကလေးပေါင်း ၄၆ ဦးသေဆုံးရပြီလို့ ဆိုပါတယ်။ Australia နိုင်ငံ Queensland Medical Research Institute က ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ Theo Sloots ရဲ့ အဆိုအရ ဒီရောဂါဟာ ကလေးငယ်လေးတွေမှာ ဖြစ်တတ်ပြီးဖြစ်စမှာ အပြင်းဖျားခြင်း၊ ဝမ်းသွားခြင်း၊ ကိုယ်ခန္ဓာမှာ အနီစက်ပေါ်ခြင်းတို့ဖြစ်တတ်ပြီး အသည်းရောင်အသားဝါဖြစ်ကာ ဦးနှောက်အမြေးရောင်တို့ထိ ဖြစ်လာနိုင်ပြီး အသက်ဆုံးရှုံးရတဲ့ရောဂါလို့ဆိုပါတယ်။ အချို့ အသက်ရှင်တဲ့ကလေးတွေမှာလည်း ဦးနှောက်ကို ရောဂါပိုးရောက်တဲ့အတွက် မသန်မစွမ်းဖြစ်သွားနိုင်တယ်လို့ ဆိုပါတယ်။ ဒီရောဂါဟာ လူလူချင်း တစ်ဦးကတစ်ဦးကို ထိတွေ့မှုနဲ့ ကူးစက်နိုင်တဲ့ရောဂါဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အမျိုးသမီးတွေအတွက်ပါ။ အသက် (၅၀) ဝန်းကျင် သွေးမဆုံးခင် သို့မဟုတ် သွေးဆုံးပြီးစ အမျိုးသမီးတွေမှာ မိခင်ဖခင်ကလည်း ဆီးချိုရောဂါရှိတယ်၊ ကိုယ်ခန္ဓာကလည်း အဝလွန်မဟုတ်ပေမယ့် အလေးချိန်တက်နေတယ်ဆိုရင် အမှတ် (၂) ဆီးချိုရောဂါဖြစ်ဖို့ ရာနှုန်းပြည့်နီးပါး သေချာနေပါတယ်။ ဒီလိုအမျိုးသမီးတွေအတွက် ကာဘိုဟိုက်ဒရိတ်များများပါတဲ့ အစားအစာမျိုးကို ရှောင်ပြီး အသားဓာတ်များများ စားပေးနိုင်ရင် ဆီးချိုရောဂါဖြစ်တာကနေ ကာကွယ်နိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒီလေ့လာထားချက်ကို ၂၀၁၃ ခုနှစ်က ပြုလုပ်ခဲ့တာဖြစ်ပြီး ၂၀၁၄ ခုနှစ် ဒုတိယအကြိမ်ထုတ် Diabetes Digest ဂျာနယ်မှာ ဖော်ပြထားတာပါ။ ဒီလို High Protein Diet စားသုံးခြင်းဟာ ကိုယ်ခန္ဓာမှာ Insulin ထုတ်ပေးနေတဲ့ β cell ရဲ့ Function ကို အားပေးတဲ့အပြင် အင်ဆူလင်ခံစားနိုင်မှု (Insulin Sensitivity) ကိုလည်း ပိုကောင်းစေပါတယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် ကိုယ်ခန္ဓာမှာရောင်ရမ်းမှုကို ထိန်းနိုင်တဲ့ Enymes တွေ ဖြစ်ပေါ်မှုကိုလည်း ပိုကောင်းစေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် အမျိုးသမီးတွေဟာ သွေးဆုံးချိန်ဝန်းကျင်လောက်မှာ ကိုယ်ခန္ဓာအလေးချိန်ပိုနေရင် တစ်နည်းအားဖြင့် BMI ခေါ်တဲ့ (Body Mass Index) ကိုယ်အလေးချိန်ညွှန်းကိန်း သာမန်ထက်များနေရင် Carbohydrated ပါတဲ့ အစာများများမစားဘဲ Protein ဓာတ်ပါတဲ့ အစာကိုသာ ပိုစားသုံးသင့်ကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အမေရိကန်နိုင်ငံက ကျန်းမာရေးဆိုင်ရာ အရာရှိကြီးတွေနဲ့ FDA အဖွဲ့ကြီးက ကလေးနို့မှုန့်ထုတ်လုပ်သူတွေအတွက်အရေးကြီးတဲ့ ထုတ်ပြန်ချက်တစ်ခုကို ထုတ်လိုက်ပါတယ်။ ဒီထုတ်ပြန်ချက်မှာ ကလေးနို့မှုန့်ထုတ်လုပ်သူတိုင်းဟာ နို့မှုန့်မှာ ရောဂါပိုး နှစ်မျိုးဖြစ်တဲ့ Samonella နဲ့ Cronbacter ပိုး နှစ်ခုပါ/မပါ သေချာစစ်ဆေးကြဖို့နဲ့ အာဟာရနဲ့ပတ်သက်တဲ့ ကလေးလိုအပ်တဲ့ Nutrients ပါ/မပါကို စစ်ဆေးပြီးမှ ထုတ်လုပ်ကြဖို့ ဖြစ်ပါတယ်။ Samonella ရောဂါပိုးဟာ ကလေးကို ဝမ်းလျှောဝမ်းရောင်ဖြစ်ကာ အပြင်းဖျားစေပြီး Crona ဘက်တီးရီးယားရောဂါပိုးကတော့ ဦးနှောက်အမြေးရောင်ရောဂါကို ဖြစ်စေတာဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်က Abott Laboratorise က ထုတ်လုပ်တဲ့ နို့မှုန့်ဘူးမှာ ဘူးခွံမသန့်ရှင်းဘဲ ရောဂါပိုးပါဝင်သွားခဲ့တာကြောင့် နို့မှုန့်ဘူးငါးသန်းကို ပြန်ရုပ်သိမ်းလိုက်ရဖူးပါတယ်။ ကလေးအတွက် မိခင်နို့ဟာအကောင်းဆုံးဖြစ်ပေမယ့် အကြောင်းတစ်ခုခုကြောင့် မိခင်နို့သောက်သုံးခွင့်မရတဲ့ ကလေးတွေအတွက် နို့မှုန့်ဘူးတွေကို မှီခိုနေရတာကြောင့်ဒီနို့မှုန့်ဘူးတွေရဲ့ ပိုးသန့်စင်မှု၊ အာဟာရဓာတ်ပါဝင်မှုတို့မှာ စံချိန်စံညွှန်းမီအောင် သတိထားထုတ်လုပ်ဖို့ အမေရိကန်နိုင်ငံ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူတွေက အမိန့်ထုတ်ပြန်ထားတာကို တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

❖ ခြင်အဖိုတွေဟာ ပန်းဝတ်ရည်ပန်းဝတ်မှုန်တွေကို စားသုံးတတ်ကြပြီး ခြင်အမတွေကသာ လူတွေရဲ့သွေးကို စားသုံးတတ်ကြတယ်လို့ဆိုပါတယ်။ လူထံက သွေးကို တစ်ခါစုပ်လိုက်ရုံနှင့် ခြင်ဥပေါင်း ၄၀၀ ခန့်ကို မွေးထုတ်နိုင်. . .

❖ တစ်ကမ္ဘာလုံးအနေနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုအခြေအနေကို ကြည့်ရင် အသက် (၁၈)နှစ်ကနေ (၆၅)နှစ်အတွင်း လူဦးရေအားလုံးရဲ့ ငါးရာခိုင်နှုန်းဟာ မူးယစ်ဆေးဝါး သုံးစွဲနေကြပြီ။ ဒီအရေအတွက်ဟာ လူဦးရေ ၂၄၃ သန်းကျော်ရှိပြီး တစ်နှစ်မှာ လူဦးရေ နှစ်သန်းကျော်သေဆုံးနေ. . .

သိပ္ပံနည်းကျဂျီအေပီစိုက်နည်းစနစ် ကွင်းဆင်းသရုပ်ပြ

ပျော်ဘွယ် ဩဂုတ် ၂

ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီး၍ ၂၀၁၄-၂၀၁၅ ခုနှစ် သိပ္ပံနည်းကျ ဂျီအေပီစိုက်နည်းစနစ် လက်တွေ့ကွင်းဆင်းသရုပ်ပြပွဲနှင့် ပုလဲသွယ် GW-1 စပေါင်းမျိုးစေ့ချပွဲတော်ကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက စပါယ်ကုန်းကျေးရွာအုပ်စု ပဲ့ကန်ကျေးရွာ ကွင်းအမှတ် (၇၆၈)၌ ကျင်းပခဲ့သည်။

ကွင်းသရုပ်ပြပွဲနှင့် စပေါင်းမျိုးစေ့ချပွဲတော်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကိုက မြို့နယ်အတွင်း သီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးကို ဆွေးနွေးပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ ဒေသနှင့်ကိုက်ညီသော မျိုးသန့်များ သုံးစွဲရေး၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ဂျီအေပီ၏ အားသာချက်များ၊ စီးပွားရေးအရ အထူးတွက်ခြေကိုက်သော အထွက်ကောင်းစပါးမျိုးသန့် ပုလဲသွယ် GW-1 စိုက်ပျိုးနည်းအကြောင်းကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စိုက်ပျိုးရေးဝန်ထမ်းများနှင့် စပါးစိုက်တောင်သူများက မြေအကျယ် ၂ ဒသမ ၅ ဧကပေါ်တွင် မျိုးညှောင့်ဖောက်ပြီး ပုလဲသွယ် GW-1 စပါးမျိုးစေ့ ၂၅ ဧကစာအတွက် စုပေါင်းမျိုးစေ့ချ ပျိုးထောင်နေမှုကို မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းများအား(မြန်မာ) ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်-

စဉ်	လုပ်ငန်းအမျိုးအစား
၁။	ပြည်နယ်ရုံး ကားဂိုဒေါင်ဆောက်လုပ်ခြင်း
၂။	ဆော့လော်မြို့နယ် ရုံးသစ်ဆောက်လုပ်ခြင်း
၃။	မချမ်းဘောမြို့နယ် ရုံးသစ်နှင့်အစည်းအဝေးခန်းမဆောက်လုပ်ခြင်း
၄။	ဗန်းမော်ဒု-ခရိုင်အုပ်ချုပ်ရေးမှူးနေအိမ်ဆောက်လုပ်ခြင်း
၅။	ဗန်းမော်မြို့နယ် အုပ်ချုပ်ရေးမှူးနေအိမ် ဆောက်လုပ်ခြင်း
၆။	ရွှေကူမြို့နယ် အုပ်ချုပ်ရေးမှူးနေအိမ်ဆောက်လုပ်ခြင်း
၇။	မြစ်ကြီးနားမြို့နယ် (၄)ခန်းတွဲ (၁)ထပ် အရာထမ်းနေအိမ် ဆောက်လုပ်ခြင်း
၈။	အင်ဂျန်းယန်မြို့နယ် (၄)ခန်းတွဲ(၁)ထပ် အရာထမ်းနေအိမ်ဆောက်လုပ်ခြင်း
၉။	ချီဖွေမြို့နယ် (၄)ခန်းတွဲ(၁)ထပ် အရာထမ်းနေအိမ်ဆောက်လုပ်ခြင်း
၁၀။	တနိုင်းမြို့နယ် (၄)ခန်းတွဲ(၁)ထပ် အရာထမ်းနေအိမ်ဆောက်လုပ်ခြင်း
၁၁။	ဗန်းမော်မြို့နယ် (၄)ခန်းတွဲ(၁)ထပ် အရာထမ်းနေအိမ်ဆောက်လုပ်ခြင်း
၁၂။	မြစ်ကြီးနားခရိုင် (၆)ခန်းတွဲ(၁)ထပ် အမှုထမ်းနေအိမ် ဆောက်လုပ်ခြင်း
၁၃။	ဖားကန့်မြို့နယ် (၆)ခန်းတွဲ(၁)ထပ် အမှုထမ်းနေအိမ်ဆောက်လုပ်ခြင်း
၁၄။	မန်စီမြို့နယ် အစည်းအဝေးခန်းမဆောက်လုပ်ခြင်း
၁၅။	ဖားကန့်မြို့နယ် ရိပ်သာဆောက်လုပ်ခြင်း
၁၆။	အင်ဂျန်းယန်မြို့နယ်ရုံး အုတ်တံတိုင်းကာရံခြင်း
၁၇။	မိုးညှင်း ဒု-ခရိုင်အုပ်ချုပ်ရေးမှူးနေအိမ် ခြံစည်းရိုးကာရံခြင်း
၁၈။	မိုးကောင်းမြို့နယ် နန့်ကောင်းရိပ်သာ အုတ်တံတိုင်းကာရံခြင်း (သံပန်းတံခါးအပါအဝင်)
၁၉။	ဗန်းမော်ခရိုင် ရုံးဝင်းအုတ်တံတိုင်းကာရံခြင်း
၂၀။	ပူတာအိုမြို့နယ် ရုံးပြုပြင်ခြင်း
၂၁။	မချမ်းဘောမြို့နယ် ရုံးခြံစည်းရိုးကာရံခြင်း
၂၂။	ခေါင်လန်ဖူးမြို့နယ် ရုံးခြံစည်းရိုးကာရံခြင်း
၂၃။	ခေါင်လန်ဖူးမြို့နယ် ရုံးပြုပြင်ခြင်း
၂၄။	ခေါင်လန်ဖူးမြို့နယ် (၃)ခန်းတွဲ ဝန်ထမ်းနေအိမ်ပြုပြင်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ၄-၈-၂၀၁၄ရက်မှ ၃-၉-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသည့် ကိစ္စရပ်များအား ဖုန်းနံပါတ်-၀၇၄-၂၂၇၂၇၊ ၀၇၄-၂၃၆၁၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

နိုင်ငံပိုင်နယ်နိမိတ်နဲ့ပတ်သက်ပြီး မြေတစ်လက်မမှမဆုံးရှုံးအောင် အလေးထားဆောင်ရွက်နေ

မြန်မာ့သတင်းစဉ် သတင်းအဖွဲ့

ဩဂုတ် ၁ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်နိမိတ်ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရှင်းလင်းတင်ပြခဲ့သည်ကို ရုပ်မြင်သံကြားမှကြား သိလိုက်ရသည်။ သို့ဖြစ်၍ ရင်ထဲတွင် သိချင်နေသော မြန်မာ-အိန္ဒိယ နယ်နိမိတ်ကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းလို၍ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဆက်သွယ်ခဲ့ရာ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချမ်းအေးနှင့် အဆက်အသွယ်ရရှိခဲ့ပြီး မြန်မာ-အိန္ဒိယနယ်နိမိတ်ကိစ္စနှင့် စပ်လျဉ်း၍ မေးမြန်းဖြေကြားခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်-

မေး။ မြန်မာ-အိန္ဒိယ နယ်နိမိတ်အငြင်းပွားမှုကြောင့် ကဘော်ချိုင့်ဝှမ်းမှာ မြန်မာပိုင်မြေအချို့ ဆုံးရှုံးနေတယ်ဆိုတဲ့ သတင်းတစ်ပုဒ်ကို Daily Eleven သတင်းစာမှာ မကြာသေးမီက ဖတ်လိုက်ရပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး နည်းနည်းလောက်ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ။ ဟုတ်ကဲ့၊ မြန်မာ-အိန္ဒိယ နယ်နိမိတ်တိုင်းတာရေးစာချုပ်ကို ၁၉၆၇ ခုနှစ် မတ် ၁၈ ရက်မှာ ချုပ်ဆိုခဲ့ပါတယ်။ အဲဒီစာချုပ်ကို အခြေခံပြီး နယ်နိမိတ်တိုင်းတာခြင်းကို ၁၉၆၈ ခုနှစ်ကနေ ၁၉၇၂ ခုနှစ်အထိ ပြုလုပ်ခဲ့ပါတယ်။ နယ်နိမိတ်တိုင်းတာခဲ့ပြီး မှတ်တိုင်တွေကို စိုက်ထူခဲ့တဲ့အခါမှာ ကဘော်ချိုင့်ဝှမ်းမှာ မြန်မာနိုင်ငံဘက်က နယ်နိမိတ်စာချုပ်နဲ့ မြေပုံတွေအရ စိုက်ထူလိုပြီး အိန္ဒိယနိုင်ငံဘက်ကတော့ မြေပြင်ရှိ မူလနေရာဟောင်းတွေနေရာမှာ စိုက်ထူလိုတာကြောင့် သဘောထားကွဲလွဲခဲ့ပြီး နယ်နိမိတ်မှတ်တိုင် ကိုးတိုင် မစိုက်ထူနိုင်ခဲ့ပါဘူး။

အဲဒီသဘောမတူညီမှုကို နှစ်နိုင်ငံအကြားမှာ ၁၉၇၀ ပြည့်လွန်နှစ်တွေကစပြီး မြေအပေးအယူအပြန်အလှန် ပြုလုပ်ပြီးဖြေရှင်းဖို့ ကြိုးစားခဲ့ပေမယ့် ဒီနေ့အထိသဘောတူညီမှု မရသေးပါဘူး။ ဆက်ပြီးညှိနှိုင်းဆောင်ရွက်သွားဖို့ ရှိပါတယ်။

ဒီအတောအတွင်း တမူး-မိုရေးဒေသမှာရှိတဲ့ နယ်နိမိတ်မသတ်မှတ်ရသေးတဲ့ နေရာတွေမှာ အိန္ဒိယနိုင်ငံဘက်က တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့အတွက်ကြောင့် မြန်မာနိုင်ငံဘက်က သံတမန်လမ်းကြောင်းကနေ တရားဝင်စာပို့ပြီး ကန့်ကွက်အရေးဆိုမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဆင့် အစည်းအဝေးတွေ၊ ပြည်ထဲရေးဝန်ကြီးဌာနအကြား ပြုလုပ်တဲ့ အစည်းအဝေးတွေ၊ နှစ်ဖက်တပ်မတော်နှစ်ရပ်အကြား ပြုလုပ်တဲ့ နယ်စပ်အစည်းအဝေးတွေမှာ ကျွန်တော်တို့ဘက်က ကန့်ကွက်အရေးဆိုမှုတွေ စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ပါတယ်။

ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချမ်းအေး။

ပြီးတော့လည်း တမူး-မိုရေးဒေသမှာရှိတဲ့ နှစ်ဖက်သဘောတူညီချက်မရသေးတဲ့ မှတ်တိုင်အမှတ် (၇၆)နဲ့ (၇၈)အနီးမှာ နှစ်နိုင်ငံကျွမ်းကျင်တဲ့မြေတိုင်းပညာရှင်တွေ ယခုနှစ် ဇန်နဝါရီလအတွင်းက ပူးတွဲစစ်ဆေးခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ဘက်က တွေ့ရှိချက်တွေကို အိန္ဒိယနိုင်ငံဘက်ကို မြေပုံကြမ်းနဲ့ ပေးအပ်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး အိန္ဒိယဘက်ကလည်း အဲဒီမှတ်တိုင်တွေနားမှာ တည်ဆောက်နေတာတွေကို ရပ်တန့်ပေးခဲ့ပါတယ်။

အိန္ဒိယနိုင်ငံဘက်က ယခုနှစ် ဇူလိုင်လအတွင်းက မှတ်တိုင်(၇၈)နားမှာရှိတဲ့ နယ်နိမိတ်မသတ်မှတ်ရသေးတဲ့နေရာမှာ နယ်စပ်ဂိတ်ကို မဆောက်တော့ဘဲ နေရာပြောင်းရွှေ့ဆောက်လုပ်မယ်လို့ အကြောင်းကြားခဲ့ပါတယ်။ မြန်မာနိုင်ငံဘက်အနေနဲ့ နေရာပြောင်းရွှေ့ဆောက်လုပ်မယ့်ကိစ္စကို နယ်နိမိတ်မသတ်မှတ်ရသေးတဲ့ နေရာနဲ့ လွတ်ကင်းမှုရှိ/မရှိ ပြန်လည်စိစစ်သွားဖို့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံပိုင်နယ်နိမိတ်နဲ့ပတ်သက်ပြီး မြေတစ်လက်မမှမဆုံးရှုံးရအောင် အလေးထားဆောင်ရွက်နေပါတယ်။

မေး။ အိန္ဒိယနိုင်ငံဘက်က ကျေးရွာအချို့နဲ့ အဆောက်အအုံအချို့က ကျွန်တော်တို့နိုင်ငံဘက်ကို ကျူးကျော်မှုတွေ ရှိနေတယ်။ မှတ်တိုင်ဟောင်းတွေကို နေရာရွှေ့စိုက်နေတယ်စတဲ့ ပြောဆိုနေမှုတွေကိုလည်း ကြားသိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး သိလိုပါတယ်ခင်ဗျာ။

ဖြေ။ နှစ်ဖက်အငြင်းပွားနေတဲ့ နေရာနဲ့ပတ်သက်ပြီး အဲဒီနေရာမှာ နှစ်နိုင်ငံလုံးက နယ်နိမိတ်မသတ်မှတ်ရသေးမီ တည်ဆောက်မှုတွေ မပြုလုပ်ဖို့ လိုပါတယ်။ အိန္ဒိယနိုင်ငံဘက်က ဆောင်ရွက်မှုတွေကို ကျွန်တော်တို့ဘက်က စဉ်ဆက်မပြတ် ကန့်ကွက်လျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံဘက်က ယခုနောက်ဆုံးပြန်ကြားချက်အရ ပြုလုပ်ရန် မရှိလို့သိရပါတယ်။ ဒီကိစ္စကို ဆက်လက်စောင့်ကြည့်ပြီး ကန့်ကွက်အရေးဆိုသွားဖို့ ရှိသလို နယ်နိမိတ်တိုင်းတာသတ်မှတ်ပြီး ပြေလည်စွာ ဖြေရှင်းသွားဖို့လည်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာပါ။

နောက်တစ်ခုက နယ်နိမိတ်တိုင်းတာသတ်မှတ်ပြီး နေရာတွေကိစ္စဖြစ်ပါတယ်။ နယ်နိမိတ်မျဉ်းကနေ ၁၀ မီတာအတွင်း အဆောက်အအုံမဆောက်လုပ်ရဖို့ သတ်မှတ်ထားပေမယ့် အဲဒီနေရာတွေမှာလည်း အိန္ဒိယနိုင်ငံဘက်က ဆောက်လုပ်နေတာရှိသလို တချို့အဆောက်အအုံတွေဆိုလည်း ကျွန်တော်တို့ဘက်ကို ကျော်လွန်နေတာ ရှိပါတယ်။ ဒီကိစ္စတွေကို နှစ်ဖက်မြေတိုင်းအဖွဲ့တွေက ပူးတွဲမှတ်တမ်းတင်ထားပြီး ဖယ်ရှားပေးရေးကို နှစ်နိုင်ငံအကြားပြုလုပ်တဲ့ စစ်ဘက်၊ နယ်ဘက် အစည်းအဝေးတွေမှာ ကျွန်တော်တို့ဘက်က ကန့်ကွက်အရေးဆိုပြောကြားလျက်ရှိပါတယ်။ သံတမန်လမ်းကြောင်းကနေလည်း စာနဲ့တရားဝင်ကန့်ကွက်ထားပါတယ်။ အိန္ဒိယနိုင်ငံဘက်က သက်ဆိုင်ရာ တရားရုံးတွေကနေ တစ်ဆင့် ဖယ်ရှားပေးရေးကို ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ တချို့ကိုလည်း ဖယ်ရှားပေးပြီးဖြစ်ပါတယ်။

မှတ်တိုင်တွေ ရွှေ့စိုက်ထားတာနဲ့ပတ်သက်ပြီး စိုက်ထူပြီး မှတ်တိုင်တွေရယ်၊ နှစ်ဖက်သဘောတူညီမှုမရလို့ မစိုက်ထူသေးတဲ့ မှတ်တိုင်ရဲ့ မူလတည်နေရာကိုဩဒိနိတ်တွေကို နှစ်ဖက်ပူးတွဲမှတ်တမ်းထားရှိပြီး ဖြစ်တဲ့အတွက် မူလနေရာကို ပြန်လည်ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

မေး။ ဇူလိုင် ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ပါရှိတဲ့ မြန်မာ-အိန္ဒိယနယ်စပ်မှာရှိတဲ့ ဇေပေါင်း သုံးထောင်ကျော်ကို အပြည်ပြည်ဆိုင်ရာနယ်နိမိတ်အဖြစ် သတ်မှတ်မယ်ဆိုတဲ့သတင်းနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ။ အဲဒီသတင်းက ပြည်ပမှာရေးတဲ့ သတင်းဆောင်းပါးတစ်ပုဒ်ကို သတင်းထောက်က ဘာသာပြန်ပြီး ဖော်ပြတယ်လို့ ယူဆပါတယ်။ ဘာသာပြန်သတင်းကို ဖော်ပြရာမှာ မူလသတင်းဇာစ်မြစ်ကို သေသေချာချာထည့်သွင်းဖော်ပြခြင်းမပြုတဲ့အတွက် စာဖတ်သူတွေအကြား နားလည်မှုလွဲမှားနိုင်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီကိစ္စကို အိန္ဒိယနိုင်ငံဘက်နဲ့ ဆွေးနွေးခြင်းမရှိပါဘူး။ အိန္ဒိယနိုင်ငံအနေနဲ့ သူတို့ပိုင်နက် နယ်မြေကို အပြည်ပြည်ဆိုင်ရာနယ်မြေအဖြစ် သတ်မှတ်မယ်ဆိုရင် သတ်မှတ်နိုင်ပေမယ့် နှစ်နိုင်ငံ နယ်နိမိတ်မသတ်မှတ်ရသေးတဲ့ နေရာကို ထည့်သွင်းမယ်ဆိုရင်တော့ မြန်မာနိုင်ငံဘက်က လက်ခံမှာမဟုတ်ဘူးလို့ ဖြေကြားလိုပါတယ်။

မေး။ နိဂုံးချုပ်အနေနဲ့ ဖြည့်စွက်ပြောချင်တာရှိရင် ပြောပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ။ ကျွန်တော့်အနေနဲ့ နိုင်ငံပိုင်သတင်းစာတွေကိုရော၊ ပုဂ္ဂလိက မီဒီယာတွေကိုရော မေတ္တာရပ်ခံချင်တာက နိုင်ငံတကာ နယ်နိမိတ်ကိစ္စတွေဟာ သိမ်မွေ့နက်နဲတဲ့ ကိစ္စတွေဖြစ်တဲ့အတွက် သတင်းရေးသားသူတွေအနေနဲ့ သတင်းအချက်အလက်ခိုင်မာဖို့ လိုတဲ့အတွက် သေချာစိစစ်ပြီးမှ ဖော်ပြကြပါလို့ ပြောကြားလိုပါတယ်။

(ဟုတ်ကဲ့။ အခုလို စိတ်ရှည်လက်ရှည်နဲ့ ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ။)

ကျပ် ၁၅၀၀ ဖြင့် ဖုန်းဆင်းကတ်များကို အော်ရီဒူးက လိုသလောက်ရောင်းချပေးသွားမည်

ရန်ကုန် ဩဂုတ် ၂

တစ်ချိန်က လူနေမှုအဆင့်အတန်းကို ပြသရာ ဇိမ်ခံပစ္စည်းတစ်ခုအဖြစ်ရှိခဲ့သည့် မိုဘိုင်းဖုန်းများသည် ယခုအချိန်မှာတော့ အော်ရီဒူးမြန်မာမှ ငွေကျပ် ၁၅၀၀ ဖြင့် ဖုန်းဆင်းကတ်များကိုလူထုလိုသလောက် ဝယ်ယူသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အော်ရီဒူးက ဇူလိုင် ၃၀ ရက်မှစပြီး မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ အော်ရီဒူးသီးသန့်ဆိုင်များနှင့် ကိုယ်စားလှယ်ဆိုင်ပေါင်း ၆၅၀၀ တို့တွင် နိုင်ငံသားမှတ်ပုံတင် (သို့မဟုတ်) ယာဉ်မောင်းလိုင်စင်တို့ဖြင့် လိုသလောက်ဝယ်ယူနိုင်မည်ဖြစ်သည်။

"ဩဂုတ် ၁၄ ရက်နေ့အထိ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အော်ရီဒူးဖုန်းအချင်းချင်းမိနစ် ၉၀၀ ဖုန်းပြောနိုင်မယ်၊ စာတို ၉၀၀ ပေးပို့နိုင်မယ်၊ အခြားကွန်ရက်များသို့ မိနစ်၉၀၊ စာတို ၉၀ နဲ့ ဖေ့စ်ဘုတ်အခမဲ့၊ အင်တာနက် ၂၀ MB အခမဲ့ လက်ဆောင်ပေးသွားမှာဖြစ်ပါတယ်" ဟုအဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲတွင် အော်ရီဒူးမှ အလုပ်အမှုဆောင်အရာရှိချုပ် ရော့စ်ကော်မက် (Ross Cormack)က ပြောသည်။

ယခု စတင်ရောင်းချနေသည့် အော်ရီဒူးဆင်းကတ်များနှင့် သုံးစွဲရန်ဟန်းဆက်နှင့် ပတ်သက်သည့် ပြောဆိုမှုများရှိနေရာ အသစ်ဝယ်စရာမလိုဘဲ Apple၊ HTC၊ LG၊ Nokia၊ Sony၊ Samsung စသဖြင့် UMTS 900 ရှိသည့် မည်သည့်ဖုန်းနှင့်မဆိုသုံးနိုင်ကြောင်း၊ အခက်အခဲရှိပါကသီးသန့်ဝန်ဆောင်မှုစင်တာ ဖွင့်လှစ်ထားကြောင်း၊ သုံးစွဲသူများသိလိုသည်များကို၂၄ နာရီ ပိတ်ရက်မရှိ ဖုန်း-၀၉-၉၇၀၀၀၂၃၄၊ ဝက်ဘ်ဆိုက် www.Ooredoo.com နှင့် အော်ရီဒူးအရောင်းကိုယ်စားလှယ်ဆိုင်များတွင် စုံစမ်းနိုင်ကြောင်းလည်း သိရသည်။

ဖုန်းခေါ်ဆိုခများမှာ အော်ရီဒူးဖုန်းအချင်းချင်းဖြစ်ပါက တစ်မိနစ် ၂၅ ကျပ်၊ စာတို sms တစ်စောင် ၂၅ ကျပ်၊ အင်တာနက် 1 MB 25 ကျပ်၊ အခြားကွန်ရက်မှ ဖုန်းများသို့ တစ်မိနစ် ၃၅ ကျပ် ပေးဆောင်ရမည်ဖြစ်သည်။ ငွေဖြည့်ကတ်များကိုငွေကျပ်တစ်ထောင်၊ သုံးထောင်၊ ငါးထောင်၊ တစ်သောင်း၊ နှစ်သောင်း စသည်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ဩဂုတ် ၁၅ ရက်မှ စတင်ကာ ငွေဖြည့်သွင်းနိုင်မည်ဖြစ်သည်။

ဆင်းကတ် ဝယ်ယူခအဖြစ်ပေးသွင်းခဲ့ရသည့် ငွေကျပ် ၁၅၀၀ အား ပြန်လည်အကျိုးခံစားရမည်ဖြစ်ကြောင်းကို "လက်ဆောင်ကာလပြီးဆုံးရင် သုံးစွဲသူတွေရဲ့ စာရင်းထဲကို လစဉ် ကျပ် ၅၀၀ ထည့်ပေါင်းပြီး သုံးကြိမ် ပြန်ထည့်ပေးသွားမှာဖြစ်ပါတယ်" ဟု တက်ရောက်လာသည့် စာနယ်ဇင်းသမားများနှင့် သီးသန့်တွေ့ဆုံစဉ် အလုပ်အမှုဆောင်အရာရှိချုပ်က ဆိုသည်။

မြန်မာ့ဆက်သွယ်ရေးမှ ၂၀၁၃ ခုနှစ် ဧပြီလတွင် ဆင်းကတ်တစ်ကတ်လျှင် ကျပ် ၁၅၀၀ နှုန်း မဲစနစ်ဖြင့် ရောင်းချပေးခဲ့သော်လည်း လိုချင်သလောက် မရခဲ့သဖြင့် ပြည်သူတို့မှာ မျှော်တလင့်လင့်ရှိနေခဲ့ကြရသည်။

အော်ရီဒူးကုမ္ပဏီက ၎င်းနှင့် စာချုပ်ချုပ်ဆိုထားသော ကိုယ်စားလှယ်ဖုန်းအရောင်းဆိုင်များအားရွှေ၊ ငွေ၊ ကြေးဟူ၍ အဆင့်သုံးဆင့်သတ်မှတ်ထားပြီး လိုသလောက်ရောင်းချပေးသွားမည်ဟုလည်း သိရသည်။

"ဇူလိုင် ၃၁ ရက်မှာ အော်ရီဒူးဖုန်းဆင်းကတ် တစ်ခုကို ကျပ် ၁၅၀၀ နဲ့ စတင်ရောင်းချပေးပါတယ်။ ဘာမှမလိုပါဘူး။ မှတ်ပုံတင်ပါရင် ရပြီ။ ကိုယ်ရေးအချက်အလက်တော့ ဖြည့်ပေးရပါမယ်။ အော်ရီဒူးကချပေးမယ့်ကတ်တွေပေါ် မူတည်ပြီး ရောင်းပေးသွားမှာပါ။ 3G ရှိတဲ့ ဘယ် ဟန်းဆက်နဲ့မဆို သုံးလို့ရပါတယ်" ဟုလည်း မဟာဗန္ဓုလလမ်းရှိအောင် မိုဘိုင်းအရောင်းဆိုင်မှ ကိုသန်းထိုက်က ပြောသည်။

အော်ရီဒူးဆက်သွယ်ရေး ကုမ္ပဏီက ယခုစမ်းသပ်ကာလတွင် မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့နှင့်အနီးဝန်းကျင်တို့တွင်သာ သုံးစွဲနိုင်သေးမည်ဖြစ်ပြီး ဩဂုတ် ၁၅ ရက်မှ စတင်ကာ ယင်းမြို့ကြီးများအပါအဝင် ပြည်၊ မကွေး၊ မိတ္ထီလာစသည့် မြို့ကြီး ၆၈ မြို့တို့တွင် ကွန်ရက်ချဲ့ထွင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးမှ နော်ဝေအခြေစိုက်တယ်လီနောနှင့် ကာတာအခြေစိုက် အော်ရီဒူးတို့ကိုလုပ်ငန်းလုပ်ကိုင်ခွင့်ပေးခဲ့ရာ ပွဲဦးထွက်အနေဖြင့် အော်ရီဒူးဆက်သွယ်ရေးကုမ္ပဏီက ဆင်းကတ်များကို ဇူလိုင် ၂၉ ရက်တွင် နေပြည်တော်နှင့် မန္တလေးရှိအရောင်းဆိုင်အချို့က စတင်ရောင်းချပေးခဲ့သလို ရန်ကုန်မြို့ရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်များတွင်လည်း ဇူလိုင် ၃၀ ရက်မှ စတင်၍ ရောင်းချပေးခဲ့သည်။ ဖုန်းကတ်ဝယ်ယူသူများသောကြောင့် ငွေကျပ်ငါးထောင်၊ ခြောက်ထောင်အထိပေးကာ ဝယ်ယူခဲ့ရသူများရှိသလို အင်တာနက်အသုံးပြုခမှာဈေးနှုန်းမြင့်နေသည်ဟု ဝေဖန်မှုများလည်း ပြည်သူများအကြားတွင် ပျံ့နှံ့လျက်ရှိသည်။

(ဝင်းဝင်း)

စီမံကိန်းဒေသ ပတ်ဝန်းကျင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများအား ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုများ ပြုနိုင်မည်

နေပြည်တော် ဩဂုတ် ၂

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေး၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ပုသိမ်-မုံရွာလမ်းမကြီးမိုင်တိုင်(၄၄၅)အနီးရှိ(၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီမှ တာဝန်ရှိသူက ဆေးရုံဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုက်နယ်ဆေးရုံဆရာဝန်နှင့် ဒေသခံပြည်သူတစ်ဦးတို့က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီက တိုက်နယ်ဆေးရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ဆေးရုံသုံးပစ္စည်းများနှင့် ဆေးပဒေသာပင်ငွေများ လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းနှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီမှ တာဝန်ရှိသူများက တိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုက်နယ်ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တိုက်နယ်ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။**(အပေါ်ယာပုံ)**

အဆိုပါ တိုက်နယ်ဆေးရုံသစ် ဝန်ထမ်းအိမ်ရာများနှင့် ဆေးရုံသုံးပစ္စည်းများကို မြန်မာ-ဝမ်ပေါင်ကုမ္ပဏီမှ လှူဒါန်းငွေကျပ် သိန်းပေါင်း ၄၂၀၀ ကျော်အပါအဝင် အခြားစေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆေးရုံသည် လက်ပံတောင်းဒေသရှိ ဒုန်းတော၊ ကျောက်မျက်၊ မိုးကြိုးပြင်၊ တောင်ပလူနှင့် ညောင်ပင်ကြီးစသည့် ကျေးရွာအုပ်စုများရှိ ကျေးလက်နေပြည်သူ ၅၆၀၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှု ပြုနိုင်မည်ဖြစ်သည်။

ဆက်လက်၍ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းအစည်းအဝေးခန်းမ၌ ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်ခဲ့သော(၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံသည် ဒေသဖွံ့ဖြိုးရေး၏ ကျန်းမာရေးကဏ္ဍအတွက် အရေးကြီးသော အထောက်အကူဖြစ်ပြီး စီမံကိန်းဒေသ ပတ်ဝန်းကျင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများအား ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုများ ပြုနိုင်မည်ဖြစ်ကြောင်း၊ ဆေးရုံတွင် ဆေးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးရုံအဆောက်အအုံ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်ရှင်သန်ရန် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့အပြင် စီမံကိန်းကလည်းပံ့ပိုးစောင့်ရှောက်ပေးရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ကော်မရှင်၏ အစီရင်ခံစာပါအတိုင်း အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများသည် လအလိုက် ဆောင်ရွက်ရမည့် အစီအမံများရေးဆွဲပြီး ရည်မှန်းချက်ကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်သူဗဟိုပြုစနစ်တွင် မိမိတို့၏ ဆောင်ရွက်မှုများကို ပြည်သူက အမြဲတစေစောင့်ကြည့်နေမည်ဖြစ်၍ ပြည်သူ၏ ယုံကြည်မှု ပိုမိုရရှိရန် စေတနာအရင်းခံဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ပေးရာတွင် စီမံကိန်းဒေသ ပတ်ဝန်းကျင်ကျေးရွာအားလုံးကို တန်းတူဆောင်ရွက်ပေးရန် လိုအပ်ပြီး Joint Management Committee က တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆုံးဖြတ်ပြီး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ESIA အစီရင်ခံစာမူကြမ်း အတည်ပြုနိုင်ရေးအတွက် အစီရင်ခံစာစိစစ်သုံးသပ်ရေးအဖွဲ့၏ အကြံပြုချက်များအပေါ် တိကျစွာလိုက်နာ၍ ပြီးစီးမှုအခြေအနေနှင့် ပြင်ဆင်ဖြည့်စွက်ရန် တင်ပြချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းနယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကော်မတီ၏အဓိကရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပေးအပ်ထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အသုံးပြုပြီး မိမိတို့၏ လုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားမှသာ လုပ်ငန်းများ ချောမွေ့အောင်မြင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက လက်ပံတောင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကိုအခြေခံပြီး ဒေသတွင်းစိုက်ပျိုးရေး ပိုမိုဖြစ်ထွန်းအောင်မြင်နိုင်မည့် အခြေအနေများကို လည်းကောင်း၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်နှင့် ဦးစိုးဝင်းတို့က သတ္တုတူးဖော်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် သာသနိကအဆောက်အအုံများကို ဝိနည်းတော်များနှင့်အညီ အလျင်အမြန် တည်ဆောက်ပြီးစီးအောင် ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အစီအမံများကို လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြပြီး အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးသန်းထွန်းအောင်နှင့် ဦးမျိုးအောင်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီတို့က မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အသိတရားရှိရှိလုပ်ဆောင်သွားမှသာ ပိုမိုဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းတိုင်းတွင် ဆန့်ကျင်မှုအနည်းနှင့်အများရှိမည်ဖြစ်သော်လည်း စိတ်ရင်းစေတနာအမှန်ဖြင့် တိုင်းပြည်အပေါ် အလုပ်အကျွေးပြုခြင်းဖြင့် တဖြည်းဖြည်း နားလည်လာအောင် စည်းရုံးဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တည်ဆဲဥပဒေများအတိုင်း ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆင်းရဲမှုပပျောက်ရေးအတွက် အချင်းချင်း ညီညီညွတ်ညွတ်ဆောင်ရွက်မှသာ အခြားတိုင်းပြည်များနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမှုများ မည်မျှအကျိုးသက်ရောက်သည်ကို စဉ်ဆက်မပြတ် သုံးသပ်ပြီး ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး အများပြည်သူများ ပွင့်လင်းမြင်သာစွာ သိမြင်နိုင်ရန် ကဏ္ဍမျိုးစုံမှ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

○ကျောဖုံးမှ

ဖြစ်ပွားကူးစက်လျက်ရှိသော ကြက်ငှက်တုပ်ကွေးရောဂါ (H7N9) နှင့် မားစ်ပြင်းထန်အဆုတ်ရောင်ရောဂါ (MERS-CoV)များ မြန်မာနိုင်ငံသို့ကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Ebola Virus ကူးစက်မှုသည် ထိန်းချုပ်ရန်ခက်ခဲပြီး ရောဂါပိုးရှိသော လူနာများ၏ ခန္ဓာကိုယ်မှထွက်သော အရည်များဖြစ်သည့် တံတွေး၊ သလိပ်၊ သွေးတို့ကို တိုက်ရိုက်ထိတွေ့ကိုင်တွယ်မှုကြောင့် အဓိကကူးစက်ပြန့်ပွားခြင်းဖြစ်ပြီး ဆားစ်၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် Pandemic (H1N1)2009၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ၊ H7N9၊ MERS CoV စသည့် ကူးစက်မြန်ရောဂါများကဲ့သို့ လေထဲမှ ကူးစက်ပြန့်ပွားမှုမရှိကြောင်း၊ ရောဂါရှိသူများနှင့် တိုက်ရိုက်ထိတွေ့သူများ၊ ကိုင်တွယ်ပြုစုသူများတွင်သာ ရောဂါကူးစက်နိုင်ခြေရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဆားစ်၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် Pandemic (H1N1)2009၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ၊ H7N9၊ MERS CoV ရောဂါများကို အမျိုးသားရေးအသွင်ဖြင့် ကာကွယ်နှိမ်နင်းလျက်ရှိရာ Ebola ရောဂါ မြန်မာပြည်အတွင်းသို့ ကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် လွန်ခဲ့သော မတ်လအတွင်း ရောဂါကူးစက်ပြန့်ပွားနေသော အာဖရိကအနောက် လေးနိုင်ငံဖြစ်သည့် (Guinea, Liberia, Nigeria နှင့် Sierra Leone)တို့သို့ သွားရောက်ခဲ့သူများ၊ Ebola ရောဂါခံစားနေရသူများ(သို့မဟုတ်)ရောဂါဖြစ်ပွားသူ၏ မိသားစုဝင်များနှင့် အနီးကပ်နေထိုင်ခဲ့သူများ၊ လူနာပြုစုကုသခဲ့သူများအနေဖြင့် အထူးဂရုပြုရန်လိုအပ်ပြီး သံသယလက္ခဏာများဖြစ်သော ဖျားခြင်း၊ အလွန်အမင်းအားနည်းခြင်း၊ ကြွက်သားများ နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မအီမသာဖြစ်ခြင်းနှင့် လည်ပင်းနာခြင်းတို့ ရုတ်ခြည်းခံစားရမည်ဖြစ်ပြီး အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊ ကျောက်ကပ်နှင့် အသည်းတို့ချို့ယွင်းခြင်း၊ အချို့လူနာများတွင် ခန္ဓာကိုယ်တွင်းနှင့် ခန္ဓာကိုယ်ပြင်ပသို့ သွေးယိုစီးခြင်းလက္ခဏာများဖြစ်ပေါ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများတွင် ပြသဆေးကုသမှုခံယူသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အကြောင်းကြားထုတ်ပြန်ပြီးဖြစ်ပါသည်။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း မိမိကိုယ်တိုင် အီဘိုလာရောဂါကူးစက်ခံရမှုမရှိစေရေး၊ အခြားသူများသို့ ရောဂါပျံ့နှံ့မှုမရှိစေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါဖြစ်ပွားလာပါက အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (International Surveillance) လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ယနေ့အချိန်ထိ အီဘိုလာရောဂါ ကူးစက်ဖြစ်ပွားသူမရှိပါ။

ယခုအခါ အာဖရိကအနောက်ပိုင်း လေးနိုင်ငံတို့တွင် ကူးစက်ပြန့်ပွားလျက်ရှိသော အီဘိုလာဗိုင်းရပ်(စ်)ရောဂါဖြစ်ပွားမှုကြောင့် ၂၀၁၄ ခုနှစ် မတ်လမှစ၍ ဇူလိုင် ၂၇ ရက်အထိ ရောဂါဖြစ်ပွားသူ ၁၃၂၃ ဦးနှင့် သေဆုံးသူ ၇၂၉ ဦးရှိပါသည်။

အရှေ့တောင်အာရှနိုင်ငံများသို့ ကူးစက်မှုမရှိသေးသော်လည်း မြန်မာနိုင်ငံအနေဖြင့် ရောဂါကူးစက်ဝင်ရောက်မှု မရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် ဆိပ်ကမ်းများတွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသော ခရီးသည်များအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများပို့ချခြင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများတွင် ရောဂါကူးစက်မှုထိန်းချုပ်ခြင်း(Infection Control)လုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ခြင်း၊ ရောဂါဖြစ်ပွားသည့်လူနာများအား သီးခြားစောင့်ကြပ်ကြည့်ရှုကုသမှုပေးနိုင်ရန် (Isolation)အတွက် ဗဟို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆေးရုံကြီးများတွင် Isolation Ward များ အသင့်ပြင်ဆင်ထားရှိခြင်း၊ နယ်စပ်ဒေသများတွင် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အားဖြည့်ဆောင်ရွက်ခြင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အမှတ် (၃၅) အကြီးစားစက်ရုံ (ချောက်) နှင့် အမှတ် (၁၃) အကြီးစားစက်ရုံ (မကွေး) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီတွင် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ ဗို့အားမြင့်ကြွေသီးများ ထုတ်လုပ်လျက်ရှိသည့် အမှတ်(၃၅)အကြီးစားစက်ရုံ (ချောက်)သို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်၍ ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြကာ စက်ရုံ၏ ထုတ်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရေးနှင့် ပတ်သက်၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမှတ်(၁၃) အကြီးစားစက်ရုံ(မကွေး)အား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမှတ်(၃၅) အကြီးစားစက်ရုံ (ချောက်)ကို ၁၈-၄-၂၀၀၆ ရက်မှစ၍ Unicom Trade & Travel Co.,Ltd. နှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပြီး ၃-၉-၂၀၁၀ ရက်တွင် စက်ရုံစတင်ဖွင့်လှစ်နိုင်ခဲ့သည်။ စက်ရုံမှ High Tension Insulater များဖြစ်ကြသည့် 11KV Pin Insulator, 33 KV Pin Insulator, 70 KN Disc Insulator, 120 KN Disc Insulator များနှင့် Low Tension Insulator များ Shackle Insulator နှင့် 4" Strain Insulator များကို IEC 383 (International Electrotechnical Commission)၏ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်လျက်ရှိပြီး အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံထုတ် ပစ္စည်းများနှင့် အရည်အသွေးပိုင်း၊ ကြံ့ခိုင်မှုပိုင်းတွင် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၂ ခုနှစ် ဩဂုတ် ၂ ရက်တွင် Main Unit မီးလောင်ပေါက်ကွဲမှုကြောင့် ထုတ်လုပ်မှုများ ရပ်ဆိုင်းထားသော ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံခွဲ (ချောက်)အား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စက်ရုံအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shanghai New Hualian Pharmaceutical Co.,Ltd. သို့ နှစ်ရှည်ငှားရမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် အမှတ်(၁၃) အကြီးစား စက်ရုံ (မကွေး)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ အထွေထွေ မန်နေဂျာနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က စက်ရုံဆိုင်ရာအချက်အလက်များ၊ ကုန်တင်ယာဉ်ဘီးဝင်ရိုးထုတ်လုပ်မှုစက်ရုံ (စီမံကိန်း) မှ ထွက်ရှိမည့် ၂၅တန်ဘီးဝင်ရိုး(ရှေ့၊လယ်၊ နောက်)ကို TA TA LPT-2123 (6x4)ကုန်တင်ယာဉ်တွင် အသုံးပြုရန်အတွက် စမ်းသပ်တပ်ဆင်မှုနှင့် ပတ်သက်၍ Technical Specification များကို နှိုင်းယှဉ်လေ့လာရာတွင် ကွာဟမှု အနည်းငယ်ရှိသဖြင့် အစိတ်အပိုင်း အနည်းငယ်အား အစားထိုးဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရှေ့ဝင်ရိုး၏ U-Bolt အထိုင်အပေါက် ရှစ်ပေါက်အား TA TA LPT-2123 (6x4)ဘီးဝင်ရိုး၏ ပုံစံအတိုင်း ပြောင်းရွှေ့ဖောက်ပေးခြင်း၊ Knuckle Arm ကို TA TA LPT-2123 (6x4)၏ ပုံစံအတိုင်းပြုလုပ်ပေးခြင်း၊ Shock Absorber အထိုင် Bracket အား သတ်မှတ်နေရာတွင် တပ်ဆင်ခြင်း၊ အလယ်ဝင်ရိုး၏ Propeller Shaft နှင့် တွဲဆက်မည့်နောက်ဘက် Flange အား Bolt အပေါက်လေးပေါက်နှင့် Groove များပါဝင်သည့် TA TA LPT-2123 (6x4)၏ Propeller မှ Flange Yoke မျက်နှာပြင်အတိုင်း ပြုပြင်ပေးခြင်း၊ နောက်ဝင်ရိုးတွင် ပါဝင်သည့် Propeller Shaft နှင့် တွဲဖက်တပ်ဆင်မည့် Flange အပေါက်လေးပေါက်နှင့် Groove များ ပါဝင်သည့် TA TA LPT-2123 (6x4)၏ Propeller Shaft မှ Flange Yoke မျက်နှာပြင်အတိုင်း ပြုပြင်ပေးခြင်း၊ အလယ်ဝင်ရိုးနှင့် နောက်ဝင်ရိုးတို့တွင် Load Sensitive Switch အထိုင် Bracket အား သတ်မှတ်နေရာတွင် တပ်ဆင်ပေးခြင်း၊ Leaf Spring Saddle အထိုင်ကို သတ်မှတ်နေရာသို့ ပြောင်းရွှေ့ပေးခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလယ်ဝင်ရိုးတွင် Leaf Spring Saddle နှစ်ခုစီ စုစုပေါင်း လေးခုကို ဒီဇိုင်းအသစ်ဖြင့် Casting ပြုလုပ်သုံးစွဲခြင်း ဆောင်ရွက်ရန်လိုကြောင်း၊ Secondary Propeller Shaft ကို အရှည် 65mm လျှော့ချပေးခြင်း၊ Pressure Pipe Adapter ခြောက်ခုအား ပုံစံသစ် ပြုလုပ်တပ်ဆင်ပေးခြင်း စသည်တို့ဆောင်ရွက်ရန် လိုအပ်ကြောင်းတို့ကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လာမည့် ဒီဇင်ဘာလတွင် စတင်ထုတ်လုပ်နိုင်မည့် မြင်းခြံကုန်တင်ယာဉ်ဘီးဝင်ရိုး ထုတ်လုပ်မှုစီမံကိန်းမှ Axle များအား မကွေးစက်ရုံမှ ထုတ်လုပ်သည့် TA TA ကားများတွင် ထည့်သွင်းအသုံးပြုနိုင်မှသာ ပြည်ပမှတင်သွင်းမှု လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြင်းခြံ Axle စက်ရုံအား မကွေးကားစက်ရုံနှင့် ချိတ်ဆက်အသုံးပြုနိုင်ရေးသည် အရေးကြီးသဖြင့် အလေးအနက်ထားရန် မှာကြားလိုကြောင်း၊ စက်ရုံမှ ထုတ်လုပ်သည့် မော်တော်ယာဉ်များ၊ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေး၊ စီးပွားရေးတွက်ခြေကိုက်စေရေး၊ ကြိုးစားလုပ်ဆောင်ကြရမှာ ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ရှိမှုနှင့် တာဝန်ခံမှုရှိရန် လိုအပ်ပါကြောင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး အဆင့်အလိုက် လုပ်ပိုင်ခွင့်များ ပေးထားပြီးဖြစ်ရာ မိမိတို့စက်ရုံရေရှည်ရှင်သန်ရပ်တည် အောင်မြင်နိုင်ရေးအတွက် ကြိုးစားလုပ်ဆောင်သွားကြရမှာဖြစ်ကြောင်း၊ ဝန်ထမ်းအင်အားကအစ ကျစ်ကျစ်လျစ်လျစ်ဖြင့်ဆောင်ရွက်ပြီး မလိုလားအပ်သည့် လေလွင့်ပြုန်းတီးမှုများ မရှိစေရေး၊ လျှပ်စစ်နှင့်စက်သုံးဆီများ ခြိုးခြံချွေတာပြီး ထုတ်လုပ်မှုစရိတ်များ လျှော့နည်းသွားအောင် စီမံဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အဆင့်တိုင်းတွင် အခက်အခဲများရှိနိုင်သော်လည်း လုပ်ချင်ကိုင်ချင်စိတ် ပြင်းပြစွာဖြင့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားသွားကြရမှာ ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ စက်ရုံအတွင်း ကုန်တင်ယာဉ်ဘီးဝင်ရိုး ထုတ်လုပ်မှုစက်ရုံ(စီမံကိန်း) မှ ထုတ်လုပ်သည့် ဝင်ရိုးများကို TA TA LPT-2123(6x4) ကုန်တင်ယာဉ်တွင် စမ်းသပ်တပ်ဆင်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး Gear & Transmission Plant ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော Heavy Turbo Truck များ ထုတ်လုပ်ဖြည့်ဆည်းပေးရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန် ရည်ရွယ်၍ အကြီးစား ကုန်တင်ယာဉ် ထုတ်လုပ်မှုစက်ရုံ(မကွေး)ကို အိန္ဒိယနိုင်ငံ TA TA Motors Ltd ၏ နည်းပညာအကူအညီဖြင့် မကွေးစက်မှုနယ်မြေ၌ ၃၁-၁၂-၂၀၁၀ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး အဆိုပါ စက်ရုံမှ LPT 2116 Truck(6x2)LPT-2123 Truck (6x4)၊LPK 2523 Dump Truck (6x4) တို့ကို ထုတ်လုပ်လျက်ရှိရာ ကုန်တင်ယာဉ်ဘီးဝင်ရိုး ထုတ်လုပ်မှုစီမံကိန်းမှ ထုတ်လုပ်မည့် Axle များကို TA TA မော်တော်ယာဉ်များတွင်တပ်ဆင်အသုံးပြုနိုင်ခြင်းဖြင့် ပြည်ပမှ တင်သွင်းရသည့် Component Part များ လျှော့နည်းသွားမည်ဖြစ်သဖြင့် ထုတ်လုပ်မှုစရိတ်များ သက်သာလာနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မန္တလေးမြို့၌ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂

ဇွန် ၂၈ ရက်တွင် ပျဉ်းမနားမြို့မ ရဲစခန်းသို့ အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ခံခဲ့ရကြောင်း လီဆယ်တိုင်တန်းခဲ့သဖြင့် အမျိုးသား နှစ်ဦး၊ အမျိုးသမီးနှစ်ဦး ပေါင်းလေးဦးအားလည်းကောင်း၊ အလားတူ မေ ၂၁ ရက်က ပြင်ဦးလွင်မြို့မရဲစခန်းသို့ မုဒိမ်းမှုပြုကျင့်ကြောင်း လီဆယ်တိုင်တန်းခဲ့သဖြင့် အမျိုးသမီးသုံးဦးတို့အားလည်းကောင်း သက်ဆိုင်ရာမြို့မရဲစခန်းများက ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်အပေါ် အကြောင်းပြု၍ မန္တလေးမြို့၌ ရုန်းရင်းဆန်ခတ်မှုများကြောင့် အရေးယူဆောင်ရွက်မှုအနေဖြင့် လူသတ်မှု နှစ်မှုမှ ဖမ်းဆီးရမိသူ ၁၄ဦး၊ ထွက်ပြေးသူ ရှစ်ဦး၊ နာကျင်စေမှု လေးမှုမှ ဖမ်းဆီးရမိသူ ရှစ်ဦး၊ ထွက်ပြေးသူ ၂၈ ဦး၊ လက်နက်မှု ခြောက်မှုမှ ဖမ်းဆီးရမိသူ ခုနစ်ဦး၊ မီးရှို့မှုတစ်မှုမှ ဖမ်းဆီးရမိသူ ၁၅ ဦး၊ ကျန်အခြားအမှုများဖြစ်သည့် အဆောက်အအုံဖျက်ဆီးမှု၊ ရုန်းရင်းဆန်ခတ်မှုနှင့် ငြိမ်ဝပ်ပိပြားရေး ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှု သုံးမှုမှ ဖမ်းဆီးရမိသူ ၁၁ ဦးနှင့် ရဲအက် ၃၅(ဃ) ဖြင့် သုံးမှုမှ ဖမ်းဆီးရမိသူ သုံးဦးရှိပြီး စုစုပေါင်း ၁၉ မှု ဖြစ်ပွားခဲ့၍ ဖမ်းဆီးရမိသူ နှစ်ဦးမှာ ပြစ်မှုနှစ်ခုတွင် ပါဝင်ကျူးလွန်ခဲ့သဖြင့် စုစုပေါင်း ဖမ်းဆီးရမိသူ ၅၆ ဦးနှင့် တိမ်းရှောင်ထွက်ပြေးသူ ၃၆ ဦးတို့အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အထက်ပါဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သဖြင့် မန္တလေးမြို့အတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိရန်နှင့် ဆူပူရုန်းရင်းဆန်ခတ်မှုများကို ထိန်းသိမ်းနိုင်ရန်အတွက် ဇူလိုင် ၃ ရက်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့ရာ ဩဂုတ် ၁ ရက်အထိ ထုတ်ပြန်ထားသောအမိန့်ကို ချိုးဖောက်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အရေးယူခဲ့ရသော အမှု ၅၀၉ မှုမှ အမျိုးသား ၁၂၇၈ ဦး၊ အမျိုးသမီး ၄၇ ဦး စုစုပေါင်း ၁၃၂၅ ဦးရှိကြောင်း၊ ယင်းတို့အနက် ပညာပေး၍ ပြန်လည်စေလွှတ်သူ ၁၅၇ ဦး၊ ရဲစခန်းခံဝန် ၂၅ ဦး၊ တရားရုံးခံဝန် ၉၈ ဦး၊ ထောင်ဒဏ် ခုနစ်ရက်ချမှတ်ခြင်းခံရသူ ၉၀၅ ဦး၊ ၁၅ ရက်ထောင်ဒဏ် ၈၀၊ သုံးလထောင်ဒဏ် သုံးဦး၊ ဒဏ်ငွေ ၂၀၀ ဖြင့် ၁၁ ဦး၊ တရားခံပြေးကြေညာထားသူ လေးဦးနှင့် အရေးယူဆောင်ရွက်ဆဲ ၄၂ ဦး စုစုပေါင်း ၁၃၂၅ ဦးတို့အား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မန္တလေးမြို့၌ ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်ပေါ်စေသည့် လီဆယ်တိုင်တန်းမှုများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ ပျက်ပြားစေသည့် ဆူပူအကြမ်းဖက်မှုများနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထားသောတားမြစ်အမိန့်ကို ချိုးဖောက်မှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရာ ဩဂုတ် ၁ ရက်အထိ စုစုပေါင်း အမှု ၅၃၀၊ အမျိုးသား ၁၃၇၂ ဦး၊ အမျိုးသမီး ၅၂ ဦး စုစုပေါင်း ၁၄၂၄ ဦးတို့ကို အရေးယူခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှ လူငယ်ဘောလီဘောပြိုင်ပွဲကို ယနေ့ နေ့လယ်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစား ရုံ၌ စတင်ကျင်းပရာ မြန်မာလူငယ်(ခ) အမျိုးသား အသင်း ပွဲဦးထွက် နိုင်ပွဲရရှိခဲ့သည်။

ပြိုင်ပွဲပထမနေ့အဖြစ် အမျိုးသမီးပြိုင်ပွဲတွင် ထိုင်းက ဗီယက်နမ်ကို သုံးပွဲပြတ်၊ အမျိုးသားပြိုင်ပွဲတွင် ထိုင်းက နယူးဇီလန်ကို သုံးပွဲပြတ်၊ အိမ်ရှင် မြန်မာ(ခ)အသင်းက ဗီယက်နမ်အသင်းကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာလူငယ်အသင်းမှာ လက်စွမ်းပြကစားနိုင်ခဲ့ပြီး ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၃ ရက်တွင် အမျိုးသားပွဲစဉ်များအဖြစ် မွန်းတည့် ၁၂ နာရီတွင် မြန်မာ(က)နှင့် နယူးဇီလန်၊ မွန်းလွဲ ၂ နာရီတွင် ထိုင်းနှင့် မြန်မာ(ခ)တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ ❖ ချစ်ကိုကို

ကမ္ဘာကျော် ကိုရီးယားကေပေါ့အဖွဲ့ဖျော်ဖြေပွဲ တိုးမပေါက်အောင်စည်ကား

ရန်ကုန် ဩဂုတ် ၂

ကမ္ဘာကျော်ကိုရီးယား ကေပေါ့အဖွဲ့ တစ်ဖွဲ့ဖြစ်သော 2NE1 အဖွဲ့၏ ဖျော်ဖြေမှုကို ဩဂုတ် ၂ ရက် ည ၇ နာရီကျော်က ရန်ကုန်မြို့ရှိ Myanmar Event Park ၌ ကျင်းပရာ တိုးမပေါက်အောင် စည်ကားခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့သည် ဆမ်ဆောင်း ဂလက်စီအာရှဖျော်ဖြေပွဲ၏ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ မြန်မာနှင့် တရုတ် ခရီးစဉ်များတွင် ဖျော်ဖြေမည့်အစီအစဉ်ဖြင့် မြန်မာနိုင်ငံတွင် ဖျော်ဖြေခြင်းလည်းဖြစ်သည်။

"တခြား ဘယ်မီဒီယာကိုမှ ဝင်ခွင့်မပြုဘူး၊ ဓာတ်ပုံလည်းဝင်ရိုက်ခွင့်မပြုပါဘူး"ဟု ယင်းပွဲတွင် လုံခြုံရေး တာဝန်ကျသူတစ်ဦးက ပြောသည်။

ယင်းကျင်းပရာ ပွဲခန်းမအတွင်းသို့ ကင်မရာ၊ လက်ကိုင်ဖုန်းနှင့် အီလက်ထရွန်နစ်ပစ္စည်းများ ယူဆောင်ခွင့်မပြုဟု သတ်မှတ်ထားသော်လည်း ယူဆောင်ရိုက်ကူးနေသူများကိုလည်း ဝင်ပေါက်မှ အတိုင်းသားမြင်တွေ့နေရခြင်းဖြစ်သည်။ လက်မှတ်ခနှုန်းထားများမှာ ကျပ်နှစ်သောင်းငါးထောင်မှ ကျပ်ကိုးသိန်းအထိ သတ်မှတ်ထားကာ ရောင်းချခဲ့သော်လည်း ပွဲမစတင်မီ ယင်းနေရာတစ်ဝိုက်တွင် ကျပ်လေးသောင်းတန်လက်မှတ်ကို ကျပ်နှစ်သောင်းဖြင့် လည်းကောင်း၊ ကျပ်လေးသိန်းတန်လက်မှတ်ကို ကျပ်တစ်သိန်းဖြင့် လည်းကောင်း ရောင်းချနေလျက်ရှိသည်။

ပွဲမစတင်မီကတည်းက ယင်းအဖွဲ့၏ ယခင်ကဖျော်ဖြေမှုများကို ပရိုဂျက်တာဖြင့် ပြသခဲ့ရာ ပွဲကြည့်ရန် ရောက်ရှိသူများ၏ အားပေးသံများမှာ သည်းထန်သောမိုးဒဏ်ကို လွှမ်းမိုးကာထွက်ပေါ်လာခဲ့သလို ဝင်ပေါက်တွင်ဝင်ခွင့်မရသော မီဒီယာများနှင့် လက်မှတ်ဝယ်ထားသော်လည်း ဝင်ပေါက်ကိုဘော်လီဘောပုတ်သလို လမ်းညွှန်လုပ်ဆောင်နေသော လုံခြုံရေးတာဝန်ကျသူများ၏ အစီအမံဖြင့် မိုးရေစိုရွှဲကာ ရေစိုသောအဝတ်အထည်များနှင့်ပင် အိမ်ပြန်မလဲဘဲ အားပေးကြသူများရှိကြောင်းသိရသည်။

ထိုအဖွဲ့ဖျော်ဖြေမှုမှာ အမေရိကန်၊ ဗြိတိန် စသည့် နိုင်ငံများတွင် ဖျော်ဖြေသည့်အတိုင်း အသံပိုင်းဆိုင်ရာမြင့်မားသော အရည်အသွေးများဖြင့် တင်ဆက်ခဲ့သလို မြန်မာလူငယ်များကြားတွင် Black Jack ဖက်ရှင်များလည်း ခေတ်စားစေခဲ့ကြောင်း သိရသည်။ **(ဌေးခိုင်ဝင်း)**

မြစ်ကိုတွေ့လျှင် တံတားဆောင်
ပြည်ခွင်သာဖို့ လမ်းခင်းစို့

❖မိတ္ထီလာမှ

ခရိုင်အဆင့်၊ မြို့နယ်အဆင့်မှ အဆင့်ဆင့်တာဝန်ရှိသူများက နေ့စဉ်မနားမနေကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် လုံးချင်းလူနေအိမ်အလုံး ၃၅၀ တည်ဆောက်ပြီးတော့ မည်ဖြစ်ကြောင်း၊ လူနေအိမ် ၂၂၂ လုံးမှာ ဆောက်လုပ်ရေးအဖွဲ့များ၏ တင်ပြမှုအရ တည်ဆောက်ပြီးစီးသွားကြောင်း၊ ကျန်ရှိသည့် ၁၂၈ လုံးမှာ လာမည့် စက်တင်ဘာ ၁၅ ရက် တွင် တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း၊ ချမ်းအေးသာယာ နယ်မြေတွင် ယခင်က မြေကွက် ၆၃၇ ကွက်ရှိပြီး မြေပိုင်ဆိုင်မှု၊ အိမ်အဆောက်အအုံပိုင်ဆိုင်မှုရှိသူများအား ဦးစားပေးအဖြစ် လုံးချင်းလူနေအိမ် ၃၅၀ တွင် ပြန်လည်နေရာချထားပေးသွားမည်ဖြစ်ပြီး လုံးချင်းလူနေအိမ်များအား အေ၊ ဘီ၊ စီ၊ ဒီ၊ အီး အုပ်စုများခွဲခြားတည်ဆောက်မှုအား ကာယကံရှင်မိသားစုများ၏ ဆန္ဒသဘောထားအရ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ လာမည့် ဩဂုတ် ၄ ရက်တွင် တည်ဆောက်ပြီးစီးသွားသည့် လူနေအိမ် ၂၂၂ လုံးအား အုပ်စုအလိုက်မဲနှိုက်နေရာချထားရေးအတွက် စီစဉ်သွားရန်တင်ပြထားပြီး ဖြစ်ကြောင်း၊ ကျန်ရှိနေသည့် လူနေအိမ် ၁၂၈ လုံး အမြန်ဆုံးတည်ဆောက်ပြီးစီးရေးနှင့် ကျန်ရှိ ဝယ်ရောင်း၊ ခွဲခြမ်းစိတ်ဖြာမြေကွက်ပိုင်ဆိုင်သူ မိသားစုများ ပြန်လည်နေရာချနိုင်ရေးတို့ကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင် ရွက်သွားမည်ဖြစ်ကြောင်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသိန်းထွန်းဖော်တို့က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ယာယီကယ်ဆယ်ရေးစခန်းနှစ်ခုရှိ မိသားစုဝင်များအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးစန်းလွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌဦးသူရ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ သက်ဆိုင်ရာကော်မတီဝင်များနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

(ဇူလိုင် ၃၁ ရက်မှအဆက်)

(ဆ) ရှောင်တခင်ခွင့်ကို အခြားခွင့်များနှင့်ဖြစ်စေ၊ ကူးပြောင်းချိန်နှင့်ဖြစ်စေ၊ အားလပ်ရက်ရှည်နှင့်ဖြစ်စေ ဆက်၍ ခွင့်မပြုရ။ ရှောင်တခင်ခွင့်နှင့် တစ်ဆက်တည်း အခြားခွင့်တစ်မျိုးကို တောင်းခံခဲ့သော် ရှောင်တခင်ခွင့်ပျက်ပြယ်သွားပြီးနောက် ရှောင်တခင်ခွင့်နှင့်ဆက်၍ တောင်းခံသောခွင့်ကို ရှောင်တခင်ခွင့်စသည့် နေ့ရက်မှစ၍ ခွင့်ပြုရမည်။

(ဇ) ရှောင်တခင်ခွင့်အတွက် ခွင့်မှတ်တမ်းများကို ခွင့်ပြုပိုင်ခွင့်ရှိသူထံတွင် ထားရှိရမည်။

နည်းဥပဒေ ၉၃။ ဆေးလက်မှတ်ခွင့်သည် တာဝန်ထမ်းဆောင်သည့်ကာလကို အခြေမခံဘဲ လုပ်သက်နုရင့်မရွေး ခွင့်ပြုနိုင်သည့် ခွင့်မျိုးဖြစ်သည်။ ဆေးလက်မှတ်ခွင့်ကို ခွင့်ပြုရာတွင်-

(က) ဝန်ထမ်းလုပ်သက်တစ်လျှောက်လုံးအတွက် ခွင့်ပြုနိုင်သည့်ကာလသည် ၁၂ လဖြစ်သည်။ အထူးလုံလောက်သော ကိစ္စများတွင် နောက်ထပ် ခြောက်လထိ ထပ်မံခွင့်ပြုနိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆရာဝန် သို့မဟုတ် ဆေးအဖွဲ့၏ ထောက်ခံချက်ကို တင်ပြမှသာ ခွင့်ပြုရမည်။ တစ်ကြိမ်လျှင် မည်မျှခွင့်ပြုရမည်ဟု သတ်မှတ်ချက်မရှိသော်လည်း ဆေးလက်မှတ်၌ ထောက်ခံထားသည့် ကာလထက်ကျော်လွန်၍ ခွင့်မပြုရ။

(ဂ) ဝန်ထမ်းတစ်ဦးသည် ဆေးလက်မှတ်ခွင့်ကုန်ဆုံးချိန်တွင် ကျန်းမာစွာဖြင့် တာဝန်ပြန်လည်ထမ်းဆောင်နိုင်ဖွယ် အခြေအနေရှိသည်ဟု ဆရာဝန် သို့မဟုတ် ဆေးအဖွဲ့က မှတ်ချက်ပြုမှသာ ဆေးလက်မှတ်ခွင့်ကို ခွင့်ပြုရမည်။

(ဃ) ဝန်ထမ်းသည် ဆေးလက်မှတ်ခွင့်အစား လုပ်သက်ခွင့် ခံစားခွင့်ပြုရန် တောင်းခံပါက လုပ်သက်ခွင့်ကို ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့်လုပ်သက်ခွင့်ကာလကို နည်းဥပဒေခွဲ(က)တွင်ပါရှိသည့် ဆေးလက်မှတ်ခွင့်ကာလ သတ်မှတ်ချက်တွင် ထည့်သွင်းတွက်ချက်ခြင်းမပြုရ။

နည်းဥပဒေ ၉၄။ ဆေးလက်မှတ်ခွင့်ကာလအတွင်း ခွင့်လစာကို ပျမ်းမျှလစာ၏ ၃/၄ နှုန်းခံစားခွင့်ရှိသည်။

နည်းဥပဒေ ၉၆။ လစာမဲ့ခွင့်သည် ဝန်ထမ်း၏ခွင့်စာရင်း၌ အခြားခွင့်အမျိုးအစားများ မကျန်ရှိသည့်အခါ သို့မဟုတ် အခြားခွင့်အမျိုးအစားများရှိသော်လည်း ဝန်ထမ်းကိုယ်တိုင်က လစာမဲ့ခွင့်ကို ခွင့်ပြုရန် စာဖြင့် တောင်းခံသည့်အခါတွင် ခွင့်ပြုသည့်ခွင့်ဖြစ်သည်။

နည်းဥပဒေ ၉၇။ လစာမဲ့ခွင့်ကို အခြားသောခွင့်များနှင့် ဆက်စပ်ခွင့်ပြုနိုင်သည်။

နည်းဥပဒေ ၉၉။ လစာမဲ့ခွင့်ကာလအတွင်း မည်သည့်ခွင့်လစာမျှ ခံစားခွင့်မရှိ။ ဤခွင့်ကာလကို အငြိမ်းစားလစာရေတွက်ရာတွင် လုပ်သက်ကာလအဖြစ် ထည့်သွင်းရေတွက်ခြင်းမပြုရ။

နည်းဥပဒေ ၁၀၀။ လစာမဲ့ခွင့်ကာလအတွင်း ဝန်ထမ်းရေးရာခံစားခွင့်များ အားလုံးဆုံးရှုံးသည်။ သို့ရာတွင် နာမကျန်းဖြစ်ခြင်းကြောင့်ဖြစ်စေ၊ မလွှဲမရှောင်သာသည့် အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ လစာမဲ့ခွင့်ခံစားရခြင်းဖြစ်ပါက လစာမဲ့ခွင့်ကာလအတွက် လစာငွေကိုသာ ထိခိုက်စေပြီး အခြားဝန်ထမ်းရေးရာအခွင့်အရေးများ ဆုံးရှုံးမှုမဖြစ်စေရ။

နည်းဥပဒေ ၁၁၇။ ပညာလေ့လာဆည်းပူးခွင့်ဆိုသည်မှာ နိုင်ငံတော်၏အကျိုးငှာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးက အဆိုပြု၍ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၏ ထောက်ခံတင်ပြမှုအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ပြည်ပတွင် ဒီပလိုမာဘွဲ့လွန်၊ ပါရဂူဘွဲ့တက်ရောက်ခြင်း၊ သို့မဟုတ် ပညာရပ် အတွေ့အကြုံတစ်ခုခုကို သွားရောက်လေ့လာခြင်းကို ဆိုသည်။

နည်းဥပဒေ ၁၁၈။ ပညာလေ့လာဆည်းပူးခွင့်ကာလကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးက တာဝန်ချိန်အဖြစ် သတ်မှတ်ပြီး လစာနှုန်းပြည့်ခံစားခွင့်ပြုရမည်။

နည်းဥပဒေ ၁၁၉။ ပြည်ပသို့သွားရောက်ရသည့် နိုင်ငံခြားပညာသင်များသည် နိုင်ငံတော်က သတ်မှတ်ခွင့်ပြုသည့် ဝတ်စုံစရိတ်၊ အသေးသုံးစရိတ်တို့ကို ခံစားခွင့်ရှိသည်။ ထို့ပြင် ပညာသင်ဆုကမ်းလှမ်းသည့် နိုင်ငံ သို့မဟုတ် အဖွဲ့အစည်းကထောက်ပံ့ပေးသော ပညာသင်စရိတ်၊ အသုံးစရိတ်တို့ကိုလည်း ခံစားခွင့်ရှိသည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက် အခြားသိရှိသင့်သည့်အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

မိုးကြိုးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြော

သဲကုန်း ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် မိုးကြိုးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီခွဲက သဲကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးခင်မောင်စိုးက မိုးကြိုးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ ရပ်/ကျေး အထောက်အကူပြုအဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ပြီး မြို့နယ်လျှပ်စစ် ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်သတိပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ အပတ်စဉ်ဆောင်ရွက်ပေးသွားမည်

မန္တလေး ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မိုးပွင့်အဆင့် (၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်း ဆောင်ရွက်လျက်ရှိရာ အောင်ပင်လယ်ရပ်ကွက်ရှိ အမှတ်(၂၈) အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၂၄ ရက်က ကျောင်းသားကျောင်းသူပေါင်း ၄၂၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးမှုများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးတို့၏ ကူညီမှုဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် အပတ်စဉ်ကြာသပတေးနေ့နှင့် သောကြာနေ့များတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **ကျော်ဇင်မိုး(IPRD)**

သင့်သွေးဖြင့်
အသက်ကယ်ပါ

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)မှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်ကျောင်းသား ကျောင်းသူများ၏ ချမ်းမြသီတဂူ သွေးလှူအသင်း ဒုတိယအကြိမ်သွေးလှူဒါန်းပွဲကို အထွေထွေရောဂါကုဆေးရုံကြီး(ရန်ကုန်)၏ အမျိုးသားသွေးဌာန၌ ကျင်းပရာ သွေးလှူရှင် ၁၃၀ တို့ စုပေါင်းလာရောက်သွေးလှူဒါန်းကြစဉ်။ ကိုကိုနေ(ပျဉ်းမနား)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ

(၁) ဓာတ်အားလိုင်းကြိုးများ၊ အိမ်သုံး ဆားဗစ်ဝါယာကြိုးများ ပြတ်ကျမှုများတွေ့ရှိပါက ကိုင်တွယ်မှုလုံးဝ(လုံးဝ)မပြုလုပ်ရပါ။ အခြားသူများ မကိုင်မိအောင်လည်း စောင့်ကြည့်တားဆီးထားပါ။ လျှပ်စစ်လုပ်ငန်းကျွမ်းကျင်သူ၊ လျှပ်စစ်ရုံးသို့ အမြန်ဆုံးအကြောင်းကြားပါ။

(၂) ဓာတ်အားလိုင်းကြိုးများ နိမ့်ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်တွင် မီးပွားများဖြစ်ပေါ်နေခြင်းများတွေ့ရှိပါက လျှပ်စစ်ရုံးသို့ အမြန်အကြောင်းကြားပါ။

(၃) အဆောက်အအုံများ ဆောက်လုပ်ပြုပြင်ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန်အတွက် ဓာတ်အားလိုင်းကြိုးအနီးတွင် ကပ်၍ ဆောက်လုပ်ခြင်း မပြုရပါ။

(၄) ဓာတ်အားလိုင်းကြိုးများ အောက်တွင် ကားများရပ်၍ ကုန်တင်/ကုန်ချခြင်းများ မပြုလုပ်ရပါ။

(၅) TV အင်တင်နာတိုင် တပ်ဆင်ရာတွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းရန်အတွက် ဓာတ်အားလိုင်းကြိုးအနီးနှင့် ဓာတ်အားလိုင်းကြိုးများအောက်တွင် စိုက်ထူခြင်း မပြုလုပ်ရန် အထူးသတိပြုပါ။

(၆) ရေစိုလက်ဖြင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်၊ မီးပလပ်များအား ကိုင်တွယ်ခြင်း မပြုရ။

(၇) တမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ လျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်၊ မီးပလပ်များ ကိုင်တွယ်အသုံးမပြုရ။

(၈) ပျက်စီးနေသော မီးပလပ်၊ မီးခလုတ်များ၊ ဆော့ကတ်များအသုံးမပြုရ၊ အမြန်ဆုံး လဲလှယ်ရပါမည်။

(၉) ဓာတ်လိုက်နေသူအား လက်ဖြင့် မဆွဲရ။ ဓာတ်မလိုက်နိုင်သော (ခြောက်သွေ့သော) ပစ္စည်းတစ်ခုခုဖြင့် တွန်းထုတ်ဖယ်ရှားခြင်း ဆောင်ရွက်ရမည်။

(၁၀)ဓာတ်လိုက်မှု ဖြစ်ပွားပါက မိန်းခလုတ်ကို အမြန်ဆုံး ပိတ်ရမည်။

(၁၁)လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာခြင်းဖြစ်ပြီးတိုင်း သစ်ပင်သစ်ကိုင်းများ ကျိုး၊ ပြတ်ကျမှုကြောင့် ဓာတ်အားလိုင်းကြိုးများ၊ ဆားဗစ်ကြိုးများ ပြတ်ကျမှု ရှိ၊ မရှိကို မိမိလမ်း၊ ရပ်ကွက်အတွင်း တာဝန်သိစိတ်ဖြင့် ကြည့်ရှုစစ်ဆေးသတင်းပို့ဆောင်ရွက်ပေးပါ။

(၁၂)ဓာတ်တိုင်မှ အိမ်သို့ သွယ်တန်းထားသော လိုင်းကြိုး(ဆားဗစ်ကြိုး) ဟောင်းနွမ်းပေါက်ပြဲနေခြင်း၊ အိမ်တွင်းဝါယာကြိုးများ ဟောင်းနွမ်းပေါက်ပြဲနေခြင်းများသည် လျှပ်စစ်အန္တရာယ်ရှိသဖြင့် အမြန်ဆုံးလဲလှယ်ရေးအတွက် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်သွားပါ။

(၁၃)ယာယီသွယ်တန်းရာတွင် အသုံးပြုသောနှစ်ပင်လိမ်ကြိုးများသည် လျှပ်စစ်ဝန်အား အနည်းငယ်သာ သုံးနိုင်ခြင်း၊ ဆွေးမြည့်ပေါက်ပြဲမှု၊ လွယ်ကူခြင်းများကြောင့် လျှပ်စစ်အန္တရာယ်ဖြစ်နိုင်ပါ၍ အရည်အသွေးကောင်းသော ကြိုးများကိုသာ အသုံးပြုပါ။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မိခင်နှင့်ကလေးအသေပျောက်နှုန်း လျှော့ချနိုင်ရန် အရေးပေါ်သားဖွားပြုစုစောင့်ရှောက်ခြင်းနှင့် မွေးကင်းစကလေးပြုစုရန်လို

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံ၏ ထောင်စုနှစ် ကျန်းမာရေး ရည်မှန်းချက်တွင် မိခင်နှင့်ကလေးအသေပျောက်နှုန်းလျှော့ချနိုင်ရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနနှင့် UNFPA အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်၍ အရေးပေါ်သားဖွားပြုစုစောင့်ရှောက်ခြင်းနှင့် မွေးကင်းစကလေးပြုစုစောင့်ရှောက်ရန် စာတွေ့လက်တွေ့ သင်ကြားခြင်း စတုတ္ထအကြိမ်မြောက် သင်တန်းဆင်းပွဲနှင့် ပဉ္စမအကြိမ် သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အရေးပေါ်သားဖွားပြုစုစောင့်ရှောက်ခြင်းနှင့် မွေးကင်းစကလေးပြုစုစောင့်ရှောက်ရန် သင်ကြားရာ၌ ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်ခြင်း စာတွေ့လက်တွေ့ဘာသာရပ်များ၊ ကလေးမွေးဖွားပြီးချိန်၌ အန္တရာယ်ဖြစ်စေနိုင်သည့် သင်ကြားခြင်းများ၊ ကလေးများတွင် ဖြစ်ပေါ်တတ်သည့် လက္ခဏာရပ်များအား မည်သို့ ကိုင်တွယ်စောင့်ရှောက်ရမည်ကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။**(ယာပုံ)**

သင်တန်းတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးဖွားပြီးကလေး သေဆုံးမှု မရှိစေရန် ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ရန်နှင့် လူနာနှင့် မိသားစုများအား ဆက်ဆံရာတွင် စိတ်စေတနာ အပြည့်အဝဖြင့် အရည်အချင်းပြည့်ဝသော သူနာပြုများ ပေါ်ထွန်းလာစေရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အခြေခံအရေးပေါ်သားဖွားပြုစုစောင့်ရှောက်ခြင်းနှင့် မွေးကင်းစကလေး ပြုစုစောင့်ရှောက်ရန် စတုတ္ထအကြိမ်မြောက်သင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သူနာပြုဆရာမ ၂၄ ဦးတို့အား သင်တန်းပို့ချခဲ့ပြီး ပဉ္စမမြောက် သင်တန်းကို ယခုနှစ် ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ သင်တန်းကာလလေးလ သတ်မှတ်ထားကြောင်း သိရသည်။ **(ကေသိန်းဆွေ)**

သဘာဝရေလှောင်ကွင်းအတွင်း ငါးမျိုးစိုက်ထည့်

ဒိုက်ဦး ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သဘာဝရေလှောင်ကွင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၃၀ ရက်က မင်္ဂလွန်းကျေးရွာအုပ်စု ရွှေသီးအောင်ကွင်း၌ ကျင်းပရာအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်မင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးရန်ကင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှစိုး၊ အတွင်းရေးမှူး ဦးချစ်သဲအောင်နှင့် အဖွဲ့ဝင်များ၊ ဝန်းကျင်ရှိ အင်းသားကြီးများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သဘာဝရေလှောင်ကွင်းအတွင်းသို့ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၅၀၀၀၀ အား အဖတ်တင်နှုန်း ကောင်းစေရန် ခြံကာပြုစု၍ မျိုးစိုက်ထည့်ခဲ့ကြသည်။ ငါးမျိုးစိုက်ထည့်ပြီး အမှတ်(၁၁) သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၇၇ ဦးအား ငါးလုပ်ငန်းဆိုင်ရာ ပညာပေးဆောင်ပုဒ်များပါသော ဗလာစာအုပ် ၂၄၀ အား လှူဒါန်းခဲ့ပြီး အင်းသားကြီး ဦးချစ်သဲအောင်က နို့ဆန်ပြုတ်တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ကျော်ကျော် (IPRD)

သက်တူဆင့်တူ ကျန်းမာရေးပညာပေးစကားဝိုင်းကျင်းပ

လယ်ဝေး ဩဂုတ် ၂

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ပတ္တာစံဝါအောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် နေပြည်တော်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သက်တူဆင့်တူ ကျန်းမာရေးပညာပေး စကားဝိုင်းကို ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မီမီစိုးနှင့် အသင်းဝင်များ၊ နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်၊ ဒက္ခိဏခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ လယ်ဝေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုနှင့် အသင်းဝင်များ၊ ခုတင် (၁၀၀) ဆေးရုံအုပ် ဒေါက်တာ စုစုထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြပြီး အာဟာရအုပ်စုများအကြောင်း၊ HIV. AIDS ရောဂါများဖြစ်ပွားမှုနှင့် ကာကွယ်ရေးအကြောင်း၊ ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေးပညာပေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုအကြောင်း၊ ကိုယ်ဝန်ဆောင်စဉ် ကျန်းမာရေးစောင့်ရှောက်မှုအကြောင်းနှင့် အန္တရာယ်ရှိ ကိုယ်ဝန်ဆောင်လက္ခဏာများအကြောင်းတို့ကို စကားဝိုင်းအသွင်ဖြင့် ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်က လက်သန့်ရှင်းရေး သရုပ်ပြပညာပေးခြင်းနှင့် သက်ကြီးကိုယ်ဝန်ဆောင်မိခင်များကို လယ်ဝေးမြို့ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံသို့ အခမဲ့မွေးဖွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့မှ ခေါက်ဆွဲခြောက်၊ ပဲနို့၊ ကွေကာနှင့် ရှူဆေးဘူးများကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ သက်ကြီးရွယ်အို ဘိုးဘွား ၁၀ ဦး၊ ကိုယ်ဝန်ဆောင် ၁၀ ဦး၊ ငါးနှစ်အောက် ကလေးငယ် ၁၀ ဦး၊ ဆယ်ကျော်သက်ရွယ် ကျောင်းသား ၁၀ ဦး၊ ကျောင်းသူ ၁၀ ဦးနှင့် ကျေးရွာဒေသခံပြည်သူ ၁၀၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)

ရန်ကုန်-ကျောက်ဖြူကားလမ်းမကြီးပေါ်ရှိ ကောက်ရိုးတမာတံတားကျိုး၍ ခရီးသည်များအခက်တွေ့

သံတွဲ ဩဂုတ် ၂

ရန်ကုန်-ကျောက်ဖြူ ကားလမ်းမကြီးပေါ်ရှိ တောင်ကုတ်-မအီလမ်းပိုင်း တံတားအမှတ် (၁/၃၇)ကောက်ရိုးတမာ သံပေါင်ဘေလီသစ်သားတံတားသည် ဇူလိုင် ၃၁ ရက် ည ၇ နာရီတွင် စက်ယန္တရားများတင်ဆောင်လာသော ယာဉ်မောင်းကျော်ဇင်ဦး မောင်းနှင်လာသည့် ဟွန်ဒိုင်းအမျိုးအစားဆယ်ဘီးယာဉ်အမှတ်ဘ/--- ဖြတ်သန်းစဉ်တံတားကျိုးကျကာ ယာဉ်နှင့် စက်ယန္တရားမှာ ချောင်းအတွင်းပြုတ်ကျခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါတံတားမှာ ပေ ၁၂၀ ရှည်ကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်နှင့်ကုန် ၁၃ တန်သာရှိကြောင်းသိရှိရပြီး ၎င်းတံတားကျိုးကျမှုကြောင့် ရန်ကုန်-ကျောက်ဖြူ မော်တော်ယာဉ်လိုင်း၊ ရန်ကုန်-ရမ်းဗြဲ မော်တော်ယာဉ်လိုင်း၊ တောင်ကုတ်-အမ်း မော်တော်ယာဉ်လိုင်းနှင့်တောင်ကုတ်-မအီ မော်တော်ယာဉ်လိုင်းများမှ ယာဉ်များနှင့် ခရီးသည်များ အခက်အခဲကြုံတွေ့ခဲ့ကြရပြီး အဆိုပါတံတားကျိုးသည့်နေရာမှာ ကျောက်ဖြူမြို့နှင့် မိုင် ၈၀ ခန့်ကွာဝေးကြောင်း သိရှိရပြီး ရန်ကုန်-ကျောက်ဖြူခရီးသည် ယာဉ်လိုင်းများအနေဖြင့် ခရီးသည်များ အဆင်ပြေချောမွေ့စေရေး ချောင်းတစ်ဘက်ရှိ အခြားယာဉ်တစ်စီးဖြင့်ခရီးဆုံးသည် အထိရောက်ရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

TOTAL
TOTAL E&P MYANMAR
Total E&P Myanmar, a subsidiary of the TOTAL Group, a major International Energy Company is presently operating the Yadana Gas Field situated offshore Myanmar.
We now have requirement for the following position in our company.
CONTRACTS & PROCUREMENT ASSISTANT
Main Responsibilities:
Required Qualifications and Experience:
Candidates must be Myanmar Nationals with good command of spoken and written English.
Application Procedure
(For Local Services Only)
Total E&P Myanmar
No. 5, Sacred Tooth Relic Lake Avenue, Punn Pin Gone Quarter No. 5
Mayangone Township, Yangon
e-mail : HRD.TEPM-YGN@total.com

YC
Air-Con
09-73105201

အစာဟောင်းစွန့်ထုတ်စနစ် ကောင်းနေခြင်း (သို့) ဝမ်းမှန်နေခြင်းသည် ဖြစ်နေသောရောဂါများကုသရာတွင် လွယ်ကူစေပြီး မဖြစ်သေးသောရောဂါများကို ကြိုတင်ကာကွယ်နေခြင်းလည်း ဖြစ်ပါသည်။
စုစုအေးအောင်ဝမ်းမှန်အကြောပြေဆေး

သွေးသည်အသက်

အမရပူရမြို့တွင် သမိုင်းဝင်ကြေးပိသာချိန် တစ်သောင်းငါးထောင်ရှိ နှစ်ပေါင်း ၁၉၀ ကျော် ခေါင်းလောင်းကြီးကိုလေ့လာနိုင်

မန္တလေး ဩဂုတ် ၂

ခေတ်တိုင်းတွင် ယဉ်ကျေးမှုရှိနေပေသည်။ ခေတ်တိုင်းတွင် ပြုလုပ်ခဲ့သော အနုပညာလက်ရာများစွာသည် ထိုခေတ်၏ သမိုင်းပင်ဖြစ်သည်။ ခေတ်တစ်ခေတ်၏ ယဉ်ကျေးမှုလက်ရာများသည် ထိုခေတ်၏ အတတ်ပညာအဆင့်အတန်းကို မှန်းဆနိုင်ပေသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် ကိုယ့်ရိုးရာယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်များရှိပေသည်။ ထိုအမွေအနှစ်များကို အသက်နှင့်ထပ်တူ ထိန်းသိမ်းကြရမြဲပင်ဖြစ်သည်။ ယဉ်ကျေးမှုပျောက် လူမျိုးပျောက်ဟူသောစကားပင် ရှိနေပေသည်။

မြန်မာနိုင်ငံ၏ဒေသတိုင်းတွင် သမိုင်းဝင်အဖိုးတန်အမွေအနှစ်များ ရှိနေပေသည်။ အထူးသဖြင့် သာသနိကအဆောက်အအုံများနှင့် ရှေးခေတ် ဘိုးဘေးဘီဘင်တို့၏ကောင်းမှု မှတ်တမ်းကျောက်စာများ၊ ခေါင်းလောင်းစာများ၊ ခေါင်းလောင်းများသည် မြန်မာနိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးမြို့တောင်ဘက်ကပ်လျက်ရှိသော ရှေးခေတ်မင်းနေပြည် အမရပူရမြို့တွင် သမိုင်းဝင်ပစ္စည်းများ၊ အနုပညာလက်ရာများ၊ ကမ္ဘာကျော်သစ်သားတံတားဖြစ်သည့် ဦးပိန်တံတားတို့တည်ရှိပေသည်။

အမရပူရနန်းတော်သည် ယခုနံ့သာရွာ၏ မြောက်ဘက်နားတွင်ရှိ၍ လက်ရှိကာလတွင် ရှေးဟောင်းရွှေတိုက်၊ ငွေတိုက်တော်များကျန်ရှိနေသေးကြောင်း လေ့လာသိရှိရပါသည်။ အမရပူရနန်းတော်၏ အနောက်တောင်ယွန်းယွန်းနေရာတွင် ဘကြီးတော်ဘုရားတည်ထားကိုးကွယ်ခဲ့သော “မဟာဝိဇယရံသီပုထိုးတော်ကြီး” ဘုရားဝင်းအတွင်း မဟာရံတံတိုင်း၏ အရှေ့မြောက်ထောင့်နေရာတွင် စေတီတော်ကြီးသမိုင်းရေးထိုးထားသော ကြေးပိသာချိန်တစ်သောင်းငါးထောင်ရှိသည့် ခေါင်းလောင်းကြီးရှိသည်။ ခေါင်းလောင်းကြီးအား “မဟာမေရုမကုဋ္ဌ ယဏ္ဍာရာဇာ”ဟုခေါ်တွင်သည်။ **(အပေါ်ယာပုံ)**

ခေါင်းလောင်းကြီးသည် မဟာဝိဇယရံသီပုထိုးတော်ကြီး၏ သမိုင်းရေးထိုးထားသော သမိုင်းဝင် အဖိုးတန်အမွေအနှစ်ပင်ဖြစ်သည်။ ထိုသို့သော အဖိုးတန်အနုပညာလက်ရာကို နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ စိတ်ဝင်တစားလေ့လာလေ့ရှိသည်။ မြန်မာတို့၏ အဖိုးတန်အနုပညာလက်ရာများကို နိုင်ငံတကာမှ ခရီးသွားဧည့်သည်များလေ့လာနိုင်စေရန် ဧည့်လမ်းညွှန်များကလည်း ကူညီသင့်လှပေသည်။ ယခုအခါ အမရပူရမြို့တွင် သမိုင်းဝင်နှစ်ပေါင်း ၁၉၀ ကျော် ကြေးပိသာချိန် တစ်သောင်းငါးထောင်ရှိသော ခေါင်းလောင်းကြီးသည် တင့်တယ်စွာတည်ရှိလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

(တိမ်တမန်)

ကျောင်းပြင်ပမူလတန်းပညာရေး မြို့နယ်အဆင့် လုပ်ငန်းဖွင့်

မအူပင် ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) မြို့နယ်အဆင့် လုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ကျင်းပရာ မြို့နယ်ကျောင်းပြင်ပ ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရ၊ ဧရာဝတီတိုင်းဒေသကြီး တိုင်းပညာရေးညွှန်ကြားရေးမှူး(ငြိမ်း) ဦးစိုးမြင့်၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး ပင်မဌာန ဦးမြင့်ဆွေ၊ မြို့နယ်ပညာရေးမှူး ဦးစိုးမြင့်တို့က ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးက ကျောင်းပြင်ပ ပညာရေး၊ အုပ်ချုပ်ရေးနယ်မြေမှူးများအား လုပ်ငန်းတာဝန်ပေးမှတ်တမ်းလွှာကို ပေးအပ်ပြီး ကျောင်းပြင်ပမူလတန်းသင်ပညာရေး ရံပုံငွေအဖြစ် မြို့နယ်ပညာရေးမိသားစုမှ ငွေကျပ် ၁၀၈၈၀၀၀၊ မြို့နယ်ကျောင်းပြင်ပ မူလတန်းပညာရေးကော်မတီမှ ငွေကျပ် ၂၇၀၀၀၀၊ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးရန်ဝင်းက ငွေကျပ်သုံးသိန်း အသီးသီးလှူဒါန်းကြသည်။

မအူပင်မြို့နယ်တွင် ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) တွင် ကျောင်း ကိုးကျောင်း၊ ဆရာ ဆရာမ ၁၉ ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၈၆ ဦးရှိကြောင်း သိရသည်။

အောင်ခိုင်(မြန်/ဆက်)

ဓာတ်ကြိုးပြတ်ပြီး အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်း ဇူလိုင် ၃၁ ရက် ညပိုင်းက ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ အမျိုးသားတစ်ဦးဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ထို့နောက် ဖြစ်စဉ်အား စုံစမ်းရာ ၎င်းသည် အလုံမြို့နယ် သစ်တောရပ်ကွက်၊ အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ကုမ္ပဏီတွင် လက်သမားလုပ်ကိုင်သူဖြစ်ကြောင်း၊ အခင်းဖြစ်ချိန်တွင် ၎င်းသည် အလုပ်သိမ်း၍ ထမင်းစားရန်အတွက် အပြင်သို့ထွက်လာခဲ့ရာ အလုပ်သမားလိုင်းခန်းရှေ့၌ ချော်လဲကျစဉ် အနီးတွင် သွယ်တန်းထားသော လျှပ်စစ်ဓာတ်ကြိုးအား ဆွဲမိရာမှ ဓာတ်ကြိုးပြတ်တောက်ပြီး ဓာတ်လိုက်ကာ ဒဏ်ရာများရရှိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ အလုံမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၁၀/၂၀၁၄)ဖြင့် အမှုဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၄၀)

မြောက်ဥက္ကလာပမြို့နယ်ရှိ ရပ်ကွက်အချို့ရေဝင်ရောက်မှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်ရပ်ကွက်နှင့် (၅)ရပ်ကွက်တို့တွင် ဇူလိုင် ၃၁ ရက် ညက ရွာသွန်းမိုးကြောင့် ဗိုလ်မှူးထွန်းစိန်တူးမြောင်းရေလျှံပြီး ရပ်ကွက်နှစ်ရပ်ကွက်ရှိ လမ်းများ၊ စာသင်ကျောင်းနှင့် ရဲစခန်းဝင်းအတွင်း ရေများဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။

ထိုသို့ တူးမြောင်းမှ ရေလျှံပြီး မြောက်ဥက္ကလာအခြေခံပညာအလယ်တန်းကျောင်းအမှတ်(၂)ကျောင်းဝင်းအတွင်း ရေများဝင်ရောက်သဖြင့် နံနက်ပိုင်းအချိန် ငါးတန်းမှ ရှစ်တန်းအထိ ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးနိုင်ပြီး ညနေပိုင်းသူငယ်တန်းမှ စတုတ္ထတန်းကျောင်းသားကျောင်းသူများမှာ ငယ်ရွယ်သူများဖြစ်ပြီး ရေထဲမှပါလာတတ်သော ပိုးမွှား၊ တိရစ္ဆာန်အန္တရာယ်နှင့် ဖျားနာခြင်း ကင်းဝေးစေရန် ညနေပိုင်း စာသင်ချိန်ပိတ်ထားရကြောင်း ကျောင်းအုပ်ဆရာကြီးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ပြောသည်။

(ထွန်းဝင်း)

လျှပ်စစ်သုံးလျှင်
သတိယုဉ်
ဝန်အားမမျှ မသုံးရ

ရှန်းနေ့ အသင်းခေါင်းဆောင်အဖြစ် မန်ယူလား၊ အင်္ဂလန်အသင်းလား

လက်ရှိအချိန်မှာ တိုက်စစ်မှူးရှန်းနီကို မန်ယူချစ်ပရိသတ်များအပြင် အင်္ဂလန်အသင်းအားပေးကြသည့် ပရိသတ်များကပါ စိတ်ဝင်တစား စောင့်ကြည့်နေကြပါသည်။ မန်ယူအသင်းခေါင်းဆောင်ရာထူးနှင့် အင်္ဂလန်အသင်းခေါင်းဆောင်နေရာကို ရှန်းနီတစ်ယောက် ခန့်အပ်တာဝန်ပေးခြင်းခံရမလားဆိုသည့်အချက်မှာ စိတ်ဝင်တစား စောင့်ကြည့်ဖြစ်နေသည့် အကြောင်းအရာပင်ဖြစ်သည်။

မန်ယူချစ်ပရိသတ်များအနေဖြင့် လာမည့်ရာသီ ၂၀၁၄-၂၀၁၅ မန်ယူအသင်းခေါင်းဆောင်ရာထူးအတွက် နည်းပြသစ်ဗန်ဂါးလ် ဘယ်ကစားသမားကို ခန့်အပ်တာဝန်ပေးမလဲ၊ သူတို့စွဲစွဲလမ်းလမ်းအားပေးသည့် ရှန်းနီများဖြစ်လေမလားဆိုသည်ကို စိတ်ဝင်စားနေကြသည်။ သို့သော် နည်းပြဗန်ဂါးလ်သည် ရာသီအကြိုခြေစမ်းပွဲများတွင် ရှန်းနီကို အသင်းခေါင်းဆောင်နေရာမပေးခဲ့၊ ဂလက်စီ၊ အင်တာတို့နှင့်ပွဲစဉ်များတွင် ဖလက်ချာကို အသင်းခေါင်းဆောင်တာဝန်ပေးခဲ့ပြီး ရိုးမားနှင့်ပွဲတွင် ကလီဗာလေကို အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့သဖြင့် တိုက်စစ်မှူးရှန်းနီ အသင်းခေါင်းဆောင်ဖြစ်ပါ့မလားဟု ပရိသတ်များက စိုးရိမ်နေကြသည်။ မန်ယူနှင့် အင်္ဂလန်အသင်း ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ပေါလ်စခိုးလ်က လာမည့်ရာသီ မန်ယူအသင်းခေါင်းဆောင်နေရာ ရှန်းနီဖြစ်သင့်သည့်အနေအထားဖြစ်သော်လည်း နည်းပြဗန်ဂါးလ်မှာ တစ်နိုင်ငံတည်းသား ဗန်ပါစီကိုသာ အသင်းခေါင်းဆောင်ရာထူးပေးအပ်သွားလိမ့်မည်ဟုထင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သဖြင့် ပို၍စိတ်ဝင်စားစရာကောင်းနေပြီဖြစ်သည်။

ထို့အပြင် စတီဗင်ဂျရတ်အနားယူသွားသဖြင့် လစ်လပ်နေသော အင်္ဂလန်အသင်းခေါင်းဆောင်ရာထူးအတွက် နည်းပြ ဟော့ဆန် ဘယ်သူ့ကို ရွေးချယ်ခန့်အပ်မလဲ၊ အင်္ဂလန်အသင်းကို တစ်စိုက်မတ်မတ်အားပေးကြသည့် ပရိသတ်များက တိုက်စစ်မှူးရှန်းနီ အသင်းခေါင်းဆောင်ဖြစ်လာလေမလားဆိုသည်ကိုလည်း စိတ်ဝင်တစားစောင့်ကြည့်နေကြပါသည်။ မန်ယူတိုက်စစ်မှူးရှန်းနီသည် အင်္ဂလန်အသင်းခေါင်းဆောင်ရာထူးနှင့် အထိုက်တန်ဆုံးကစားသမားဖြစ်သည်ဟု အင်္ဂလန်နှင့် မန်ယူခံစစ်မှူးဖြစ်ခဲ့သူ ရီယိုဖာဒီနန်က မှတ်ချက်ပြုထုတ်ဖော်ပြောကြားခဲ့သည်။ "ရှန်းနီဟာ လက်ရှိအင်္ဂလန်ကစားသမားတွေထဲမှာ အတွေ့အကြုံနှင့် ဩဇာလွှမ်းမိုးမှုအရှိဆုံးကစားသမားဖြစ်သလို အကောင်းဆုံးအနေအထားလဲရောက်ရှိနေပြီး ပွဲတစ်ပွဲကို ဦးဆောင်မှုပေးစွမ်းနိုင်သူဖြစ်တယ်"ဟု ထုတ်ဖော်ပြောကြားခဲ့၍ ရှန်းနီတစ်ယောက် အင်္ဂလန်အသင်းခေါင်းဆောင်တာဝန်ထမ်းဆောင်ခွင့်ရမလားဆိုသည်မှာလည်း စိတ်ဝင်စားစရာဖြစ်နေပါသည်။

သို့ဖြစ်၍ မန်ယူနှင့် အင်္ဂလန်အသင်းတိုက်စစ်မှူး ရှန်းနီအနေဖြင့် အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရမည့်အသင်းမှာ မန်ယူလား၊ အင်္ဂလန်အသင်းဖြစ်လာမလားဆိုသည်ကို စိတ်ဝင်တစား ဆက်လက်စောင့်ကြည့်ကြရဦးမည် ဖြစ်ပါသည်။ **(ဝင်းထွန်းဦး)**

ယခုနှစ် ပရီမီယာလိဂ်ဖလား လီဗာပူးအရယူမည်ဟု ရော့ဂျာကတိပြု

လီဗာပူးအသင်းသည် ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက ဖလားရယူနိုင်စွမ်းမရှိခဲ့သော်လည်း ယခု ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင်မူ ပရီမီယာလိဂ်ဖလားကို အရယူနိုင်မည့်အသင်းတစ်သင်းဖြစ်ကြောင်း လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာက ကတိပြုပြောကြားလိုက်သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဖလားရယူနိုင်မည့် အနေအထားတစ်ရပ်ပိုင်ဆိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ခြင်းသည် ၎င်းတို့ရည်ရွယ်ထားသည့် ရည်ရွယ်ချက် အောင်မြင်မှုရှိခဲ့ကြောင်း၊ သို့ရာတွင် ပြိုင်ပွဲရာသီပြီးဆုံးခါနီး လီဗာပူးအသင်း၏ ရလဒ်သည် အနည်းငယ်ယိမ်းယိုင်ခဲ့ခြင်းကြောင့်သာ ဖလားမရရှိခဲ့ခြင်း ဖြစ်ကြောင်း ဘရန်ဒန်ရော့ဂျာက ဆိုသည်။

ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွိုင်အို ၂၀၁၆ တွင် အနားယူမည်

ဖိလစ်ပိုင် ပရော်ဖက်ရှင်နယ် လက်ဝှေ့ကျော် ပက်ကွိုင်အိုသည် ၂၀၁၆ ခုနှစ်တွင် လက်ဝှေ့သမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း သိရသည်။ ပက်ကွိုင်အိုသည် လက်ဝှေ့သမားဘဝမှ အနားယူပြီးပါက လွှတ်တော်အမတ်တစ်ဦးနေရာ ရရှိရန် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယူအင်န်အေပါတီ၏ လွှတ်တော်အမတ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ပက်ကွိုင်အိုသည် နောက်လာမည့် ပြိုင်ပွဲတစ်ရပ်အဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် ခရစ်အယ်လ်ဂီယာရီနှင့် ယှဉ်ပြိုင်ထိုးသတ်သွားရန် ရှိနေပြီး ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝတစ်လျှောက်တွင် ၆၃ ပွဲတွင် ၅၆ ပွဲအထိ နိုင်ပွဲရရှိထားသော လက်ဝှေ့သမားတစ်ဦးလည်းဖြစ်သည်။ လက်ရှိတွင် ပက်ကွိုင်အိုသည် အသက်(၃၅)နှစ်အရွယ် ရှိနေပြီဖြစ်သောကြောင့် ၂၀၁၆ ခုနှစ်တွင် အနားယူရန်စီစဉ်ထားခြင်းဖြစ်ကြောင်းလည်း ပက်ကွိုင်အိုက ထုတ်ဖော်ပြောကြားခဲ့သည်။

ရာဖေးလ်နာဒယ် အမေရိကန်အိုးပင်းလွဲချော်ဖွယ်ရှိ

စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်သည် ညာလက်ကောက်ဝတ် ဒဏ်ရာရရှိထားခြင်းကြောင့် ရက်သတ္တသုံးပတ်အနားယူရဖွယ်ရှိနေကြောင်း သိရသည်။ ရာဖေးလ်နာဒယ်သည် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ မစတင်မီ တစ်လအလိုတွင် ယင်းဒဏ်ရာပြဿနာကြုံခဲ့ခြင်းဖြစ်သည်။

ရာဖေးလ်နာဒယ်သည် ပြီးခဲ့သည့်နှစ်က အမေရိကန်အိုးပင်းတင်းနစ်ချန်ပီယံဘွဲ့ကို ခံယူနိုင်ခဲ့သူဖြစ်ပြီး အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက်တင်းနစ်ကစားသမား ဂျိုကိုဗစ်ကို အနိုင်ရရှိကာ ၎င်း၏ ၁၃ ကြိမ်မြောက်ချန်ပီယံဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် လက်ရှိတွင်မူ ဒဏ်ရာပြဿနာကြုံနေသည့် ကမ္ဘာ့အဆင့်(၂)တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် လွဲချော်ရဖွယ်ရှိနေကြောင်း သိရသည်။ ၂၀၁၀နှင့် ၂၀၁၃ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဖလားဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ငွေကြယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းများအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမျိုးအစား
၁။	မြစ်ကြီးနားမြို့	ပြည်နယ်ဧည့်ရိပ်သာဆောက်လုပ်ခြင်း
၂။	မြစ်ကြီးနားမြို့	ပြည်နယ်အဆင့်ပုဂ္ဂိုလ်နေအိမ်(၄)လုံး ဆောက်လုပ်ခြင်း
၃။	မိုးညှင်းမြို့	မြို့နယ်ခန်းမဆောက်လုပ်ခြင်း
၄။	ဝိုင်းမော်မြို့	ဆမားခန်းမတိုးချဲ့ဆောက်လုပ်ခြင်း
၅။	မန်စီမြို့	မြို့နယ်ခန်းမ အပြီးသတ်ဆောက်လုပ်ခြင်း
၆။	နောင်မွန်မြို့	မြို့နယ်ခန်းမတိုးချဲ့ပြင်ဆင်ခြင်း

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရန် - ၄-၈-၂၀၁၄ရက်မှ ၃-၉-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ ဘဏ္ဍာဌာနစိတ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်းနံပါတ် ၀၇၄-၂၉၅၄၄၊ ၀၇၄-၂၄၂၃၀၊ ၀၇၄-၂၄၂၃၁သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့

ရက်(၁၀၀)ပြည့်မွေးနေ့အတွက် ဆုမွန်ကောင်းတောင်းခြင်း

PAING & PAING Co.,Ltd ၏ ဥက္ကဋ္ဌ ဦးဘုန်းပိုင်ဦးနှင့် AYARWADDY LEGEND (TRAVELS & TOURS) Co.,Ltd မှ Managing Director ဒေါက်တာစုစုလှိုင်တို့၏ သားဦးရတနာ မောင်ဟိန်းစစ်ညိမ်း၏ ရက်(၁၀၀)ပြည့် မွေးနေ့မှသည် နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ ဦးဦး၊ ဒေါ်ဒေါ်တို့နှင့်အတူ နောင်နှစ်ပေါင်းများစွာတိုင်အောင် အေးချမ်းသာယာသော ဘဝခရီးကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

BOD ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမများ၊ ဝန်ထမ်းများ
Maritime Training Centre (PGI)

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် အသုံးပြုရန်လိုအပ်သောဖော်ပြပါ စက်ပစ္စည်းများအား ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသူများ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

1.Server	21 Nos
2.Media Converter	49 Nos
3. PC and Laptop	1 Lot
4.Air Conditioner	56 Nos
5.Printer	25 Nos
6.Copier	23 Nos
7.E1 converter	1 Nos
8.UPS	25 Nos
9.Rack & Accessories	4 Nos
10.Network Cable and Accessories	1 Lot
11.Furniture	1 Lot

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ၃-၈-၂၀၁၄ ရက်မှ ၁၁-၈-၂၀၁၄ ရက်အထိ ရုံးချိန်များတွင် ဖော်ပြပါလိပ်စာတွင် စုံစမ်းမေးမြန်းလာရောက် ထုတ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်နှင့် အချိန်မှာ ၁၈-၈-၂၀၁၄ ၁၄:၀၀နာရီဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန (၈)မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၁-၆၅၀၄၀၃၊ ၀၁-၆၅၀၄၀၄

Date	Time							
	Start on air				REPLAY			
	7:00 AM	9:00 AM	11:00 PM	1:00 PM	3:00 PM	5:00 PM	7:00 PM	9:00 PM
Monday	English	Chemistry	Chemistry		English	Chemistry	Chemistry	
Tuesday	Chemistry	English	Physics		Chemistry	English	Physics	
Wednesday	Biology	Mathematics	English	Economics	Biology	Mathematics	English	Economics
Thursday	Physics	Myanmar	Mathematics		Physics	Myanmar	Mathematics	
Friday	Mathematics	Biology	Myanmar	Economics	Mathematics	Biology	Myanmar	Economics
Saturday	Myanmar	English	Mathematics		Myanmar	English	Mathematics	

ဒီပဲယင်းမြို့နယ်တွင် မိုးပွင့်အဆင့်(၆)စီမံချက်ကျေးရွာများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားအခမဲ့ထုတ်ပေး

ဒီပဲယင်း၊ ဩဂုတ် ၂

ဒီပဲယင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆) စီမံချက် ကျေးရွာများသို့ အရောက်ကွင်းဆင်း၍ နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ထုတ်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ထုတ်ပေးခြင်းအခမ်းအနားကို ဇူလိုင် ၃၀ ရက်မွန်းတည့် ၁၂ နာရီက ညောင်လှစံပြကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့သည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းကို ဆောင်ရွက်နိုင်ရန် အလှူရှင်မှ ငွေကျပ် ၆၇၀၀၀ လှူဒါန်းခဲ့ကြောင်းသိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး အခမဲ့ဆောင်ရွက်နိုင်ရန်အလှူရှင်Hight Land Road ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီမှ ဓာတ်ပုံရိုက်ကူးစရိတ်၊ သွေးစစ်လက်မှတ်စရိတ်၊ မိတ္တူကူးစရိတ်အဖြစ် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့်ကျေးရွာသူကျေးရွာသား ၆၇ ဦးအား အခမဲ့ထုတ် ပေးနိုင်ရန်အတွက် ငွေကျပ် ၆၇၀၀၀ လှူဒါန်း ထောက်ပံ့ပေးခဲ့ပြီးရွှေဘိုခရိုင်ဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း၊မြို့နယ်ဦးစီးအရာရှိ ဦးတင်မောင်ငြိမ်းတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာသူ၊ ကျေးရွာသားများထံသို့လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

၎င်းအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူးဦးစိုးပိုင်မြင့်က မိုးပွင့်အဆင့်(၆)စီမံချက်သည် အလှူရှင်များက နိုင်ငံသားစိစစ်ရေးကတ်ပြားကုန်ကျငွေကို လှူဒါန်းပေးသဖြင့် နေ့ချင်းပြီးအခမဲ့ထုတ်ပေးခြင်း ဖြစ်ကြောင်း နှင့် အသက် ၁၀ နှစ်အထက် မှစတင်ကာ စိစစ်ရေးကတ်ပြားပြုလုပ်ပေးရန် ပြောကြားခဲ့သည်။

ယခုကဲ့သို့ အလှူရှင်များကိုစည်းရုံးကာ ကျေးရွာများသို့ အရောက်ကွင်းဆင်း၍ နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေ ပြည်သူများအနေဖြင့် မြို့သို့ သွားရောက်ရသည့် ခရီးစရိတ်၊ စားစရိတ်နှင့် အချိန်ကုန်သက်သာ၍ အလှူရှင်နှင့်တာဝန်ခံ ဝန်ထမ်းအရာရှိများအား ကျေးဇူးတင်ရှိကြောင်း ကျေးရွာပြည်သူများ၏ ကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်မျိုးအောင်က ပြောကြားခဲ့သည်။

အောင်လင်း(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး တောင်သာတွင် ဆည်များအတွင်းသို့ငါးမျိုးများစိုက်ထည့်

တောင်သာ၊ ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်ရှိ ဆည်များအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ခြင်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ဝဲလောင်ဆည်အတွင်းသို့ တစ်လက်မအရွယ်ရှိ ငါးမြစ်ချင်းကောင်ရေ ၂၅၀၀၀ တို့ကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်ဝင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသော်ထွန်းဦး၊ ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်း၊ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့် နှင့် ခရိုင်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများက ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြသည်။

ထို့အပြင် တောင်သာမြို့နယ်အတွင်းရှိ ကျောက်တလုံးဆည်၊ တောင်သာဆည်၊ သမက္ကူဆည်များအတွင်းသို့လည်း ငါးမြစ်ချင်းကောင်ရေ ၂၅၀၀၀ နှင့် ငါးစုံအကောင်ရေ ၂၅၀၀၀ တို့ကို အသီးသီးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ရိခေါ်ဒါရ်၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲပြုလုပ်

ရိခေါ်ဒါရ်၊ ဩဂုတ် ၂

ချင်းပြည်နယ်၊ ရိခေါ်ဒါရ်မြို့ ကျန်းမာရေးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက ရိခေါ်ဒါရ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျောင်းကျန်းမာရေးစစ်ဆေးရာတွင် ကျန်းမာရေးဌာနတာဝန်ခံဆရာဝန် ဒေါက်တာပေါင်ရှန်းလျန်နှင့် သူနာပြုဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အခြေခံပညာမူလတန်းကျောင်းသား၊ ကျောင်းသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအခြေအနေတို့ကို စစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ကျောင်းသား၊ကျောင်းသူများအား စစ်ဆေးခဲ့ပြီး လိုအပ်သည့် ဆေးဝါးများ တိုက်ကျွေးပေးကာ ကျောင်းဈေးများနှင့် ကျောင်းအင်္ဂါရပ်နှင့် ပတ်သက်သည့် ကျောင်းကျန်းမာရေးဆိုင်ရာများအား စစ်ဆေးခဲ့သည်။

ထို့အပြင် ကျန်းမာရေးဌာနမှ ကျောင်းသား၊ ကျောင်းသူများအတွက် အရေးပေါ်အချိန်တွင် အသုံးပြုသည့် ဆေးဝါးများနှင့် ပစ္စည်းများအား အထက်တန်းကျောင်းသို့ လှူဒါန်းပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ ရိခေါ်ဒါရ်မြို့ ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာ ပေါင်ရှန်းလျန်က မူးယစ်ဆေးဝါးအန္တရာယ်၊ ကူးစက်ရောဂါအကြောင်းနှင့် ကာကွယ်ခြင်းများကို ဟောပြောခဲ့ကြောင်း သိရသည်။

ဇိုဟေဆာ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများကို ညောင်ဦးတွင် ထိရောက်စွာ ဖမ်းဆီးအရေးယူ

ညောင်ဦး၊ ဩဂုတ် ၂

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစီအစဉ်ဖြင့် မြို့နယ်အတွင်း ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ဆိုင်ကယ်စီးနင်းသူများနှင့် မော်တော်ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ကြရန်နှင့် ယာဉ်အန္တရာယ်လျော့နည်းကျဆင်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ အစဉ်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယင်းကဲ့သို့ ဆောင်ရွက်လျက်ရှိရာ ညောင်ဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်နှင့် ဝန်ထမ်းများသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ၊ မြို့နယ်တရားရေးဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်း၍ ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ညောင်ဦးမြို့မဇ္ဈိမဈေး အနီးတွင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများအား ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စည်းကမ်းမလိုက်နာသူများကို ဖမ်းဆီးအရေးယူရာတွင် ယခင်က (၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေ)အရ အမှုတစ်မှုလျှင် ဒဏ်ငွေ ၁၅၀၀ နှုန်းသတ်မှတ်၍ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်ခဲ့သော်လည်း မော်တော်ဆိုင်ကယ်စီးနင်းသူများနှင့် မော်တော်ယာဉ်များမှာ စည်းကမ်းလိုက်နာမှု အားနည်းနေသောကြောင့် ယခုကဲ့သို့ ဒဏ်ငွေများ တိုးမြှင့် ကောက်ခံကာထိရောက်စွာ ဖမ်းဆီးအရေးယူရခြင်းဖြစ်ကြောင်း ယဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ် စီးနင်းရာ၌ ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူများ၊ နှစ်ဦးထက်ပိုမို စီးနင်းသူများနှင့် မော်တော်ယာဉ်များကို ယာဉ်လိုင်စင် ရှိ-မရှိ၊ ယာဉ်မောင်း လိုင်စင်ရှိ-မရှိ ၊ ခရီးသည်များ ယာဉ်ခေါင်မိုးပေါ် တင်ဆောင်မောင်းနှင်ခြင်းနှင့် ယာဉ်တန်ချိန် သုံးတန်အထက်ရှိ ယာဉ်ကြီးများ မြို့တွင်းဖြတ်သန်းမောင်းနှင်ခြင်းများ တွေ့ရှိပါက အနိမ့်ဆုံးဒဏ်ငွေ သုံးသောင်းကျပ်မှ အမြင့်ဆုံး ဒဏ်ငွေကျပ် တစ်သိန်းအထိ ဒဏ်ရိုက်ခဲ့သည်။

ညောင်ဦးမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ကြစေရန် နေ့စဉ် ထိရောက်စွာ ဖမ်းဆီးအရေးယူမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရဲသူရအောင်(ညောင်ဦး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၆၁)၊ မြေကွက်တည်နေရာအမှတ်(၆၁)၊ (၂)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကောက် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကောက် ကွယ်လွန်သဖြင့် ဒေါ်ခင်မေ[၁၂/ဥကတ(နိုင်)၀၃၅၈၆၃]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၅၁၉၁(၅-၆-၁၄)ဖြင့် လွှဲအပ်ခံရသူ ဒေါ်ငွေး ငွေးဝင်း[၁၂/ဥကတ(နိုင်)၀၁၇၆၇၁]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၆၀၉၀ (၁၈-၆-၁၄) ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၂)၊ မြေကွက်အမှတ်(၈၉၇)၊ မြေကွက်တည်နေရာအမှတ်(၈၉၇)၊ သုဇာတာလမ်း၊ ဦးပြုံး(စီဘီ-၀၀၉၉၈၉)၊ ဦးလှရှိန်(ဘီတီ-၀၁၂၇၁၂)၊ ဒေါ်သန်းရှင်(အန်/အိုကေအေ-၀၃၃၀၀၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် သုံးဦးအနက် အမည်ပေါက် ဦးလှရှိန်ကွယ်လွန်၍ ဒေါ်ခင်စန်းရီ[၁၂/ဥကမ(နိုင်)၀၉၆၅၄၉]မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျန်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဦးလှရှိန် အစုအတွက် ပိုင်ဆိုင်ကြောင်း+အရောင်းမြေမပုံကူး လျှောက်ထားခြင်းနှင့် ပူးတွဲအမည်ပေါက် ဦးပြုံးမှ အပိုင်ပေးမြေပုံကူးလျှောက်ထားခြင်းအား ကျန်အမည် ပေါက် ဒေါ်သန်းရှင်နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းအရောင်းနှင့် အပိုင်ပေးမြေပုံကူးလျှောက် ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၆၄၀)၊ မြေကွက်တည်နေရာအမှတ်(၆၄၀)၊ မာဃ(၉)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးသိန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းနှင့်ဇနီးဒေါ်ရင်မေတို့ကွယ်လွန်သဖြင့် ၁။ ဒေါ်အေးအေးမြင့်[၁၂/ဥကတ(နိုင်)၀၀၈၃၂၇]၊ ၂။ဒေါ်ငွေးငွေးမြင့်[၁၂/စခန(နိုင်)၀၂၂၉၅၁]၊ ၃။ ဒေါ်ခင်လေးမြင့်[၁၂/ဥကတ(နိုင်)၁၁၃၆၆၆]၊ ၄။ ဒေါ်ချိုချိုသိန်း[၁၂/ဥကတ(နိုင်)၁၁၄၁၃၄]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အိမ်အမှတ်(၄၄)၊ (အလျား ၅၇ပေ× အနံ ၂၄ပေ) ဒေါ်မြ[၁၂/မရက(နိုင်)၀၆၇၄၆၃] ပိုင်ဆိုင်သော မြေပေါ်တွင် အဆောက်အအုံ ဆောက်လုပ်လိုပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်မြ
[၁၂/မရက(နိုင်)၀၆၇၄၆၃]
အမှတ်(၁၈/၉၀)၊ သူရလမ်း၊
(၉)ရပ်ကွက်၊ မရမ်းကုန်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/အိုးအိမ်)၊ မြေကွက်အမှတ်(၄၉၄)၊ မြေကွက်တည်နေရာအမှတ်(၄၉၄)၊ နိဂြောဓလမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်ရှိ ဦးသန်းစိန် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းစိန် (ဖခင်)နှင့် ဒေါ်သင်းမြိုင်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်တင်တင်ဝင်း[၁၂/သကတ(နိုင်)၀၀၅၂၉၉]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၈၄၁/၁၄)ရသူ ဒေါ်ခင်ခင်ဥမ္မာ[၁၂/ဗတထ(နိုင်)၀၁၀၀၉၂]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၈၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၄/ခ)၊ကေတုမာလာ(၄)လမ်း၊ ၄-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ဦးလှထွန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှထွန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်တင်မြိုင်[၁၂/ဥကတ(နိုင်)၀၃၇၆၇၈]မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃/ဇေယျာသီရိ)၊ မြေကွက်အမှတ်(၇၆)၊ မြေကွက်တည်နေရာအမှတ်(၇၆)၊ အောင်မေတ္တာလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်ရှိ ဦးစံတင်အောင်[၁၂/ဒပန(နိုင်)၀၀၃၂၃၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစံတင်အောင် (ခင်ပွန်း)ကွယ်လွန်သဖြင့် (ဇနီး)ဒေါ်ခင်မြ[၁၂/ဒပန(နိုင်)၀၀၃၂၂၉] ကိုယ်စား GP ၁၂၅၁၅/၉-၅-၂၀၁၄ ဖြင့် ရရှိသူ ဦးမျိုးအောင်[၁၂/ဒပန(နိုင်)၀၀၄၈၉၂]မှ ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-F)၊ မြေကွက်အမှတ်(V ၉၀)၊ မြေကွက်တည်နေရာအမှတ်(၈၉)၊ (၁၀၁)လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (မခင်သန်း) အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သန်းနှင့် ဦးစံထွေး ကွယ်လွန်သဖြင့် (၁) ဒေါ်ရင်ရင်မြ[၁၂/မဂတ(နိုင်)၀၄၅၁၁၄]၊ (၂) ဒေါ်ငွေးငွေးအောင်[၁၂/မဂတ(နိုင်)၀၃၂၅၄၄]၊ (၃) ဒေါ်အေးအေးမော်[၁၂/မဂတ(နိုင်)၀၃၂၁၁၈]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄ E)၊ မြေကွက်အမှတ်(V၁၀၁)၊ မြေကွက်တည်နေရာအမှတ်(၅၃)၊ (၁၆၄)လမ်း၊ တာမွေကြီး (ခ) ရပ်ကွက် (ဦးစိုးမြင့်၊ ဒေါ်သွင်ကြည်(ခ)ဒေါ်တင်ကြည်) အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးစိုးမြင့်(ဖခင်)နှင့် ဒေါ်သွင်ကြည်(ခ) ဒေါ်တင်ကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် (၁) ဦးလင်းထင်[၁၂/တမန(နိုင်)၀၂၀၃၇၀]၊ (၂)ဒေါ်သင်းသင်းနွယ်[၁၂/တမန(နိုင်)၀၄၇၆၁၀]၊ (၃) ဦးဖုန်းမြင့်[၁၂/တမန(နိုင်)၀၄၆၄၀၄]၊ (၄) ဒေါ်မြင့်မြင့်ကြည်(ခ)ဒေါ်သီတာ[၁၂/တမန(နိုင်)၀၈၃၆၅၀]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အတွေးအမြင်ဆောင်းပါး

နှလုံးအေးတဲ့ဆေး

à atmifumf(qifqy)

ဘဝအမောတွေဖြင့် ပြည့်နှက်နေသော လောကီနယ်တွင် သောကအပူမီးကို ပိန်းကြာရွက်တွင် ရေမတင်ဘိသကဲ့သို့ အစဉ်ငြိမ်းအေးစေနိုင်သော နှလုံးအေးသည့် ဆေးစွမ်းကောင်းများ ရှိနေပါသည်။ လူတိုင်းသိထားပြီးသော ဆေးနည်းများလည်း ဖြစ်ပါသည်။

တချို့က 'ပြိုင်လာလျှင်အရှုံးပေး နှလုံးအေးတဲ့ဆေး' ဟု ဆိုကြသည်။ အရှုံးပေးတိုင်း နှလုံးအေးနိုင်မည်လား။ မိမိတို့စဉ်းစားကြည့်သင့်ပါသည်။ ယှဉ်ပြိုင်မှုဟူသည် လောကီနယ်ပယ်တွင် မလွဲမသွေလုပ်ဆောင်ကြရမည့် လုပ်နည်းလုပ်ဟန်တစ်ရပ်သာ ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း ယှဉ်ပြိုင်ခြင်းနှင့် ရှင်သန်ခြင်း ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းပမာ ခွဲခြားမရစကောင်းသော အရာများသာ ဖြစ်ပါသည်။ ယှဉ်ပြိုင်ခြင်းကြောင့် ယုံကြည်ချက်ကိုခိုင်မာစေပြီး ကိုယ်ရည်ကိုယ်သွေးကိုလည်း မြင့်မားစေပါသည်။ အကယ်၍ 'ပြိုင်လာလျှင်အရှုံးပေး နှလုံးအေး' သူဖြစ်ခဲ့ပါလျှင် အကြင်ပုဂ္ဂိုလ်သည် တရားဓမ္မနှင့် မွေ့ပျော် လောကုတ္တရာနယ်ပယ်မှ သူတော်စင်သာ ဖြစ်ပါလိမ့်မည်။ လောကီနယ်တွင်ကား 'ပြိုင်လာလျှင်အရှုံးပေး နှလုံးအေးတဲ့ဆေး' ဆိုခြင်းသည် 'ထမင်းရည်ပူ လျှာလွှဲ' လောကခံကိုရင်မဆိုင်ရဲသော အကြောင်းပြချက်တစ်ရပ်သာ ဖြစ်ပေလိမ့်မည်။

မြန်မာမှုနယ်ပယ်တွင် 'လေ့ခွက်ချည်းကျန် အလံမလဲ'၊ 'တက်ကျိုးလည်း လက်ထိုးလှော်' ဆိုသည့် စကားများသည် အနိုင်မခံအရှုံးမပေး မလျှော့သောဇွဲလုံ့လဖြင့် နောက်ဆုံးအချိန်ထိတိုင် ယှဉ်ပြိုင်ခြင်းကို အားပေးထားခြင်းဖြစ်ပါသည်။ သို့သော် 'ငါ့လှေငါထိုး ပဲခူးရောက်ရောက်' တယူသန်၊ တစောက်ကန်းနှင့် 'မျက်ကန်း တစ္ဆေမကြောက်' အစွန်းရောက်လုပ်ရပ်မျိုးကိုကား အားမပေးသင့်ပါ။ အရေးကြီးဆုံးမှာ ရိုးသားသောယှဉ်ပြိုင်ခြင်းသာ ဖြစ်ဖို့လိုပါသည်။ လတ်တလော ကမ္ဘာ့ဖလားပွဲတုန်းက အနိုင်ရလိုဇောဖြင့် တစ်ဖက်လူအား ဒဏ်ရာအနာတရဖြစ်အောင် တမင်ပြုလုပ်ခြင်း၊ အခွင့်အရေးအတွက် ကိုယ်ကို လှဲချဟန်ဆောင်ပြခြင်းများသည် သိက္ခာမဲ့သောလုပ်ရပ်မျိုးဖြစ်၍ ကောင်းသော ယှဉ်ပြိုင်ခြင်းဟု မဆိုနိုင်ပါ။

ယှဉ်ပြိုင်ခြင်းတွင် နှစ်မျိုးနှစ်စားရှိပါသည်။ အတွင်းအဖွဲ့တမှာ ယှဉ်ပြိုင်ခြင်းနှင့် အပြင် ဗဟိဒ္ဓယှဉ်ပြိုင်ခြင်း ဟူ၍ ဖြစ်ပါသည်။ အတွင်း ယှဉ်ပြိုင်ခြင်းသည် စိတ်မနောမှာ တယံမလပ်ဖြစ်ပေါ်နေသည့် ကုသိုလ်၊ အကုသိုလ်နှစ်ပါးအား ပြိုင်ခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအချင်းချင်း ယှဉ်ပြိုင်ကြခြင်း၊ လုပ်ငန်းခွင်အသီးသီးတွင် လုပ်ဖော်ကိုင်ဖက်များ အချင်းချင်းကြား ယှဉ်ပြိုင်ခြင်းများကား အပြင်ဗဟိဒ္ဓယှဉ်ပြိုင်ခြင်းများ ဖြစ်ပါသည်။ အတွင်းစိတ်မနောကို ထိန်းကျောင်းကာ ကုသိုလ်စိတ်ဖြင့် တွန်းပို့နိုင်ခြင်းသည်သာ ဘဝ၏အောင်နိုင်ခြင်း အစစ်အမှန်ဖြစ်ပြီး ထိုပုဂ္ဂိုလ်မျိုးအား ပညာရှိသူတော်ကောင်းများက ကောင်းချီးပေးကြသည်။ မည်သို့ဆိုစေ ရိုးသားကြိုးစားယှဉ်ပြိုင်ခြင်းသည် လူ့ဘဝသမှု၏လက္ခဏာ ဘဝ၏အလှရတနာတစ်ပါးဟု ဆိုနိုင်ပါသည်။

လောကီနယ်သားများအတွက် နှလုံးအေးတဲ့ဆေးဆိုသည်မှာ လူသာမန်တို့နှင့် မထိုက်တန်အဆင့်မြင့်သူများသာ ကျင့်သုံးနိုင်သော 'ဗြဟ္မဝိဟာရ-ဗြဟ္မစိုရ်တရားလေးပါး' ဖြစ်ပါသည်။ ငြိမ်းချမ်းမှုကိုရယူနိုင်ပြီး နိဗ္ဗာန်ထိတိုင် မျက်မှောက်ပြုနိုင်စွမ်းသည့် အကျင့်မြတ်လည်း ဖြစ်ပါသည်။ ယင်းမှာ 'မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ' ဟူသည့် လူသားဝိဟာရလေးပါးဖြစ်ပါသည်။ ဤသည်ပင်လျှင် အတွင်းအောင်နိုင်ခြင်း၏ အခြေခံတရားလေးပါးဟုလည်း ဆိုနိုင်ပါသည်။

ဦးစွာပထမ 'မေတ္တာ' ဟူသည် မြင်မြင်သမျှအားလုံးအပေါ် ဆူကြံနိမ့်မြင့်မရွေး အရောင်အသွေးမခွဲခြား ကိုယ်ချင်းစာတရားနှင့် ဖြူစင်ရှင်းသန့်ချစ်ခြင်းသဘော၊ ငြိမ်းချမ်းမှု၏ အခြေခံဗြဟ္မဝိဟာရတရားတစ်ပါး ဖြစ်ပါသည်။

'ကရုဏာ' ဟူသည် မိဘနှင့်သားသမီး၊ တပည့်နှင့်ဆရာကြား ထားအပ်သည့် မေတ္တာတရား။ တစ်နည်းအားဖြင့် မိမိထက်နိမ့်သူများ ပေါ်ထားအပ်သော ကြင်နာသနားခြင်းမျိုး ဖြစ်ပါသည်။ ဆိုဖာရီနိုစစ်မြေပြင်တွင် ဒဏ်ရာရစစ်သည်များအား ခွဲခြားဆက်ဆံပြုနေသော အီတလီကျေးတောသူကလေးများကို ဟင်နရီဒူးနန့်က We are all Brother. စကားဖြင့် ယဉ်ပါးစေနိုင်ခဲ့သည်။ တွေ့ဆုံရသမျှ နိမ့်ပါးသူများအားလုံးအပေါ်မှာ ဆွေမျိုးရင်းချာ ညီအစ်ကိုမောင်နှမများဟု ဟင်နရီဒူးနန့်လို အမြင်ကြည်လင်ပါလျှင် မိမိတို့ နှလုံးအိမ်မှာ အစဉ်ထာဝရ ကရုဏာတရားနှင့် ငြိမ်းချမ်းမှုအတိ ရှိနေပါလိမ့်မည်။

'မုဒိတာ' ကား ကိုယ့်ထက်မြင့်မြတ်သူများအပေါ်မှာ ရိုးသားစွာ ပီတိသောမနဿဖြစ်ခြင်း တစ်မျိုး ဖြစ်ပါသည်။ စိတ်ထားမြင့်မြတ်သူများ၏ ဥစ္စာ၊ မေတ္တာကိုယ်ပွား တရားတစ်ခု ဖြစ်ပါသည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာဟူသည် ကိုယ်ချင်းစာနာတတ်သူများအတွက် လောက၏လက်ဆောင် အဆောင်ကောင်းများ ဖြစ်ပါသည်။ လူတိုင်းမှာ ဤတရားများနှင့် မပြည့်စုံနိုင်သလို ဤတရားများနှင့် မထိုက်တန်သူ လူ့ဂွစာများလည်း မိမိတို့ဝန်းကျင်တွင် ဒုနှင့်ဒေး တွေ့မြင်နေရပါသည်။ 'ကိုယ့်စိတ်နှင့်နှိုင်း မရိုင်း' ဟု ဆိုရိုးစကားရှိပါသည်။ ကိုယ်ချင်းစာနာတတ်မှုနှင့် သက်ဆိုင်သည့်စကားစုတစ်ရပ် ဖြစ်ပါသည်။ သို့သော် မိမိတို့ဝန်းကျင်တွင် ကိုယ့်စိတ်နှင့်နှိုင်း ရိုင်းနေကြသူများသာ အများအပြားရှိနေတတ်ပါသည်။ တစ်စုံတစ်ဦးသည် ပင်ကိုယ်ဗီဇဓာတ်ခံ အားကောင်း-မကောင်း၊ အရာရာကို အကောင်းမမြင်၊ အမြဲလိုငြိုငြင် ဘဝင်မကျဖြစ်နေတတ်သူဆိုပါလျှင် ထိုသူ၏ ကိုယ့်စိတ်နှင့်နှိုင်းခြင်းသည် ကိုယ်ချင်းစာနာမှု ဖြစ်လာမည်မဟုတ်ပါ။ ထိုကဲ့သို့သောလူများ၏ နှလုံးအိမ်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများအတွက် နေစရာမရှိနိုင်ပါ။ ပင်ကိုယ်ဗီဇမကောင်း၍ ကိုယ့်စိတ်နှင့်နှိုင်း ရိုင်းသွားကြရသည်။ ထို့ကြောင့် တောင်မြို့ ဆရာတော်ဘုရားကြီးက 'စိတ်ကောင်းရှိဖို့ ပထမ' ဟု မိန့်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ထိုထိုသောပုဂ္ဂိုလ်များနှင့် ထိတွေ့ဆက်ဆံပြုကြရာတွင် ဥပေက္ခာတရားသည်သာ အမှန်ကန်ဆုံးနှင့် အကောင်းဆုံး။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများနှင့် ဆက်ဆံ၍မရသူကို ကံသုံးပါးစလုံးတွင် ဥပေက္ခာပြုလျက် ကင်းကင်းရှင်းရှင်း နေထိုင်ခြင်းသည်သာ ဘဝနေနည်းအမှန်ဖြစ်ပါသည်။ ဤသည်ပင် နှလုံးအေးတဲ့ဆေးအစစ် ဖြစ်ပါသည်။ ဆရာကြီးပီမိုးနင်းက 'သူများအကြောင်း တွေးနေ ပြောနေခြင်းသည် အခကြေးငွေမရဘဲ ကျွန်ခံခြင်း' ဟု သတိပေးထားခဲ့သည်။ ဘင်ဂျမင်ဖရင်ကလင်က 'လူတစ်ယောက်အကြောင်း အကောင်းပြောစရာ မရှိပါလျှင် သူ့အကြောင်းမပြောဘဲ တိတ်တိတ်နေ၏' ဟု ပြောခဲ့သည်။

'Life is too short to be little' လူ့ဘဝသက်တမ်းသည် တိုတိုလေး၊ သေးသိမ်နေဖို့ အချိန်မရှိ' ဟု ဆိုခဲ့သူက အင်္ဂလန်နန်းရင်းဝန် ဒွေ့စ်ရေးလီ။ ပညာရှိများ၏ အပူနယ်ရှောင်ကွင်း ဘဝနေနည်းများ။ ဘဝခရီးမှာ 'မိတ်ဆွေသာရှိ ရန်သူမရှိ' ကျင့်ကြံ နေထိုင်တတ်ဖို့ လိုသည်။ 'အာဃာတ' တရားသည် ကြောက်စရာ အကောင်းဆုံး ငရဲမီးတစ်မျိုး။ တစ်ဖက်သားက ရန်သူကဲ့သို့ ပြုမူလာလည်း မိမိဘက်က 'ကြည့်မှန်' ကဲ့သို့ မတုန့်ပြန်ဘဲ သတိနှင့်ယှဉ် ဥပေက္ခာပြု နေထိုင်မှုသည် နှလုံးအေးသည့် ဆေးစစ်ဆေးမှန် ဖြစ်ပါသည်။

လောကတွင် ဆောင်သင့်ရှောင်သင့်သူ လူနှစ်မျိုးနှစ်စားရှိပါသည်။ နှလုံးသားမှာ အစဉ်သိမ်းဆည်းထားရမည့်သူနှင့် အမှိုက်ကဲ့သို့ ကျင့်သုံးရမည့်သူဟူ၍ ဖြစ်ပါသည်။ မိမိအပေါ်မှာ ကျေးဇူးပြု မိသားစုသဖွယ် နွေးထွေးမှုပေးသူများနှင့် တူညီသောတုန့်ပြန်မှုမလာသူ ရန်သူကဲ့သို့ ပြုမူသူများ ဖြစ်ပါသည်။

'အားလုံးဖမ်းလျှင် အားလုံးလွတ်သည်' တရုတ်စကားပုံရှိသည်။ အားလုံးကိုဖမ်းဆုပ်ထားလျှင် အားလုံးကို ဆုံးရှုံးသွားနိုင်ပါသည်။ ရတနာနှင့် အမှိုက်ကို ခွဲခြားမှုမပြုရောနှော သိမ်းဆည်းထားလျှင် ဆွမ်းဆန်မှာကြွက်ချေးရောသလို ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်သွားရသည့် အဖြစ်မျိုးနှင့်အုတ်ရောရောကျောက်ရောရောဘဝမှာ ငြိမ်းချမ်းမှု မရှိဖြစ်နေရပါလိမ့်မည်။

လူ့ဘဝမှာ အသက်တစ်ရာမနေရ အမှုတစ်ရာ တွေ့ရစမြဲ ဓမ္မတာဖြစ်ပါသည်။ အကောင်း-အဆိုး၊ အလင်း- အမှောင် ဆန့်ကျင်ဘက်သဘောများနှင့် လူ့လောကတွင် နှလုံးအေးတဲ့ဆေးဟူ၍ အဆိုးထဲကအကောင်း၊ အမှောင်ထဲမှအလင်းကို ရှာဖွေတွေ့ရှိရယူနိုင်ခြင်းပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် နှလုံးအေးတဲ့ဆေးဟူသည် ဘုရားဟောသည့် ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ ကျင့်ကြံနေထိုင်တတ်ခြင်းပင်ဖြစ်သည်။

> **ယှဉ်ပြိုင်ခြင်းတွင် နှစ်မျိုးနှစ်စားရှိပါသည်။ အတွင်းအဖွဲ့တမှာ ယှဉ်ပြိုင်ခြင်းနှင့် အပြင် ဗဟိဒ္ဓ ယှဉ်ပြိုင်ခြင်းဟူ၍ ဖြစ်ပါသည်။ အတွင်းယှဉ်ပြိုင်ခြင်းသည် စိတ်မနောမှာ တယံမလပ်ဖြစ်ပေါ်နေသည့် ကုသိုလ် . . .**

သာစည်မြို့နယ်အတွင်း ၂၀၁၄ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ဒုတိယအကြိမ်ကျင်းပ

သာစည်၊ ဩဂုတ် ၂

မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ဒုတိယအကြိမ်အဖြစ် အပင် ၁၂၈၀ တို့ကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက လှိုင်းတက်ကျေးရွာအုပ်စု၊ လှိုင်းတက်ကျေးရွာ သိမ်းကျောင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စိုက်ပျိုးခဲ့သည်။

ကျွန်းပင် ၃၀၀၊ လျော်ဖြူပင် ၃၀၀၊ မယ်ဇလီပင် ၂၅၀၊ ကုက္ကိုပင် ၁၀၀၊ စိန်ပန်းပင် ၅၀၊ ဩဇာပင် ၃၀၊ ရေတမာ ၃၀၊ စိန်ပန်းဝါ ၅၀၊ ငုစပ်ပင် ၂၀၊ ဩရိုးရှားပင် ၅၀၊ ပိတောက်ပင် ၇၀နှင့် ပျဉ်းကတိုးပင် ၃၀ တို့ကိုစိုက်ပျိုးခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းနှင့် ဦးစံထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနနှင့် စိမ်းစိုဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

တာဝန်ရှိသူများက ပျိုးပင်များကို ပေးအပ်ရာ ကျေးရွာတာဝန်ရှိသူများက လက်ခံပြီး သစ်ပင်များစိုက်ပျိုးခဲ့သည်။တစ်ချိန်တည်းမှာပင် ကြာဘက်ကုန်းကျေးရွာအုပ်စု ကြာဘက်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျွန်းပင် ၅၀၊ လျော်ဖြူပင် ၅၀၊ ရေတမာပင် ၃၀၊ ပိတောက်ပင် ၂၀၊ စိန်ပန်းဝါ ၃၀ ပင်နှင့် စိန်ပန်းပင် ၂၀ စုစုပေါင်းအပင် ၂၀၀ တို့ကို သစ်တောဦးစီးဌာနနှင့် စိမ်းစိုဦးစီးဌာနဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

ဇေယျ(၇၄)သင်တန်းဆင်း တရားရေးအရာရှိများ ဆွမ်းလောင်းပွဲ တွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲ ဖိတ်ကြားခြင်း

ဇေယျ(၇၄)သင်တန်းဆင်း တရားရေးအရာရှိများ၏ နှစ်(၃၀)မြောက် ပုလဲရတုအထိမ်းအမှတ်အဖြစ် ဆွမ်းလောင်းပွဲ၊ တွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲများကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နှင့် ၆ ရက်နေ့များတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်းရှိ တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ သင်တန်း ဆင်းတရားရေးအရာရှိများအားလုံး တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ဇေယျ(၇၄)တရားရေးအရာရှိများ
ပုလဲရတုဖြစ်မြောက်ရေးကော်မတီ





နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများ အားတတိယအဆင့်အရှိန်အဟုန် မြှင့်တင်မှုလုပ်ငန်းစဉ်များဆွေးနွေး

ရမည်းသင်း၊ ဩဂုတ် ၂

ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave)နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave)နှင့် ပတ်သက်သည့်လုပ်ငန်းစဉ်များကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးထက်မြက်အောင်က ရပ်ကျေးအုပ်ချုပ်ရေးမှူးများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက်မွန်းလွဲ ၁ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးထက်မြက်အောင်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး စာရေးဝန်ထမ်းများအား နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု (Third Wave)နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကိုရှင်းလင်းခဲ့သည်။

ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ကပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးနေသလို မိမိတို့ကိုယ်တိုင်ကလည်း စွမ်းဆောင်ရေ မြင့်မားသည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်စေရန် တာဝန်ယူမှု/တာဝန်ခံမှုများဖြင့် ပြည်သူများ၏ လိုလားချက်များကို ဝန်ဆောင်မှုကောင်းများပေးနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်လာစေရေး ပြုပြင်ပြောင်းလဲရန်ရှင်းလင်းခဲ့သည်။

ထို့ပြင် အဆိုပါဆွေးနွေးပွဲ၌ မြို့နယ်အသိပညာရှင်၊ အတတ်ပညာရှင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း)ဦးဌေးလွင်က နိုင်ငံတော်မှကဏ္ဍအသီးသီးတွင် ဗဟိုချုပ်ကိုင်မှုစနစ်များကို အဆင့်ဆင့်လျှော့ချပေးခဲ့မှုများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ပညာရေး၊ကျန်းမာရေးနှင့် စိုက်ပျိုးရေးစသည်တို့ကို ပြည်သူကို ဗဟိုပြုကာ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အရှိန်မြှင့်တင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇော်ဝင်းအောင်(ရမည်းသင်း)

ပဲခူးတိုင်းဒေသကြီး ဖြူးတွင် ကျေးလက်ကျန်းမာရေး ဌာန နှင့် ဌာနခွဲများအဆင့်တိုးမြှင့်ဖွင့်လှစ်

ဖြူး၊ ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စု၊ ဝဲကြီးရွာတွင် ယခင်က ကျေးလက်ကျန်းမာရေးဌာနမှ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး၊ ဖြူးမြို့နယ် ရေသျှံကြီး ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဆင့် သို့လည်းကောင်း၊ ခင်တန်းကြီး ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန အဆင့်သို့လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

ယခင်က ဖြူးမြို့နယ်၊ လယ်ပြင်ကြီးရွာ၊ ဝဲကြီးရွာ၊ ကျော်လှရွာ၊ ဘုရားလဟာရွာနှင့် မြပဲခူးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန ငါးခုသာရှိခဲ့ရာမှ ယခု ရေသျှံကြီးရွာနှင့် ခင်တန်းကြီးရွာတို့၌ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိသဖြင့် ကျေးလက် ကျန်းမာရေးဌာနပေါင်း ခုနစ်ခုအထိဖွင့်လှစ်ခွင့်ရရှိခဲ့သည်။

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်တွင် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျေးလက်နေပြည်သူများ ဆေးကုသမှုလွယ်ကူ မြန်ဆန်ရေးတို့အတွက် ဖြူးမြို့တွင် ကုတင် ၁၀၀ ဆေးရုံတစ်ရုံ၊ ကညွတ်ကွင်းမြို့တွင် ၂၅ ကုတင်ဆံ့တိုက်နယ်ဆေးရုံ တစ်ရုံ၊ ညောင်ပင်သာတွင် ၁၆ ကုတင်ဆံ့တိုက်နယ်ဆေးရုံ တစ်ရုံနှင့် ဇေယျဝတီမြို့တွင် ၁၆ ကုတင်ဆံ့တိုက်နယ်ဆေးရုံ တစ်ရုံရှိပြီးဖြစ်သည်။

ယခင်က ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၁ အုပ်စုတို့တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ ၃၂ ခုသာရှိခဲ့ရာမှ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ထဲတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲပေါင်း ၃၉ ခုအထိ တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ ကျေးလက်နေပြည်သူများ ကျန်းမာရေးအတွက် လက်လှမ်းမီစွာ အချိန်နှင့် တစ်ပြေးညီ ဆေးဝါး ကုသနိုင်ကြတော့မည်ဖြစ်သည်။

ယခု တိုးချဲ့ ဖွင့်လှစ်ခွင့်ပြုခဲ့သော တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံများကို ပဲခူးတိုင်းဒေသကြီး အစိုးရ၏အစီအစဉ်ဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်၍ ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ်တွင် အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖြူးမြင့်ဦး

ကနီမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းသား၊သမီး ထူးချွန်ကျောင်းသူအား ဂုဏ်ပြုဆုပေးအပ်ပွဲကျင်းပ

ကနီ၊ ဩဂုတ် ၂

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဇီဝဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်သင်းသင်းအေး၏ သမီး မခင်မြတ်မြတ်ထက်ကို ပြန်ကြားရေးဝန်ကြီးဌာနမှ ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်းသိရသည်။

ဆုချီးမြှင့် ပေးအပ်ပွဲကို ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၃၀ တွင် ကနီမြို့ ပြန်/ဆက်ဦးစီးဌာန အခမဲ့ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုငွေကျပ် ၅၀၀၀၀၊ ကနီမြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ ဝန်ထမ်းများက ဂုဏ်ပြုငွေကျပ် ၂၀၀၀၀ တို့အား ထပ်ဆင့်ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခင်ဝင်းကြည့်မှ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဇီဝဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော မခင်မြတ်မြတ်ထက်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းဌွေးအောင်(ကနီ)

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

မိုးညှင်း၊ ဩဂုတ် ၁

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ် ၂၀၁၄ ခုနှစ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဩဂုတ် ၁ ရက် နံနက် ၈ နာရီတွင် မိုးညှင်းဒီဂရီကောလိပ် ကျောင်းဝင်းအတွင်း၌ကျင်းပခဲ့ကြောင်းသိရသည်။

ပွဲတော်တွင်မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ် သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ ဦးကြည်စိုးက သစ်တောသစ်ပင်များသည် လူသားများအတွက် အောက်စီဂျင် လေကောင်းလေသန့်ရရှိပြီး လူသားတို့အသက်ရှင်နေထိုင်ရေးအတွက် အရေးကြီးသည့် အရာတစ်ခုဖြစ်ကြောင်း၊ ဥဘာဝ ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးအတွက် စိုက်ပျိုးထိန်းသိမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပျိုးပင်များကို နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်သက်လွင်နှင့် တပ်မတော်အရာရှိများ၊ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စွာအောင်နှင့် ခရိုင်/မြို့နယ်အဆင့်ဝန်ထမ်းများ၊ ခရိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီမီးသတ်တပ်ဖွဲ့ဝင်များ၊ မိုးညှင်းဒီဂရီကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ သစ်တောဦးစီးဌာနအရာရှိနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော် အပင်စုစုပေါင်း ၅၅၀ ကျော်ကို စိုက်ပျိုးဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

တင်ဝင်းသိန်း (ပြန်/ဆက်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မင်းမင်းစိုး ၉/သေရ(နိုင်) ၀၀၄၃၀၁ ၏ ပါမစ်လက်မှတ် နံပါတ် - ၀၁၇၈/၁၀ ၏ လက်မှတ်မှာ ပျောက်သွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း - ၀၉-၃၃၂၈၈၄၄၅၈

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်(၃ဃ/၅၈၆၂)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)

သန်လျင်မြို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်(၃ဃ/၅၈၅၇)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)

သန်လျင်မြို့

(၁၀-၃-၂၀၁၄) ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နှမ္မာ သို့ ပို့သပေးတဲ့ မှတ်တမ်းများ

ကျန်းမာရေးဆောင်းပါး

ဆီးချိုရောဂါရှိသူများ လမ်းများများလျှောက်ထား

à wifkufkufZmf

၂၀၁၃ ခုနှစ် ဇွန်လဆန်းပိုင်းက George Washington University မှာ ဆီးချိုရောဂါနဲ့ ပတ်သက်ပြီး စမ်းသပ်မှုတစ်ခုပြုလုပ်ခဲ့ကြပါတယ်တဲ့။ အဲဒီစမ်းသပ်မှုကတော့ အသက် ၆၀ ကျော် ဆီးချိုရောဂါဝေဒနာရှင် ၁၀ ဦးကို နေ့လည်စာနဲ့ ညစာများစားပြီးနောက် ၁၅ မိနစ် စီ Treadmill (ခေါ်)လှေကားပေါ် တစ်ထစ်ချင်း တက်ရသလိုမျိုး လမ်းလျှောက်စက်ပေါ်မှာ ခပ်ဖြည်းဖြည်းမှန်မှန်နှုန်း ဖြင့် ရက်သတ္တတစ်ပတ်တိတိ လမ်းလျှောက်ခိုင်းခဲ့ပါတယ်။ ရလဒ်ကတော့ သွေးထဲမှာ သိသိသာသာ သကြားပမာဏကျဆင်းသွားပြီး ဆီးချိုကျသွားပါတယ်တဲ့။

သုတေသီများက 'ထမင်းစားပြီး ၁၅ မိနစ်လောက် လမ်းလျှောက်ပေးခြင်းက တခြားအချိန်တွေမှာ ခပ်ကြာကြာလမ်းလျှောက်ခြင်းထက် ဆီးချိုပမာဏ လျော့ကျနှုန်းပိုမြန်ဆန်စေပါတယ်။ အထူးသဖြင့် နေ့လည်စာစားပြီး လမ်းလျှောက်ခြင်းထက် ညစာ စားပြီး လမ်းလျှောက်တဲ့အခါ စားထားတဲ့အစာတွေမှာ ပါတဲ့ ဂလူးကို့စ်ဓာတ်တွေ လောင်မြိုက်သွား စေတာကြောင့် ခန္ဓာကိုယ်ထဲမှာ အဲဒီဂလူးကို့စ်တွေ တစ်ညတာလုံး ခိုအောင်းမနေတော့ဘူးပေါ့' လို့ အကြံပြုထားတာကို အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့ရဲ့ ၂၀၁၃ ခုနှစ်၊ ဇွန် ၁၂ ရက်ထုတ် Diabetes Care (ခေါ်)ဆေးပညာဂျာနယ်တစ်စောင်မှာခုလိုဖော်ပြသွားခဲ့ပါတယ်။

ဆီးချိုရောဂါဟာ အရင်တုန်းကတော့ ဖွံ့ဖြိုးပြီးနိုင်ငံများ (ချမ်းသာတဲ့ နိုင်ငံများ)မှာပဲ အဖြစ်များခဲ့ပေမယ့်၊ ၂၀ ရာစုနောက်ပိုင်းမှာ သိသိသာသာလူနေမှုပုံစံတွေ ပြောင်းလဲလာကာ ကမ္ဘာနှင့်အဝှမ်း ရောဂါဖြစ်နှုန်း အရမ်းကို အဖြစ်များလာကြပါတယ်။ ဆီးချိုလို့ခေါ်ကြပေမယ့် အမှန်တော့ သွေးထဲမှာအချိုဓာတ်များနေခြင်းပါ။ သွေးထဲကနေမှ ဆီးထဲမှာပါလာပြီး၊ လူအများစုက ဆီးချိုရှိမှန်းမိမိကိုယ်ကိုတောင် မသိခဲ့ကြဘဲ၊ အခြားရောဂါကုသရန်သွေး၊ ဆီးစစ်ဆေးရင်း(သို့မဟုတ်) ဆီးချိုပမာဏတက်ကာ လွန်စွာနာမကျန်းဖြစ်တော့မှ သိလာရပါတယ်။

ဆီးချိုရောဂါ အမျိုးအစားများ

ဆေးသိပ္ပံနည်းအရ ဆီးချိုရောဂါကို Diabetes Type (၁)(၂)(၃) ဆိုပြီး သုံးမျိုးခွဲခြားထားပါတယ်။ Diabetes Type (၁) က ကိုယ်ခန္ဓာကနေ အချိုဓာတ်ကို ထိန်းညှိပေးသော သရက်ရွက်ကနေ ထုတ်ပေးရမဲ့ Insulin ဟော်မုန်း မထုတ်နိုင်တော့တာကြောင့် အင်ဆူလင်လိုအပ်နေတဲ့ရောဂါ အမျိုးအစားဖြစ်ပါတယ်။ အသက် ၃၅ အောက် ငယ်ရွယ်သူတွေမှာ ဖြစ်တတ်ပါတယ်။ Diabetes Type (၂) က တော့ အင်ဆူလင်ကို တုံ့ပြန်နိုင်စွမ်းကျဆင်းလာတဲ့အတွက် အင်ဆူလင်မလိုအပ်ဘဲ အင်ဆူလင်ကို တုံ့ပြန်ပေးနိုင်စွမ်းသော ဆေးဝါးများလိုအပ်ခြင်းကြောင့် ဖြစ်တဲ့ရောဂါမျိုးပါ။ အသက် ၃၅ အထက်မှာ စဖြစ်လေ့ရှိပြီး၊ သွေးတိုး၊ နှလုံးရောဂါတို့နဲ့ တွဲနေပါတယ်။ ဆီးချိုရောဂါရဲ့ ၉၀ ရာခိုင်နှုန်းခန့် Type ၂ ဖြစ်ပါတယ်။ Diabetes Type (၃) က ကိုယ်ဝန်ဆောင်နေစဉ် ဖြစ်တတ်ပါတယ်။ Type (၁)နဲ့ (၂) တို့က နာတာရှည်ဖြစ်ပြီး၊ လုံးဝအမြစ်ပြတ်ပျောက်တယ်ဆိုတာမရှိပါဘူး။ Type (၃) ကတော့ ကလေးမွေးပြီး ကောင်းသွားတာများပါတယ်။ အချို့ကလည်း နောက်ပိုင်းမှာ Type (၂) ဖြစ်သွားတတ်ကြပါတယ်။

ဆီးချိုရောဂါလက္ခဏာများ

(၁) ရေငတ်ခြင်း(အာခြောက်ခြင်း) (၂) ဆီးသွားများခြင်း (၃) ညဘက်ဆီးခဏခဏ ထသွားရခြင်း (၄) ပင်ပန်းနွမ်းနယ်ခြင်း (၅) ကိုယ်အလေးချိန်ကျသွားခြင်း (၆) အမြင်အာရုံမကောင်းတော့ခြင်း (၇) မိန်းမကိုယ်ယားယံခြင်း၊ လိင်တံယားယံခြင်း၊ ရောင်ခြင်း (၈) ပျို့အန်ခြင်း၊ ခေါင်းကိုက်ခြင်း (၉) စိတ်အပြောင်းအလဲဖြစ်ခြင်း၊ အာရုံစူးစိုက်မှုကျလာခြင်း-စသည်တို့ဖြစ်ပါတယ်။ (Type ၁ နဲ့ Type ၂ ရဲ့ ရောဂါလက္ခဏာတွေက ဆင်တူကြလို့ တစ်ခါတစ်ရံ ဆရာဝန်တွေတောင် ဝေခွဲရခက်ပါတယ်။)

သဘာဝကုထုံးလေးများ

(၁) ရေက ခန္ဓာကိုယ်ထဲရှိ သကြား၊ ဂလူးပကို့စ်ပမာဏကို ထိန်းပေးတာကြောင့် ရေများများသောက်ပါ (တစ်နေ့ကို ၂-လီတာ ရှိ သောက်ရေသန့်ဗူး နှစ်ဗူးခန့်သောက်ပါ)။

(၂) နေရောင်ခြည်ထဲမှာပါတဲ့ ဗီတာမင်ဒီ က သွေးထဲရှိ ဂလူးကို့စ်ပမာဏကို ထိန်းပေးတာကြောင့် နံက်ပိုင်း ၁၅ မိနစ်ခန့် နေပူစာလှုံပါ။

(၃) အရသာ ခါးသက်သက်ရှိတဲ့ ခံတက်ပင်၏ ပင်စည်၊ အခေါက်ကို လေးခွက် တစ်ခွက်တင် ကျိုသောက်ပါ။

(၄) ဆီးဖြူသီး ပြုတ်ရည်သောက်ပေးပါ။ ကင်းပုံခါးသီးများများစားပါ။

(၅) ကင်ပွန်းချဉ်ရွက် ပြုတ်ရည်သောက်ပါ။

(၆) တရုတ်စံကားပင်ရဲ့ ပင်စည်အခေါက် ပြုတ်ရည် သောက်ပေးပါ။

(၇) ပြည်ပန်းညိုအပင်ရဲ့ အရွက်၊ အခေါက်တို့ကို ဆန်ဆေးရည်ဖြင့် သုံးခွက် တစ်ခွက်တင် ကျို၍ နေ့စဉ် နံနက်၊ ညသောက်ပါ။

(၈) နတ်ဆေးဂမုန်းပင်အမှုန့်ကို တစ်နေ့သုံးကြိမ်မျှ တစ်ခါသောက် လက်ဖက်ရည်ဇွန်း နှစ်ဇွန်းကျစီ သောက်ရေဖြင့်သောက်ပေးပါ။

(၉) ဗေဒါပန်းပွင့်ကို ပြုတ်သုတ်စားပေးပါ (သို့မဟုတ်) ဗေဒါပန်းပွင့်ကို အခြောက်ခံပြီး လက်ဖက်ခြောက်ကဲ့သို့ ရေနွေးခတ်၍ သောက်ပါ။

(၁၀) သပြေသီးအစေ့ခြောက်ကို အမှုန့်ပြု၍၊ ၎င်းအမှုန့် နှစ်ပဲသားခန့်ကို တစ်နေ့နှစ်ကြိမ် ရေကျက်အေးဖြင့် သောက်ပေးပါ။

(၁၁) ခဝဲ(ခါး)သီးကို ကြော်ချက်စားခြင်း (သို့မဟုတ်) ခဝဲသီးကိုအခြောက်လှန်း အမှုန့်ပြု၍ တစ်ခါသောက် လက်ဖက်ရည်ဇွန်း တစ်ဇွန်းဖြင့် တစ်နေ့သုံးကြိမ် သောက်ပေးပါ။

(၁၂) ဆင်တုံးမနွယ် လက်ခလယ်အရွယ် တစ်တောင့်ခန့်ကို ဖြတ်၊ သန့်ရှင်း၊ မီးဖုတ်၊ အပေါ်ခံ မီးကျွမ်းခါနီး ပြန်ထုတ်၊ အပေါ်မှ အမည်းရောင်များ ခြစ်ထုတ်၊ သန့်ရှင်းတဲ့ လက်ရိုက်တစ်ခုနှင့်ထုပြီး ဆန်ဆေးရည် နှစ်ပိသာထဲမှာစိမ်၊ တစ်နေ့ တစ်ညစိမ်ပြီး နေ့စဉ် အချိပန်းကန်တစ်လုံး သောက်ပါ။ သောက်ကာနီး အပေါ်ယံမှအမြှုပ်များကို ဖယ်ထုတ်ပါ။ သောက်ပြီးတိုင်း ဆန်ဆေးရည် တစ်ပန်းကန်ပြန်ဖြည့်ထည့်ပါ။ တစ်လထိ သုံးနိုင်ပါသည်။ အချိန်တစ်လပြည့်က အသစ်ပြန်လုပ်ပါ။ ရှင်းရှင်းပျောက်တဲ့အထိ ဆက်လက်သုံးစွဲရန် လိုအပ်၏။ (ခါးလွန်းသဖြင့် ထန်းလျက် (သို့မဟုတ်) ပျားရည် အနည်းငယ်ထည့်ပေးပါ။ သကြား(လုံးဝ) မစားရ။

(၁၃) ညအိပ်ရာဝင်ခါနီး ရုံးပတီသီး နှစ်တောင့်ကို ရေစင်အောင်ဆေး ထိပ်နှစ်ဖက်ဖြတ် အလယ်ကထက်ခြမ်းခြမ်းပြီး သောက်ရေသန့်ဖြည့်ထားတဲ့ ဖန်ခွက်ထဲထည့် အဖုံးဖုံး၍ တစ်ညသိပ်ပါ။ အိပ်ရာထ နံနက်စာမစားခင် စိမ်းထားတဲ့အရည်ကိုသောက်ပါ။ (ရေစိမ်ထားတဲ့ရုံးပတီသီး စားဖို့မလိုအပ်ပေ၊ ရုံးပတီသီးကို ဟင်းချက်၍လည်းကောင်း၊ ရေနွေးဖျော၍လည်းကောင်း အပူပေးစားပါ။)

(၁၄) ပုံမှန်ထက် ဆီးချိုပမာဏ အနည်းငယ်တက်နေရင် နေ့စဉ် ပျားမြီးရွက် တစ်ရွက်စားပါ။ ဆီးချို၊ သွေးချိုပမာဏ ၂၀၀ နှင့် ၃၆၀ ကြားရှိပါက နေ့စဉ် ပျားမြီးရွက် သုံးရွက်စားပါ။ အကယ်၍ ဆီးချို၊ သွေးချို ၄၆၀ ကျော်ထိ ဖြစ်နေပါက ပျားမြီးရွက် ခြောက်ရွက်မှ ကိုးရွက်ထိ စားပါ။ ပျားမြီးရွက်စားပြီးတိုင်း သောက်ရေသန့်သောက်ပါ။ ဆီးချိုကျသွားတဲ့အခါ (လုံးဝ)ဆက်မစားပါနဲ့တော့။

(၁၅) နံနက်အိပ်ရာထ အစာမစားခင် ကြက်ဟင်းခါးသီးသတ္တုရည်သောက်ပါ။

(၁၆) အိန္ဒိယအစားအစာတွေမှာ သုံးလေ့ရှိတဲ့ ပဲနံ့သာပင် (Fenugreek)ရဲ့ အစေ့လက်တစ်ဆုပ်စာပမာဏကို သောက်ရေသန့် ဖန်ခွက်ထဲမှာ တစ်ညသိပ်အဖုံးဖုံးပြီး၊ နံနက်အိပ်ရာထသောက်ပါ(သို့မဟုတ်) ပဲနံ့သာပင်အစေ့ခြောက်မှုန့်ကို နွားနို့ဖြင့် သောက်ပါ။

(၁၇) မာလာကာသီးကို အပေါ်ယံအခွံဖယ်ပြီး နေ့စဉ်စားပါ။

(၁၈) သရက်ပင်အရွက် လက်တစ်ဆုပ်စာပမာဏကို သောက်ရေသန့်ဖန်ခွက်ထဲ တစ်ညစိမ် နံနက်အိပ်ရာထသောက်ပါ (သို့မဟုတ်) သရက်ရွက်ခြောက်မှုန့်ကို လက်ဖက်ရည်ဇွန်း တစ်ဝက်ခန့် စိမ်၍ တစ်နေ့နှစ်ကြိမ်ကျ သောက်ပါ။

(၁၉) သစ်ကြပိုးခေါက်မှုန့် လက်ဖက်ရည်ဇွန်း လေးဇွန်းပမာဏကို ရေတစ်ခွက်စာဖြင့် မီးအေးအေးဆူအောင်တည်သောက်ပါ(သို့မဟုတ်) သစ်ကြပိုးခေါက် လက်တစ်ဆုပ်စာပမာဏကို လက်ဖက်ခြောက်ပုံစံခပ်၍ သောက်ပါ။

(၂၀) ရှားစောင်းလက်ပပ် ဂျယ်လီနဲ့ နနွင်းမှုန့်ဆတူရောစပ်၍ ညစာမစားခင် ရေအေးဖြင့် သောက်ပါ။

မိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၅) သူငယ်ချင်းများသို့

တို့တစ်တွေရဲ့ကျောင်းဆင်း(၁၈)နှစ်မြောက် အထိမ်းအမှတ်အဖြစ်ကျဆုံး၊ သေဆုံးသွားသော သူငယ်ချင်းများအားရည်စူး၍ ဝါဆိုသင်္ကန်းကပ်၊ ဆွမ်းကျွေးတရားနာခြင်း၊ ထူးချွန်သား/သမီးများအား ဆုချီးမြှင့်ခြင်းနှင့် မိတ်ဆုံညစာစားပွဲအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ မိသားစုများ(ကျဆုံး/သေဆုံးမိသားစုများအပါ) တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာသီးခြားမပို့ပါ)

ဝါဆိုသင်္ကန်းကပ်နှင့် ဆွမ်းကျွေး/ ပညာထူးချွန်ဆုပေးပွဲအစီအစဉ်

(၁) ၂၃-၈-၂၀၁၄ရက်(စနေနေ့) ၁၀နာရီ
(၂) ပြူးကုန်းတောရစာသင်တိုက် (မင်းဓမ္မကုန်း ကျောက်တော်ကြီး ဘုရားနှင့် ဆင်ဖြူတော်ဥယျာဉ်အနီး)

မိတ်ဆုံညစာစားပွဲအစီအစဉ်

(၁) ၂၃-၈-၂၀၁၄ရက်(စနေနေ့) ၁၉း၀၀နာရီ
(၂) ရွှေဘဲစားသောက်ဆိုင်၊ (၈)မိုင်လမ်းဆုံ

(၂၀၁၃/၂၀၁၄)ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူး(၁)ဘာသာနှင့်အထက် သား/သမီးများ အမည်စာရင်းအား အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ပါရန်-

ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ

(၁) စန်းမောင် ဖုန်း-၀၉-၂၅၀၆၄၆၆၀၈
(၂) ရဲမင်းထွဋ် ဖုန်း-၀၉-၄၂၅၀၀၂၉၂၃
(၃) မိုးစိုး ဖုန်း-၀၉-၃၁၁၁၆၃၅၈
(၄) တင်ဌေးဦး ဖုန်း-၀၉-၄၂၀၇၀၇၄၁
(၅) မင်းသီရိ ဖုန်း-၀၉-၄၂၀၁၅၉၆၆
(၆) မြင့်လွင် ဖုန်း-၀၉-၃၀၁၆၀၉၅၅

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၅၂၉၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျယ်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)အနော်မာ၊ မြေကွက်အမှတ်(၁၃၉)၊ မြေကွက်တည်နေရာအမှတ်(၁၃၉)၊ အနော်မာ(၃)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁။ဒေါ်ရင်၊ ၂။ဦးခင်လှိုင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ရင်(မိခင်) ဦးရန်အောင်(ဖခင်)တို့ကွယ်လွန်သဖြင့် ၎င်းတို့ပိုင်ဆိုင်ခွင့်အစုကို သားသမီးများဖြစ်သော ၁။ ဒေါ်လှလှထွေး[၁၂/ပဇတ(နိုင်)၀၀၈၄၅၃]၊ ၂။ ဒေါ်အေးအေးမူ[၁၂/ပဇတ(နိုင်)၀၂၃၇၄၃]၊ ၃။ဦးအောင်မြင့်ဦး[၁၂/သကတ(နိုင်)၀၄၉၃၀၄]တို့မှလည်းကောင်း ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်လှိုင်(ဖခင်)နှင့်ဒေါ်စန်းစန်းမြင့်(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ချောစုလှိုင်(TKA-၁၁၁၈၂၄) ၂။ ဦးစိုးမိုးလှိုင်(TKA-၁၁၂၂၀၈)တို့မှလည်းကောင်း ပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ယခင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)၊ အမှတ် (၂)ရပ်ကွက်၊ ဗိုလ်ဇစိုးလမ်း၊ အမှတ်(၄၇၄)ဟုခေါ်တွင်သည့်(အလျား ၄၅/၆၅×အနံ ၆၀/၆၀)ပေ၊ စတုရန်းပေ(၃၃၀၀)၊ ဧရိယာ(၀. ၀၇၆)ဧကရှိ ဒေါ်ခင်စောဦး(AA-၀၇၈၈၅၂)[၁၂/စခန(နိုင်) ၀၂၃၆၆၈] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်စောဦးထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အိအိမော်[၁၂/မဂတ(နိုင်)၀၅၀၂၇၂]က ၂၇-၂-၂၀၀၇ ရက်တွင် အိမ်ခြံ မြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ငွေအပြေအကျေပေးချေ ဝယ်ယူ ခဲ့ပြီးသည့်နေ့မှစ၍ ယနေ့တိုင် လက်ရှိထားပိုင်ဆိုင်နေထိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထား များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဦးမျိုးသိမ်း **B.A(Law),LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၄)
အမှတ်(၄၅၂)၊ ဗိုလ်မင်းရောင်လမ်း၊ (၄၂)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၈၆၉၅၇

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၄၄၄(ခ)ဓမ္မာရုံလမ်း၊ ၁၆/၃ ရပ်ကွက်နေ ဒေါ်ဝါဝါမြင့်၏သား မောင်ကျော်ဘိုဘိုထွန်း[၁၂/သဃက(နိုင်)၁၉၁၈၀၉]သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) ဒေါ်ဝါဝါမြင့်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ်-၄၂၆၊ မြေကွက်တည်နေရာအမှတ်-၄၂၆၊ ၅ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဒေါ်မမ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်မမကွယ်လွန်သဖြင့် ဦးအောင်ကြွယ်[၁၂/မဂတ(နိုင်)၀၀၆၆၀၅]မှ တရားဝင်တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-လေးဒေါင့်ကန်၊ မြေကွက်အမှတ်-၅၁၁၊ မြေကွက်တည်နေရာအမှတ်-၂၂၂၊ ကန်တော်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးတင်မောင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်မောင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်မြဝင်း[၁၂/တမန(နိုင်)၀၄၆၂၅၁]က မပြည့်စုံသောပါမစ်တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

ဖျာပုံမြို့နယ်၊ ကျိုတာကျေးရွာတွင် လူနာပေါင်း ၅၀၀ ကျော်အား ဆေးကုသရေးအဖွဲ့မှ အခမဲ့ဆေးကုသ

ဖျာပုံ၊ ဩဂုတ် ၂

ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပူးပေါင်းပါဝင်မှုဖြင့် ဖျာပုံပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့သည် ဇူလိုင် ၃၀ ရက်၊ နံနက် ၁၀ နာရီက ဖျာပုံမြို့နယ်၊ ကျိုတာကျေးရွာသို့ သွားရောက်ကာ လူနာပေါင်း ၅၀၀ ကျော်အား အခမဲ့ စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးကုသရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်း၊ ဖျာပုံဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စိန်စိန်၊ အထွေထွေ ရောဂါကုသမားတော်ကြီး ဒေါက်တာဒေါ်ထားရီ၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာစိန်လင်း၊ အရိုးအကြော အထူးကုဆရာဝန်ကြီး ဒေါက်တာယုမင်း၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာမိုးမိုးအေး၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်သင်၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာစိုးမင်းအောင်နှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများနှင့်အတူ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ပူးပေါင်းပါဝင်ကာ အထွေထွေ၊ ခွဲစိတ်၊ သားဖွားနှင့် မီးယပ်၊ ကလေး၊ အရိုးအကြော၊ မျက်စိ၊ နားနှာခေါင်း၊ သွားနှင့်ခံတွင်းလူနာများအား အခမဲ့စမ်းသပ် ဆေးဝါးကုသပေးကြသည်။

"အခုလို ကျွန်တော်တို့ဆီအထိ ဆေးလာကုပေးတဲ့အတွက် ကုန်ကျစရိတ် သက်သာတဲ့အပြင် အထူးကုဆရာဝန်တွေနဲ့ ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟုလူနာတစ်ဦးက ပြောသည်။

"ကျွန်မတို့အနေနဲ့ အထူးကုဆရာဝန်ကြီးများနဲ့ လာရောက်မပြသနိုင်တဲ့ ကျေးလက်တောရွာများမှ ပြည်သူတွေရဲ့ လိုလားချက်တွေကို ဖြည့်ဆည်းပေးရန်နဲ့ ကျေးလက်နှင့်မြို့ပြ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွာဟမှုမရှိဘဲ တစ်ပြေးညီဖြစ်စေဖို့ ရည်ရွယ်ပါတယ်။ နောင်မှာလည်း ဒီလို အထူးကုဆရာဝန်ကြီးများပါဝင်တဲ့ ကွင်းဆင်းဆေးကုသခြင်းကို ကျေးလက်တောရွာများအား ပုံမှန် ကွင်းဆင်းဆောင်ရွက်ရန် စီစဉ်ထားပါတယ်" ဟု ဆေးရုံအုပ်ကြီး ဒေါက်တာစိန်စိန်က ပြောပြသည်။

လူနာပေါင်း ၅၀၀ ကျော်အား အခမဲ့ ဆေးကုသပေးခဲ့သည့် အဆိုပါ ကွင်းဆင်းဆေးကုသခြင်းတွင် ဆေးဝါးကုသမှုကုန်ကျစရိတ်အဖြစ် ငွေကျပ် ၁၁ သိန်းခန့်ကို ကုန်ကျခံကုသပေးခဲ့ကြောင်းသိရသည်။

သူဇာနွယ်(ဖျာပုံ)

ပြည်သူထည့်ဝင်ငွေများနှင့် တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်သည့် ပေပင်ပေါက်မြောင်း တံတားတည်ဆောက်ပြီးစီး

တောင်ငူ၊ ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၁၅၀၀၀၀၀ နှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၂၃၀၀၀၀၀ အပါအဝင် စုစုပေါင်း ငွေကျပ် ၃၈၀၀၀၀၀ အကုန်ကျခံကာ တည်ဆောက်ခဲ့သည့် အလျား ၂၈ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ကိုးပေရှိ တန် ၆၀ ခံနိုင်ဝန်ရှိ တောင်ငူမြို့၊ (၁၁)ရပ်ကွက်၊ ပေပင်ပေါက်မြောင်း သံကူကွန်ကရစ် တံတားအား ဇူလိုင် ၃၁ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်းသိရသည်။

အဆိုပါတံတားသည် တောင်ငူမြို့၊ အမှတ် (၁၁)ရပ်ကွက်၊ အနောက်ဘက် ကေတုမတီကျုံးပတ်လမ်း ပေပင်ပေါက်မြောင်းပေါ်တွင် တည်ရှိ၍ ၂၀၁၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၁၅၀၀၀၀၀ နှင့် ဦးရဲဝင်း(ရွှေဝါပဲဆီသန့်)၊ ဦးသိန်းလွင် (လမင်းဆန်စက်)၊ ဦးယဉ်ဌေး (မိဘမေတ္တာဆန်စက်)၊ ဦးမြင့်သူ (နန်းသူဇာပဲလှော်) တို့မှ အလှူငွေထည့်ဝင်ကာ စုပေါင်းဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး (၁၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မျိုးနှင့်အဖွဲ့ဝင်များက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

၁၂၉

ဘိန်းဖြူဟုယူဆရသော အမှုန့်ပုလင်းတွေ့ရှိ

ခင်ဦး၊ ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့အတွင်း ဘိန်းဖြူဟုယူဆရသော အဝါရောင် အမှုန့်ပုလင်းနှင့် ကျပ်ငွေများ ဇူလိုင် ၃၁ ရက် ညနေ ၅ နာရီကတွေ့ရှိခဲ့သည်။

ဖြစ်စဉ်မှာ ခင်ဦးမြို့မစခန်းမှူး ဒုရဲမှူးဘိုဘိုထွန်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ ခင်ဦးမြို့ အောင်သီရိရပ်နေ ဦးထွန်းကျော်မိုး အသက် ၄၈ နှစ်၏နေအိမ်အားသတင်းအရ ဝင်ရောက်ရှာဖွေရာ ဦးထွန်းကျော်မိုး ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော ပုဆိုးခါးကြားထဲမှ ပင်နီဆီလင်ပုလင်းထဲတွင် ဘိန်းဖြူဟုယူဆရသော အဝါရောင်အမှုန့် သုည ဒသမ ၂၅ ဂရမ်ရှိ ပုလင်းတစ်လုံး၊ ငွေစက္ကူတစ်သိန်းနှစ်သောင်းနှင့် မီးခြစ်တစ်လုံးတို့အား တွေ့ရှိ၍ သက်သေများရှေ့တွင် သိမ်းဆည်းပြီး ခင်ဦးရဲစခန်းမှ ဦးထွန်းကျော်မိုးအား မယ(ပ)၁/၂၀၁၄၊ မူး/စိတ်ပုဒ်မ ၁၅/၁၆(ဂ)ဖြင့်အရေးယူဆောင် ရွက်ထားကြောင်း သိရသည်။

ခင်ဦးစိုးဝေ

ဘားအံစက်မှုဇုန် စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင် စိုက်ပျိုး

ဘားအံ ဩဂုတ် ၂

ကရင်ပြည်နယ် ဘားအံစက်မှုဇုန် စိမ်းလန်းစိုပြည်ရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် စုပေါင်းသစ် ပင်စိုက်ပျိုးပွဲကို နံနက် ၇ နာရီတွင် ဘားအံစက်မှုဇုန်တွင် ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ သစ်တော နှင့်သတ္တုဝန်ကြီး၊လူမှုရေးရာဝန်ကြီး ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တပ်နယ်မှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ သူနာပြုသားဖွားသင်တန်းကျောင်းမှ သင်တန်းသားသင်တန်းသူများ၊ ပတ်ဝန်းကျင်ကျေးရွာမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်နှင့် ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီး ဦးစောဆာလောလတို့မှအမှာစကားပြောကြားပြီး ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ဝင်းမှ သစ်ပင်စိုက်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်အားရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန် ကြီးမှပျိုးပင်များပေးအပ်ရာစံဖရီးကျေးရွာနှင့်မင်းဇီကျေးရွာမှလည်းကောင်း၊ ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌမှ ပျိုးပင်များပေးအပ်ရာထီးဖိုးကလုံးကျေးရွာနှင့် နောင်ကမြိုင်ကျေးရွာမှ လည်းကောင်း၊ ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီးမှ ပျိုးပင်များပေးအပ်ရာ မှိုင်ကံကျေးရွာမှလည်းကောင်း၊ တပ်နယ်မှူးမှပျိုးပင်များပေးအပ်ရာ တပ်ရင်းတပ်ဖွဲ့ဝင်များနှင့် ဒေသခံတစ်ဦးမှ လက်ခံကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများမှ မဟော်ဂနီ ၂၀၀ ပင်၊ ယူကလစ် ၁၆၂ ပင်၊ မာတာကွတ် ၄၀ ပင်၊ စိန် တံချူ ၂၀ ပင်၊ စိန်ပန်းလေး ၁၀၀ ပင်၊ စုစုပေါင်း ၅၂၂ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ခရမ်းမြို့နယ်တွင် မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး

ခရမ်း၊ ဩဂုတ် ၂

ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်း မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ၁၀ နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ထုတ်ပေးရေးအနေဖြင့် မိုးပွင့်အဆင့်(၆)စီမံချက်ကို ကွင်းဆင်းဆောင်ရွက်ကြရာမြို့နယ်ဦးစီးမှူး ဦးအတ်စ်လင်းရောင်နှင့် ဝန်ထမ်းများက ခရမ်းမြို့နယ် ကွန်းမိုးဒိန်းကျေးရွာ အ-ထ-က ကျောင်းတွင် ဇူလိုင် ၃၁ ရက်က ကျောင်းသားကျောင်းသူ ၁၁၇ ဦးအားမိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများအား One Stop Service ဖြင့် နေ့ချင်းပြီးအခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုမင်း(ခရမ်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်(၃ဃ/၆၃၆၂)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်(၃ဃ/၅၈၄၈)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်(၃ဃ/၅၈၄၇)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့



လွန်ခဲ့သည့် နှစ်ပေါင်း ၁၁၆၀ ခန့်က တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်အား ပြန်လည်တည်ထားကိုးကွယ်မည်

ပဲခူး၊ ဩဂုတ် ၂

ပဲခူးမြို့၊ တပ်မ (၇၇) အနီး မဟာစည်သာသနာ့ရိပ်သာလမ်း၊ ရွှေပန်းတောရ(ခေါ်) ရွှေပရိယတ္တိစာသင်တိုက်အတွင်းရှိ ရှေးဟောင်းစေတီအား ဂဝံသံပတ်စေတီတော်အဖြစ် အသစ်ပြန်လည် တည်ဆောက်ရန် လက်ရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ကြခတ်ဝိုင်းဆရာတော်၏ ဩဝါဒခံယူ၍ ရွှေပရိယတ္တိဆရာတော်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီးမြဝင်းတို့မှ အနီးကပ်ကြီးကြပ်ကာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆောင်ရွက်မည်ဖြစ်ရာ စေတီတော်မြတ်ကြီး အမြင့်သည့် ပန်းတင်ခုံမှ ထီးတော်အထိ ၁၈၀ ပေနှင့် အောက်ခြေ ပန်းတင်ခုံပတ်လည်မှာ ၁၈၉ ပေ ၇ လက်မ ဖြစ်၍ ငွေကြေးများစွာ ကုန်ကျမည်ဖြစ်ပြီး အလှူရှင်များစွာ လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့၊ တပ်မ (၇၇) အနီး မဟာစည်သာသနာ့ရိပ်သာလမ်း၊ ရွှေပန်းတောရ(ခေါ်) ရွှေပရိယတ္တိစာသင်တိုက်အတွင်းရှိ ချုံနွယ်ပေါင်းများစွာ ဖုံးလွှမ်းနေသည့် ရှေးဟောင်းသမိုင်းဝင် ပဲခူးအစသမလမင်းနှင့် မိဖုရားရွှေဖရုံမယ်တို့၏ သားတော် နံကရိုင်းကရင်မကြီး၏မွေးစားသား အသားမင်းသား အသဃကုမ္မာဘုရင်ကြီးနှင့် မိဖုရားစောစန္ဒာတို့မှ သက္ကရာဇ် (၂၁၆)ခုနှစ်တွင် စတင်တည်ထားကိုးကွယ်ခဲ့သည့် သရီရဓာတ်တော်အစုံ ဂုဏ်တော်အပေါင်းနှင့် ကိန်းဝပ်တည်ရှိသော သက်တော် (၁၁၆၀)နှစ်ခန့်ရှိ စေတီတော်ပျက်ကြီးအား ပဲခူးမြို့၏သာသနာတွင် နှစ်စဉ်သံဃာအပါး ၁၀၀၀ အမြဲသီတင်းသုံးနေထိုင်သော ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓါန နာယကတွဲဖက်ရွှေကျင် သာသနာပိုင်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်ဘုရားကြီး မပျံလွန်ခင်အချိန် (၂၀၀၇) ခုနှစ်တွင် ဆရာတော်ဘုရားကြီးမှ တပည့် စာသင်သားအပါး ၂၀၀ ခန့်ဖြင့် နေ့စဉ်လာရောက်၍ စေတီတော် ပျက်ကြီးပေါ်မှ ချုံနွယ်ပိတ်ပေါင်းများစွာကို ရှင်းလင်းခဲ့သည်။

စေတီတော်ကြီး အသစ်ပြန်လည် တည်ထားရန်ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီး မြဝင်းတို့၏ အကူအညီဖြင့် ယခင်ကတည်းက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက် ခဲ့ကြသော်လည်း ဆရာတော်ကြီး၏ ကျန်းမာရေး ချို့တဲ့မှုနှင့် အလှူငွေနည်းပါးမှုတို့ကြောင့် စေတီတော်မြတ်ကြီး တည်ဆောက်ရေးကို ရပ်ဆိုင်းထားခဲ့ရာမှ ယခုကဲ့သို့ ပြန်လည်တည်ထားကိုးကွယ်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

ကိုလတ်(ပဲခူး)

■

မောက်မယ်မြို့နယ်၌ နှမ်းသီးနှံ အောင်မြင်

မောက်မယ်၊ ဩဂုတ် ၂

မိုးဦးနောက်ကျသော်လည်း ဆည်ရေသောက်ဖြင့် လယ်မြေများတွင် စိုက်ပျိုးသော နှမ်းသီးနှံအောင်မြင်ဖြစ်ထွန်းသည့်အတွက် မောက်မယ်မြို့နယ် ကျေးရွာအချို့တွင် ရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မိုးရွာမှ စိုက်ပျိုးရရတဲ့ မိုးကောင်းသောက် ယာမြေတွေမှာ စိုက်ပျိုးတဲ့ ကျေးရွာတချို့က နှမ်းသီးနှံပင်တွေ မိုးနောက်ကျလို့ အောင်မြင်ဖြစ်ထွန်းမှုမရှိဘဲ စီပီပြောင်းအစားထိုး စိုက်ပျိုးကြပေမယ့် မွေတော်ရပ်ကွက် ရွာသစ်ရွာ၊ နားသဲရွာ၊ မိုင်းယွန်းရွာ၊ ပုန်းလောင်းရွာ စတဲ့ကျေးရွာတွေက နွေစပါးမစိုက်ဘဲ ဆည်ရေသောက် လယ်မြေများမှာ နှမ်းသီးနှံစိုက်ပျိုးကြတာ ဖြစ်ထွန်းကြပါတယ်။ အဲဒီမှာ နှမ်းစိုက်တဲ့ တောင်သူတိုင်း နှမ်းတွေရကြတယ်" ဟု စဉ့်ဆိုင်ကျေးရွာအုပ်စု၊ ပုန်းလောင်းရွာမှ နှမ်းသီးနှံရိတ်သိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် ဒေသခံနှမ်းစိုက်တောင်သူတို့က ပြောသည်။

မောက်မယ်မြို့နယ် ဒေသအတွင်း နှမ်းဈေးကွက်မှာ လေးထောင့်ပုံးတစ်ပုံးလျှင် ကျပ် ၂၀၀၀၀ လတ်တလောဈေးရနေသောကြောင့် နှမ်းသီးနှံစိုက်ပျိုး ဖြစ်ထွန်းအောင်မြင်နေသော ဒေသခံ နှမ်းစိုက်တောင်သူများ တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

အမှိုက်ပုံများကြောင့် ရပ်ကွက်နေသူများစိုးရိမ်နေ

နေပြည်တော်၊ ဩဂုတ် ၂

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း အ. ထ. က (၁၁) ကျောင်းနှင့် ဘေးတို့တွင် အမှိုက်ပုံများရှိနေကြောင်းတွေ့ရသည်။

၎င်းအမှိုက်ပုံများကြောင့် ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား၊ကျောင်းသူများ သွားလာရာတွင် အခက်အခဲရှိခြင်း၊ အနံ့အသက်မကောင်းခြင်း၊ အမှိုက်များအား ခွေးလေခွေးလွင့်များလာရောက်စားသောက်ခြင်းတို့ကြောင့် ကျောင်းသားလူငယ်များ ခွေးကိုက်ခံရပါက ခွေးရူးရောဂါအတွက် စိုးရိမ်မှုများရှိနေကြောင်းယင်းရပ်ကွက်တွင် နေထိုင်သူများက ပြောသည်။

မိုးတွင်းကာလတွင် ဖြစ်ပေါ်လေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါရရှိနိုင်သော ခြင်ကျားများ ပေါက်ဖွားနိုင်ခြင်းတို့ကြောင့် ရပ်ကွက်အတွင်းသက်ဆိုင်ရာ အဖွဲ့အစည်းများမှသော်လည်းကောင်း၊ မြို့နယ်စည်ပင်သာယာမှ သော်လည်းကောင်း အမြန်ဆုံးသန့်ရှင်းသင့်ကြောင်း ၎င်းကျောင်းတွင်ကျောင်းတက်နေရသော ကျောင်းသားမိဘများကိုယ်စား ကျောင်းသားမိဘတစ်ဦးကပြောသည်။

သန်းနိုင်(ဇမ္ဗူသီရိ)

လသာမြို့နယ်အတွင်း ရန်ကုန်ဆေးရုံကြီးပြင်ပလူနာဌာနရှိ (Public Digital Library Service) စက်အသုံးပြုပုံသင်ကြားပေး

ရန်ကုန်၊ ဩဂုတ် ၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လသာမြို့နယ်အတွင်း ရန်ကုန်ဆေးရုံကြီးပြင်ပ လူနာဌာနရှိ (Public Digital Library Service) စက်အသုံးပြုပုံနှင့် Download ဆွဲပုံများကိုဆေးရုံဝန်ထမ်းများ၊ လူနာစောင့်များ၊တာဝန်ကျ ဆရာဝန်များ၊ သူနာပြုများအား တစ်ဦးချင်းသင်ကြားပေးခဲ့ကြောင်း သိရသည်။

နံရံကပ် စာပေရေချမ်းစင်များသို့ နယ်လှည့်ကွင်းဆင်း စစ်ဆေးခြင်း ကို လသာမြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရွှေနှင့် အငယ်တန်းစာရေး ဒေါ်မဥ္ဇူတို့က (Public Digital Library Service) စက် အသုံးပြုမှုအခြေအနေများနှင့် ပြည်သူတို့သဘောထားများ မေးမြန်းခဲ့ခြင်းနှင့်အကြံပေးချက် များကို ပြုစုခဲ့ကြောင်းသိရသည်။

လသာမြို့နယ်အတွင်းရှိ နံရံကပ်စာပေရေချမ်းစင်များရှိ စာအုပ်များအား ပြည်သူများ ဖတ်ရှုလေ့လာမှုများနှင့် ပတ်သတ်ပြီးစာဖတ်သူများ ပြည်သူ့သဘောထားများ မေးမြန်းခဲ့ခြင်းများနှင့် အကြံပေးချက်များကို ပြုစုရေး သားခဲ့ကြောင်း သိရသည်။

ပန်းမဥ္ဇူ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မှော်ဘီမြို့နယ်၊ မြောင်းတကာစက်မှုဇုန်နှင့် မျက်နှာချင်းဆိုင်၊ ပြည်လမ်းမမှ ပေ-၅၀၀ ခန့်အကွာအဝေး။(လမ်းမနှင့်နီး)
ဥယျာဉ်မြေ-၈ ဧက(ခွဲမရောင်းပါ)
[စက်ရုံလုပ်ရန်သင့်တော်]
တစ်ဧက-၃၁၀ သိန်း(ညှိနှိုင်း)
Ph:09-420044078,
09-420106648

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၅)၊ ဦးပိုင်အမှတ်(၅၃)၊ ၆၉×၇၀လမ်းကြား၊ စိန်ပန်းနှင့်အောင်မင်္ဂလာလမ်းကြားရှိ ဦးမြင့်သိန်း အမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးလောတာရှူး[၉/မမန(နိုင်)၀၂၉၅၆၃]နှင့် ဦးမင်းသန့်[၉/မဟမ(နိုင်)၀၄၄၉၀၃]တို့မှ ဦးပိုင် ၅၃(ခဲစင်း)မြေကွက်၏တောင်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-၃ဃ/၅၂၉၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျယ်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၁)၊ ဦးပိုင်အမှတ် ၂၄+၁၈ဃ+၂၁-ဃ၊ လမ်း၄၀၊ ၇၉×၈၀ လမ်းကြားရှိ ဦးပိုင်(၂၄) အမည်ပေါက်သူ ဒေါ်ပေါ၊ ခင်ပွန်းဦးသောင်းရွှေတို့ ကွယ်လွန်၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၆၆၆/၂၀၀၅)ဖြင့် အမွေဆက်ခံခဲ့သော သားသမီးများဖြစ်သည့် ဦးပြေသိန်းပါ(၆)ဦးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၇၇/၂၀၀၇)ဖြင့်လည်းကောင်း၊ ဦးပိုင် ၁၈ဃ(ခဲ)+၂၁-ဃ(ခဲ)အမည်ပေါက်သူ ဒေါ်စုစု(ခ)ဒေါ်ခင်စုနှင့်ခင်ပွန်း ဦးကြင်မောင်တို့ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၁၉၈၁/၂၀၁၂)ဖြင့် ၎င်းဝယ်ယူခဲ့သူ ဒေါ်လီရင်ရှ(ခ) ဒေါ်ဖာကြည်(ခ)ဒေါ်ကြည်ကြည်စိန်[၁/မကန(ပြ) ၀၀၀၂၁၈]မှ အမှုတွဲအမှတ်-၀၂၀၂/ဘ(ခွဲ/ပြောင်း)/၂၀၁၄-၂၀၁၅ဖြင့် (ဘ/ခွဲ/ပြောင်း)လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၉၇၂/က)၊ အကျယ်အဝန်းပေ(၂၀ × ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၉၇၂/က)ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်စောတင်[၁၂/တမန(နိုင်)၀၅၉၂၀၄]ကွယ်လွန်သူ၏ သားသမီးရင်း(၃)ဦးမှ ၎င်းတို့သာလျှင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား မူရင်းများခိုင်လုံစွာဖြင့် ဤကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **Social Justice Law Firm**

ဦးဇော်မျိုးအောင်	ဦးထွန်းထွန်းဦး
အထက်တန်းရှေ့နေ(စဉ်-၂၄၂၈၆)	အထက်တန်းရှေ့နေ(စဉ်-၄၀၉၆၉)
LL.B, Diploma in International Law	**LL.B**

အမှတ်-၁၀/၁၂(ပထမထပ်)၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၁၀၉၄၁၊ ၀၉-၄၂၀၂၆၆၀၆၁

ဦးထွန်းရီ AD-068899 နှင့် ဆက်ခံသက်ဆိုင်သူများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၄)၊ မြေကွက်အမှတ်(၁၂၀၄)၊ ပေ ၄၀× ပေ ၆၀ ဝန်ထမ်းမြေကွက်နှင့်ပတ်သက်၍ လက်ရှိစာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခိုင်ခိုင်သာ[၁၂/သဃက(နိုင်) ၀၆၃၃၀၉]မှ သက်ဆိုင်ရာဌာနသို့မြေချပါမစ်သွားရောက်ထုတ်ယူလိုပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ဆက်သွယ်ပေးပါရန်သက်ဆိုင်သူနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
ဒေါ်ခိုင်ခိုင်သာ
[၁၂/သဃက(နိုင်)၀၆၃၃၀၉]
ဖုန်း-၀၉-၅၁၆၄၆၁၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ မြေကွက်အမှတ်(၁၄၄/က)၊ မြေကွက်တည်နေရာအမှတ်(၁၄၄/က)၊ စပါယ်လမ်း၊ (၇/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမြမောင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြမောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်ဝင်း[၁၂/သကတ(နိုင်)၁၁၇၉၆၃]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း ဒါယကာ

ဦးအောင်ဝင်း (ခ) စွန်ကြူးငါး

အသက် (၈၉) နှစ်

(တွံတေး)

ရွှေဖျိုင်းဖြူကုမ္ပဏီလီမိတက်မှ

မန်နေဂျင်းဒါရိုက်တာ ဦးသိန်းဝင်းဇော် - ဒေါ်တင်လတ်မင်းတို့၏

ဖခင်ဖြစ်သူ ဦးအောင်ဝင်း(ခ) စွန်ကြူးငါး အသက် (၈၉) နှစ်သည်

၂၉-၇-၂၀၁၄ (အင်္ဂါနေ့) နံနက် (၃း၅၅) နာရီတွင် ကွယ်လွန်ကြောင်း

သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ

ဝမ်းနည်းကြေကွဲရပါသည်။

Hin Leong Trading (Pte.) Ltd.
Ocean Tankers (Pte.) Ltd.

အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
ဒေါ်အုန်းရွှေ (ရွှေဘို)
အသက်(၉၀)

၂၄-၆-၂၀၁၄(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားခဲ့သော မိခင်ကြီး ဒေါ်အုန်းရွှေ နာမကျန်းဖြစ်ချိန်မှစ၍ နောက်ဆုံးအချိန်အထိ အစွမ်းကုန်ဆေးဝါး ကုသပေးခဲ့သော အောင်ရတနာအထူးကုဆေးရုံမှ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများ၊ နာရေးကိစ္စအား အဘက်ဘက်မှကူညီပေးခဲ့ကြသော NGO, INGO မှ လုပ်ဖော်ကိုင်ဖက်များ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဖုန်းဖြင့်သတင်းမေး အားပေး စကားပြောကြားသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူး တင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဦးလတ်မောင် (၉၉) နှစ်
ချောက်မြို့ (ပခန်းငယ်)
လတ်ကောင်း-နွားဖြူ ဖိနပ်ဆိုင်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း(၂)လမ်း၊ အမှတ် (၁၃/၁၅)နေ (ဦးလွန်းဘော်-ဒေါ်ဝါနု)တို့၏သား၊ (ဦးချစ်မောင်-ဒေါ်အိမ်မြ)တို့၏သားသမက်၊ (ဒေါ်နွဲ့ယဉ်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလတ်ဦး-ဒေါ်ခင်ဝင်းကြည် (လတ်ဝင်း ကုန်စုံဆိုင်)၊ (ဦးလတ်ခေါင်)၊ ဦးမြင့်အောင်-ဒေါ်လတ်လတ် (အောင်ရတနာပွဲရုံ)၊ ဒေါ်လတ်ယဉ်(လတ်ကောင်း+နွားဖြူ ဖိနပ်ဆိုင်)တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီး ဦးလတ်မောင်သည် ၁-၈-၂၀၁၄ (သောကြာနေ့) ည ၉နာရီတွင် သုခကမ္ဘာဆေးရုံ အထူးကြပ်မတ်ကုသခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်မြစိန် (၈၄)နှစ်

တောင်တွင်းကြီးမြို့နေ (ဦးစံတင်-ဒေါ်အုန်းရှင်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်း၊ ဟုမ်းလမ်း (၅)လမ်း၊ အမှတ်(၁၇၀)နေ (ပန်းချီဆရာကြီး ဦးဉာဏ်ရှိန်)၏ ဇနီး၊ မန္တလေးမြို့ ပညာရေးဌာန(ငြိမ်း) ဦးခင်မောင်မြင့်-ဒေါ်ခင်အေးမြင့်၊ ဦးကြည်စိုး (ပန်းချီ/ဒီဇိုင်း)၊ ဦးမြင့်ဇော် (နတ်မောက်မြို့နယ်တရားသူကြီး)-ဒေါ်ဆွေဆွေ (ညွှန်မှူး၊ စက်မှုဝန်ကြီးဌာန)၊ ဦးခင်မောင်ညွန့်-ဒေါ်ကြည်ကြည်ရှိန် (အာရှတော်ဝင် ထူးပိုင်စားသောက်ဆိုင်နှင့်စတိုး)၊ ဦးသိန်းဝင်း(တာမွေမြို့နယ်အုပ်ချုပ်ရေးမှူး-ငြိမ်း)-ဒေါ်သီသီရှိန်(ဇော်ဂျီကုန်မျိုးစုံစတိုး) ဦးကုဌေးဌေး-ဒေါ်ဝါဝါမြင့်(အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နေပြည်တော်) ဦးအောင်ကြွယ်ထွေး (ဦးအောင်သာ-အင်္ဂလိပ်စာ)- ဒေါ်အေးအေးဆွေ၊ ဦးလှစိုးမိုး(ထူးပိုင်စားသောက် ဆိုင်နှင့်စတိုး)-ဒေါ်ခင်ခင်အေး၊ ဦးထွန်းထွန်းမျိုး၊ ဦးကိုကိုမြင့်မြတ် (အထက-၁၊ ဒဂုံကျောင်းကြီး/ပို့)-ဒေါ်လှလှသင်း၊ ဦးညီညီမြင့်မြတ် (ထူးပိုင်စားသောက်ဆိုင်နှင့် စတိုး)-ဒေါ်သီရိမေစန္ဒာသန်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၉ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁-၈-၂၀၁၄(သောကြာနေ့) ည ၈း၄၅နာရီ တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးခင်မောင်ထူး(ကွမ်းခြံကုန်း) (၆၇)နှစ်
ဦးစီးအရာရှိ(ငြိမ်း)၊ ဘ. စ. ဘ. က ဗဟိုဘဏ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၈၈/၉၆)၊ သုံးလွှာ(A)၊ (၄၈)ကွန်ဒို၊ (၄၈)လမ်းနေ (ဦးအောင်စိန်-ဒေါ်သန်းအိ)တို့၏သား၊ ဒေါ်ခင်ဦး(ခ) ဒေါ်စီစီအောင်(ငြိမ်း၊ ထ-၁၊ ဗိုလ်တထောင်)၊ ဒေါ်ခင်လတ်(ငြိမ်း၊ ပါမောက္ခ/ ဌာနမှူး၊ စိတ်ပညာဌာန၊ ဒဂုံတက္ကသိုလ်) (အချိန်ပိုင်းပါမောက္ခ၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏မောင်၊ ဦးခင်မောင်ဖြူ (မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)- ဒေါ်စမ်းစမ်းဝင်း(သူနာပြုကျောင်းအုပ်-ငြိမ်း)တို့၏အစ်ကို၊ ဦးထွန်းလင်း၊ ဒေါ်ခင် ဖြူဖြူသန့်တို့၏ဘကြီး ဦးခင်မောင်ထူးသည် ၁-၈-၂၀၁၄(သောကြာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်အိုက်လီ (၉၃)နှစ်
သက်ကြီးကန်တော့ခံအဘွား

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာ (၅)လမ်း၊ (၅)ရပ်ကွက်နေ ဦးရှောက်စွန်-ဒေါ်စိမ်းရင်တို့၏သမီး၊ လပွတ္တာမြို့နယ် အသင်းဝင် ဦးစိတ်စိတ်-ဒေါ်တင်တင် မြင့်၊ ဦးတင့်ဆန်း-ဒေါ်အေးအေးမြင့် တို့၏ မိခင်သည် ၂-၈-၂၀၁၄(စနေနေ့) နံနက် ၈း၁၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၄-၈-၂၀၁၄ရက် နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/ အသင်းသားများ လိုက်ပါပို့ဆောင်ကြ ပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီ တွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဒေါ်ကေသီခင်
အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်း၊ ကိုးမိုင်၊ ဝိဇ္ဇာလမ်း၊ (၁၃၁)နေ ဦးမောင်မောင် သိန်း-ဒေါ်ခင်စုတို့၏သမီးကြီး၊ တောင် ဥက္ကလာပမြို့နယ်နေ (ဦးတင်ရီ)-ဒေါ် သန်းမြင့်တို့၏သမီးချွေးမ၊ ဦးတင်ဝင်း၏ ဇနီး၊ မောင်ဇေလင်းထွဋ်၊ မအင်ကြင်း တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဦးသူရ-ဒေါ်သီတာမောင်၊ ဦးနေမျိုး၊ ဦးမြင့်ဌေး-ဒေါ်စန္ဒာခင်၊ မောင်ရဲခေါင်တို့၏ အစ်မကြီး၊ မောင်လင်းထွဋ်၊ မစုစံတို့၏ အဒေါ် ဒေါ်ကေသီခင်သည် ၁-၈-၂၀၁၄ရက် ညနေ ၄း၄၅ နာရီတွင် ကိုးမိုင်၊ ဝိဇ္ဇာလမ်း၊ (၉၂)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၄ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးယုဝေ(ကျိုင်းတုံ)
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ကျွန်းတော လမ်း၊ အမှတ်(၁၉)၊ ပထမထပ်နေ ဒေါ်ဝမ်ဆွေညွန့်(ခ)ဆွန်းစေ့၏ခင်ပွန်း၊ ဦးအိုက်ဟွန့်-ဒေါ်သင်းသင်း၊ ဦးလှမြင့်-ဒေါ်နန်းနွဲ့၊ (ဦးစိုးမင်း)-ဒေါ်မေလျှံ၊ ဦးသိန်းထွန်း(ခ)ဦးစိုင်းမုန့်-ဒေါ်နန်းလုံ၊ ဒေါ်မေကျောက်တို့၏ ကျေးဇူးရှင်မွေးသ ဖခင်၊ မြေး ၁၇ယောက်၊ မြစ်ခြောက် ယောက်တို့၏အဘိုးသည် ၁-၈-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၄ (အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အုံးရင်(ဖြူး)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့ နယ်၊ ကန်တော်ကလေးတောင်ပိုင်း ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၃၉)နေ (ဦးဘချိန်)၏ဇနီး၊ (ဦးဝင်းမြင့်)-ဒေါ်အေး အေးဝင်း၊ ဦးသန်းထွဋ်-ဒေါ်နီနီဝင်း၊ ဦးစိန်မြင့်-ဒေါ်မာမာဝင်း၊ ဦးသောင်းမြင့် တို့၏မွေးသမိခင်၊ မြေး ၁၀ယောက်တို့၏ အဘွား ဒေါ်အုံးရင်သည် ၂-၈-၂၀၁၄ (စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေး သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အိုက်လီ(လပွတ္တာ)
အသက်(၉၅)နှစ်

(ဦးရှောက်စွန်-ဒေါ်စိန်းလှိုင်)တို့၏ သမီး၊ (ဦးမင်းခွေ)၏ဇနီး၊ (ဦးကျော်နိုင်-ဒေါ်လှလှ)၊ ဦးစိတ်စိတ်-ဒေါ်တင်တင် မြင့်၊ ဦးတင့်ဆန်း-ဒေါ်အေးအေးမြင့်၊ ဒေါ်နှင်းယဉ်၊ ဦးတင်စိုး-ဒေါ်ရှုရင်၊ ဒေါ်ကျင်ယဉ်၊ဒေါက်တာဒေါ်ကြည်ယဉ်၊ ဦးဟန်ထွေးတို့၏မွေးသမိခင်၊ ကိုအောင် မျိုးဇင်၊ မလှကေခိုင်၊ ကိုအောင်သန့်စင်၊ မဖြူစင်သန့်၊ကိုမျိုးမြင့်အောင်၊ ဒေါက်တာ မြတ်လေးခိုင်၊ ဒေါက်တာကောင်း ထက်ဟံ၊ မဝတ်ရည်သန့်တို့၏အဘွား ဒေါ်အိုက်လီသည် ၂-၈-၂၀၁၄ (စနေ နေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၄-၈-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် (V-21)၊ မြကန်သာ(၅)လမ်းနှင့် ၄၀ါ (၇)လမ်း ထောင့်၊ လှိုင်မြို့နယ်နေအိမ်မှ ရေဝေး တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ [ကွယ်လွန်သူ ကျေးဇူးရှင် မိခင်ကြီးအားရည်စူး၍ ၈-၈-၂၀၁၄ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ကြပါရန် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရွှေဘိုအသင်း(ရန်ကုန်)
ဒေါ်တင်မြိုင် (၈၇)နှစ်
ငွေစာရင်းကိုင်(ငြိမ်း)၊ရွှေဘိုစာတိုက်

ရွှေဘိုမြို့၊ အနောက်ဈေးရပ်နေ သက်န်းပရိက္ခရာကုန်သည် (ဦးထွန်း ပြည့်-ဒေါ်မြစ်ဦး)တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ (၅/ခ)နေ အသင်းဝင် ဒေါ်တင်မြိုင် သည် ၁-၈-၂၀၁၄ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ ကြောင်း အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဦးတင်မြ (၈၃)နှစ်
ရေ-၄၀၄၈
အရာခံဗိုလ်(ငြိမ်း)(တပ်မတော်ရေ)

မြိတ်မြို့၊ ကံဖျားရပ်နေ (ဦးဘတိုး-ဒေါ်ငွေကျင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဒေါ်လှကြည်)၏ခင်ပွန်း၊ ဦးသက်ဦး-ဒေါ်ခင်ခင်ရွှေ ဦးအောင်ဌေးဝင်း-ဒေါ် သက်သက်တင်၊ မောင်မြတ်သူထွန်း-မစုစုတင်(ခေတ္တ-စင်ကာပူ)၊ မောင်ရဲဝင်း ဇော်-မအေးအေးခိုင်တို့၏ဖခင်၊ မအိ ရွှေစင်ဦး၊ မမေမြတ်သူတို့၏အဘိုးသည် ၁-၈-၂၀၁၄ (သောကြာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၄ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ [အမှတ်(၂၃)၊ ဘောဂလမ်း၊ ဗားကရာ၊ ကြည့်မြင်တိုင်နေအိမ်မှ ကား များ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၄ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ယူဘွန်ကီး(ခ)ဦးသန်းလွင်
အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အောင်ဇေယျလမ်း၊ အမှတ် (၈၉/၁)နေ (ဦးကွေ့ရာ-ဒေါ်ရမ်းမား)တို့၏ သား၊ (ဦးစံနီ-ဒေါ်ယု)တို့၏သားသမက်၊ ဒေါ်ရှု ဝေ၏ခင်ပွန်း၊ ဒေါက်တာကျော်ဝင်း (လင်းလက်ပွဲရုံ)-ဒေါက်တာမင်းမင်း သက်၊ ကိုဆွေဝင်း-မထူးထူးလှိုင်၊ ကိုမောင်မြင့်-မသိန်းသိန်းရွှေ၊ ကိုဇော် ဟိန်း-ဒေါက်တာသီတာထွန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ် ယောက်တို့၏အဘိုးသည် ၂-၈-၂၀၁၄ (စနေနေ့) နံနက် ၆း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် သုံးခွမြို့ ဥက္ကံသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည် စူး၍ ၈-၈-၂၀၁၄(သောကြာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဝိစိတ္တ(ခ)ဦးကျော်လှ (ကျိုက်ထော်-ဦးတို)
သိက္ခာတော်(၄၂)ဝါ၊ သက်တော်(၆၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားဝင်း၊ ပုညဝဏ္ဏ တိုက်ကျောင်း၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသြဘာသ မဟာထေရ်မြတ်၏ တပည့်၊ (ခမည်းတော်ဦးအေးမောင်-မယ်တော်ဒေါ်သန်းတင်)တို့၏သားကြီး၊ ခြောက်ထပ်ကြီး သာသနာ့ဂုဏ်ရည်ကျောင်း ဆရာတော်ဦးဝိမလ၏နောင်တော် ဘဒ္ဒန္တဝိစိတ္တ(ခ)ဦးကျော်လှသည် (၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်) ၂-၈-၂၀၁၄(စနေနေ့) နံနက် ၀၀း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို ၆-၈-၂၀၁၄(ဗုဒ္ဓဟူးနေ) ညနေ ၃ နာရီ တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ် ပါသည်။ (ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားဝင်း၊ ပုညဝဏ္ဏတိုက်ကျောင်းမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ဦးဝိမလနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ

ဒေါ်သီသီထွေး(ခ)ဒေါ်သီသီ (၅၆)နှစ်

(ဦးလှိုင်ကြည်)-ဒေါ်တင်အေး (မြိတ် တင်တင်အေး)တို့၏ဒုတိယသမီး၊ ဦးမြသိန်း-ဒေါ်ဝင်းဝင်းကြူ ဦးတင်ထွဋ်-ဒေါ်ညွန့်ညွန့်မေ၊ (ဦးဝင်းကိုကို)-ဒေါ်စိုးစိုး မေ၊(ဦးခင်မောင်ချို)၊ ဗိုလ်မှူးခင်အောင်ချို (တ. အ. က)-ဒေါ်ခင်ဝင်းဝင်းတို့၏ အစ်မ/ညီမ၊ တူခြောက်ယောက်၊ တူမ လေးယောက်တို့၏ ကြီးတော်/အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်သီသီထွေး(ခ)ဒေါ်သီသီသည် ၁-၈-၂၀၁၄ (သောကြာနေ့) ညနေ ၄း၅၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း (SSC)၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၄ (ကြာသ ပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် (၂၇၇)၊ (၂၇၈)၊ (၂၇၉)၊ ပုလဲ ရတနာလမ်းနှင့် ထားဝယ်လမ်းထောင့် (Royal Guest House) (၂၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဦးခင်လှိုင် (မြိတ်)
အသက်(၈၁)နှစ်
ရာသက်ပန်အသင်းဝင်အမှတ်(၄၀၈၅)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၂၇၆/၁၁)နေ ဒေါ်ခင်ရီ၏ ခင်ပွန်းသည် ၁-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
အလ်ဟာဂျာရှရီဖာဘီ(ခ)
ဒေါ်တင်ကြည် (၇၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ စံပြ ဖ. ဆ. ပ. လရပ်ကွက်၊ တိုက်(၁၅)၊ အခန်း(၅)၊ မြေညီထပ်နေ (ဦးဇွလ်မသ်ခန်-ဒေါ်ဆာရာဘီ)တို့၏ သမီး၊ (H.J ဦးတင်အေး)၏ဇနီး၊ ဒေါ်မာ မာလေး၊ ဦးထွန်းသိန်း-ဒေါ်လှလှဝင်း၊ H.J ဦးစံသိန်း- H.J ဒေါ်မြင့်မြင့်ကျော်၊ H.J ဦးတင်သိန်း (တစ်ခြမ်းပဲ့မရ်ကဇ် ဗလီဂေါပက) (A.Y.N Construction)- H.J ဒေါ်အေးအေးသင်း၊ (H.J ဦးကျော်သိန်း)တို့၏ မွေးသမိခင်၊ မောင် စိုးသိန်း၊ မောင်မောင်သိန်း (B.Sc. Zoo)၊ H.J မထက်ထက်စံ(B.Pharm)၊ မမြတ် မွန်သိန်း၊ မောင်နေကိုကိုပိုင်၊ မောင်ရဲ ထက်စံ၊ မယုနန္ဒာသိန်း၊ မောင်ကောင်း ထက်စံတို့၏အဘွားသည် ၁-၈-၂၀၁၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် နေအိမ်၌ အလ္လာသျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂-၈-၂၀၁၄ (စနေ နေ့) နံနက် ၁၀နာရီတွင် ရေဝေးကဘာရ် စတာန်သို့ ပို့ဆောင်ဒါဖွာနာပြီးဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဗိုလ်ဗိုလ်သန်း(သန်လျင်)
B.Sc (Math)
အသက်(၄၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ နယ်၊ ဟံသာဝတီလမ်း၊ အမှတ် (၁၆)နေ (ဦးထွန်းသန်း)-ဒေါ်နန်းတောင်တို့၏ သားကြီး၊ (ဦးမြင့်ဆွေ-ဒေါ်ကြည်ဝင်း) တို့၏သားသမက်၊ ဦးလကျာဦး- ဒေါ် ကေသီသန်း၊ ဦးအောင်ဟုန်သန်း- ဒေါ် အိအိရွှေတို့၏အစ်ကိုကြီး၊ မောင်ရန် အောင်ကျော်၊ မောင်သုတဟုန်တို့၏ ဘကြီး၊ ဒေါ်သီဂီဆွေ (အမှတ်-၁ ရေနံ ချက်စက်ရုံ)၏ခင်ပွန်းသည် ၁-၈-၂၀၁၄ (သောကြာနေ့) နံနက် ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန် သွားပါသဖြင့် ၃-၈-၂၀၁၄ (တနင်္ဂနွေ နေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာ
ဦးသိန်းအောင် (၈၁)နှစ်
(တောင်သာ/ထောက်ကြန့်)

မန္တလေးတိုင်းဒေသကြီး၊ တောင်သာ မြို့၊ (၅)ရပ်ကွက်နေ (ဦးထွန်းရင်-ဒေါ်ဖွားဆယ်)တို့၏သား၊ မင်္ဂလာဒုံမြို့ နယ်၊ ထောက်ကြန့်မြို့၊ ဆန်စက်လမ်း၊ အမှတ်(၄/ခ)နေ ဒေါ်စောရင်၏ခင်ပွန်း၊ ဦးအေးကို-ဒေါ်လှဲ့လှဲ့ဝင်း၊ ဦးအေးချို-ဒေါ်မာမာညွန့်၊ ဦးအောင်စိန်-ဒေါ်ဌေး ဌေးသန်း၊ ဦးကျော်ညွန့်-ဒေါ်ဌေးဌေးစန်း၊ ဦးရွှေမန်း-ဒေါ်မေမြတ်ဇော်၊ ဦးထွန်း သိန်း-ဒေါ်ကေသီနွယ်၊ ဦးအောင်ကိုဝင်း-ဒေါ်အိကေသီ၊ ဦးအောင်မင်း-ဒေါ်သန်း သန်းဝင်း၊ ဦးထွန်းလင်း-ဒေါ်ဝင်းဝင်း အောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၆ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၂-၈-၂၀၁၄(စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၄-၈-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထောက်ကြန့်မြို့ မြို့ရှောင် လမ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ် မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၈-၂၀၁၄(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ထောက် ကြန့်မြို့၊ ဆန်စက်လမ်း၊ အမှတ်(၄/ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
PI THAWNG KHAW CING (BUANMAN)
အသက်(၇၉)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဘွမ်မံ ကျေးရွာနေ (PU KAMTUAL-PI CINGH VUNG) တို့၏သမီးကြီး၊ (PA VUNGH KHAM PAU), PA KHAM NANG), NU NING DIM, NU VUNG PUM-PA KIM KHAW LIAN, (NU CIAN GZA DIM-ဦးကျောက်ခဲ)၊ NU AWI CING PA VUM ZA LIAN (MALAYSIA) တို့၏ အစ်မ၊ REV. DR. SING ZA KHAI-DAW SI SI KHAW-GYEE (U.S.A), (MR-TUALNANG), ရဲအုပ် KHAI KHAT PUM (ငြိမ်း)- DAW SI SI SENG BU, NU VUM ZA NEAM-PA NGO KHAN TUAL, (ဩစတြေး လျ)၊ REV.NGO CIN KHAI-CAPT. CING KHAN CING-ငြိမ်း (U.S.A) တို့၏မွေးသမိခင်၊ (PU LIAN SING-PI CING VUM) တို့၏သမီးချွေးမ၊ (CAPT.SUANGZAPUM) ချစ်လှစွာ သောဇနီး၊ မြေးကိုးယောက်တို့၏အဘွား PI THAWNG KHAW CING သည် ၂-၈-၂၀၁၄ရက် နံနက် ၄နာရီတွင် အမှတ်(၁၂၄-D)၊ လေးထပ်(ဝဲ)၊ ဆိပ် ကမ်းသာလမ်း (အောက်ဘလောက်) ကျောက်တံတားမြို့နယ် နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၈-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ် တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ရန်ကုန် စီးယင်းနှစ်ခြင်းဘုရားကျောင်း၊ ယုဇန ဥယျာဉ်မြို့တော်(၇)လမ်း၊ (A) တိုက် (၁၁) FULLGOSPELASSEMBLY ဘုရားကျောင်းဝင်းနှင့် အထက်ပါနေအိမ် တို့မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တသာဂရာဘိဝံသ
သိက္ခာတော်(၆၈)ဝါ၊ သက်တော်(၈၈)နှစ်

မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက် မဟာနာယက၊ အဘိဓမ္မနယူပဒေသ ကျောင်းနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာပဏ္ဍိတ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဝင် ဘဒ္ဒန္တသာဂရာ ဘိဝံသ မဟာထေရ်ဆရာတော်ကြီးသည် (၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်) ၃၁-၇-၂၀၁၄(ကြာသပတေးနေ့) ည ၇း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ ပါသည်။ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကို (၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်) ၈-၈-၂၀၁၄(သောကြာနေ့)တွင် အေးရိပ်ငြိမ်သုသာန် သို့ ပင့်ဆောင်ပြီး အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား လျှောက်ထား သိစေအပ် ပါသည်။

စျာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဇနိန္ဒ
သိမ်ကုန်းကျောင်းတိုက်၊ ပဓာနနာယကဆရာတော်
သိက္ခာတော် (၃၆)ဝါ၊ သက်တော် (၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ သိမ်ကုန်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက မဟာပုညာရာမတိုက်၊ မင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဒေဝိန္ဒ၏ ခမည်းတော်၊ ဦးနန်းမောင်- ဒေါ်သောင်းနွဲ့၊ ဦးတင်မောင်ဝင်း-ဒေါ်ဝင်းနွဲ့၊ ဒေါ်လှဝင်းကြည်တို့၏ မွေးသဖခင်ကျေးဇူးရှင်ဖြစ်တော်မူသော ဘဒ္ဒန္တ ဇနိန္ဒသည် (၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၇ရက်) ၂-၈-၂၀၁၄(စနေနေ့) နံနက် ၆း၃၀နာရီ တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ် တော်ကို (၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၉ရက်) ၄-၈-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် မဟာပုညာရာမတိုက်၊ မင်းကျောင်းတိုက်၌ သာဓုကီဠနအန္တိမအဂ္ဂိစျာပနပူဇော်ပြီး လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

ဖွားကြင်လွယ်(မြိတ်)
အသက်(၉၅)နှစ်

မြိတ်မြို့၊ ကံဖျားရပ်၊ အမှတ်(၁၁)၊ ကံဖျားလမ်းမကြီးနေ ဖိုးသံရွှေ-ဖွားထူးအောင်တို့၏သမီး၊ (ဦးဘထင်)၏ဇနီး၊ ဒေါ်မြကြူ (ဦးသိန်းဇော်)၊ ဒေါ်မြမူ တို့၏မိခင်၊ ဦးအောင်တင်-ဒေါ်သန်းကြည်တို့၏ညီမ၊ (ဒေါ်တင်လုံ)၊ ဦးအေးမောင်-ဒေါ်ဝင်းကြူတို့၏အစ်မသည် ၁-၈-၂၀၁၄(သောကြာနေ့) ည ၈း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာဒေါ်နော်ရီတာမြ(ဗိုလ်မှူး-ငြိမ်း)
(ကြည်း-၃၄၀၄) မဆရ(၁၃၁)
အသက်(၈၅)နှစ်

မြစ်ကြီးနားမြို့နေ [ဦးရွှေမြ(စက်ရှင်တရားသူကြီး)-ဒေါ်စိန်နီ]တို့၏ သမီး၊ ငါးသိုင်းချောင်းမြို့နေ (ဦးဟံတိန်-ဒေါ်တင်)တို့၏ သမီးချွေးမ၊ [ဒုတိယဗိုလ်မှူးကြီး မောင်အေး(ငြိမ်း)]၏ဇနီး၊ ဒေါက်တာဦးမောင်မောင်မြ(ငြိမ်း၊ B.P.I)-ဒေါ်ကယ်ရီလိုင်း (ကထိက-ငြိမ်း၊ M.I.T)၏ ညီမ၊ (ဦးလှပု-ဒေါ်ရှုဘီမြ)၊ (ဦးထွန်းရင်)-ဒေါက်တာ ရီနာမြ(ငြိမ်း) (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ သိက္ခာတော်ရဆရာတော် ဦးစိန်အောင် (ကရင်ကျောင်း၊ ပြင်ဦးလွင်)-ဒေါ်ရှီ့စ်မြ(ငြိမ်း၊ အထက်တန်းကာယနည်းပြ)တို့၏ အစ်မ၊ ဦးအောင်ကြည်စိုး (Eastern Wealth Co., Ltd.)-ဒေါ်ချိုချို(ဒု-ညွှန်မှူး၊ ငြိမ်း၊ စက်မှု-၁)၊ ဗိုလ်မှူးကြီးဒေါ်အေးအေး [တပ်မှူး၊ အမှတ်(၂) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀) နေပြည်တော်]၊ ဒေါ်မွှေးမွှေး [ပါမောက္ခ/ဌာနမှူး(တိုင်းရင်းသားဒီဂရီကောလိပ်၊ ရန်ကုန်)]၊ ဦးထိန်လင်း (Aung Taing San Co., Ltd.)-ဒေါက်တာဒေါ်ထွေးထွေး၊ ဗိုလ်မှူးဟိန်းမြတ်ကျော်(ငြိမ်း)- ဒေါ်အယ်လ်အောင်ဂျာ၊ ဦးရဲအေး-ဒေါ်မိုးကလျာဦးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မနှင်းယုမွန် (International Business, Singapore)၊ မဟန်ဇင်အေး (Final Part-I ဆေး-၁)၊ မဆုမွန်ထက် (2nd Year ဆေး-၁)၊ မစိမ့်သူဟန် (Regent Business Academy)၊ မသန့်သီရိလင်း(ဆဋ္ဌမတန်း၊ ဒဂုံ-၁)၊ မောင်ထက်ကောင်း မြတ်ကျော် (Year 7, M.I.S)၊ မမေဟိန်းထက် (Year 5, M.I.S)တို့၏ ချစ်လှစွာ သောဘွားဘွားကြီး ဒေါက်တာဒေါ်နော်ရီတာမြ(ဗိုလ်မှူး-ငြိမ်း)သည်၂-၈-၂၀၁၄ ရက် နံနက် ၃း၄၅နာရီတွင် သမက(၂/၃၀၀)၊ နေပြည်တော်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ဝတ်ပြုဆုတောင်းပွဲအား ၄-၈-၂၀၁၄ရက် မွန်းလွဲ ၁နာရီ တွင် ငြိမ်းအေးဇရပ် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည် တော်၌ပြုလုပ်ပြီး မွန်းလွဲ ၂နာရီတွင် သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ အောက်မေ့ဖွယ်ရာ ဝတ်ပြုဆုတောင်းပွဲ အခမ်းအနားအား ၄-၈-၂၀၁၄ (တနင်္လာနေ့) ညနေ ၆ နာရီတွင်လည်းကောင်း၊ ရက်လည်ဆွမ်းကျွေးတရား တော်နာခြင်းအား ၈-၈-၂၀၁၄(သောကြာနေ့) နံနက် ၇ နာရီတွင်လည်းကောင်း၊ တပ်မှူး၊ သမက(၂/၃၀၀) နေပြည်တော်နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
မနောစိတ္တာပုပ္ပါဒ်၊ အန္တိမဆရာကြီး
ဦးသောင်းညွန့်(ကြံနှစ်ကောင်ဆေးတိုက်) အသက်(၇၀)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသ (မြို့နယ်သံဃနာယက-ဥက္ကဋ္ဌ) ဘဒ္ဒန္တသောဘိတ၊ ကျောက်တန်း မြို့နယ် ဖွဲ့ကနာကျေးရွာ သရက်တောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစိန္ဒတို့အား အမှူးထား၍ ရွှေပြည်သာမြို့နယ်၊ အမှတ်(၇/၉/၃၀၅)နေ (ဦးမောင်ထား-ဒေါ်စိန်ထွေး)တို့၏သား၊ (ဦးကျော်ထူး-ဒေါ်အုန်း)တို့၏ သားသမက်၊ အဖျောက် မြို့နယ်၊ ပန်းတုံးပိတ်ကျေးရွာနေ (ဦးအုန်းမောင်)-ဒေါ်သန်းမြင့်၊ (ဦးအုန်းဖေ)-ဒေါ်သန်းခင်၊ ရွှေပြည်သာမြို့နယ်နေ (ဦးသိန်းဝင်း)-ဒေါ်ခင်မာရီတို့၏ ညီ/မောင်၊ အောင်ဆန်း၊ စဉ့်ကူရပ်ကွက်နေ (ဦးသန်းမြင့်)-ဒေါ်လုံး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာနေ ဦးဖုန်းဇော်-ဒေါ်မြင့်မြင့်ကြွေ၊ ဦးဌေးဝင်း-ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်ဌေးရွှေ၊ သာကေတမြို့နယ်နေ (ဦးတင့်ဆွေ)-ဒေါ်ခင်အေးမူ၊ အဖျောက် မြို့နယ်နေ ဦးကြည်မြင့်-ဒေါ်မာမာဝေတို့၏ အစ်ကို၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ပန်းခြံ(၁၁)၊ သုခိတာလမ်း၊ အမှတ်(၇/၉/၃၀၅)နေ ကိုနေလင်း၊ ဦးအောင်ထူး(လ/ထ ပညာရေးမှူး၊ အင်းစိန်)-ဒေါ်ဇာဇာမိုး(လယ်ပြ၊ အလက-၇၊ ရွှေပြည်သာမြို့နယ်)၊ ကိုဖုန်းကိုညွန့်-မမေမွန်ဖိုးတို့၏ဖခင်၊ မဖူးပွင့်သော်၊ မဖူးပွင့်နေခြည်၊ မောင်ကောင်းမြတ်ထူး၊ မောင်သုတဦးတို့၏အဘိုး၊ ဒေါ်တင် တင်မြိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၈-၂၀၁၄(သောကြာနေ့)တွင် ကွယ်လွန် သွားပါသဖြင့် ၃-၈-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၄(ကြာသပတေးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

အာဖရိကအနောက် လေးနိုင်ငံတွင် အီဘိုလာ ဗိုင်းရပ်(စ်)ကူးစက်ရောဂါ ဖြစ်ပွားနေ မြန်မာနိုင်ငံအနေဖြင့် ရောဂါကူးစက်ဝင်ရောက်မှုမရှိစေရေး စနစ်တကျဆောင်ရွက်ထားရှိ

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲသည် အဓိကကူးစက်မြန်ရောဂါများ၊ ကပ်ရောဂါအသွင်ဖြစ်ပွားနိုင်သောရောဂါများ၊ အသစ်ဖြစ်ပေါ်လာသော ကူးစက်မြန်ရောဂါများ၊ တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ၊ စောင့်ကြပ်ကြည့်ရှုရသော ရောဂါ ၁၇ မျိုး၊ ကာကွယ်ဆေးထိုးနှံပြီး နောက်ဆက်တွဲပြဿနာများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဖြစ်ပွားတတ်သောကူးစက်ရောဂါများ၊ ရာသီဥတုပြောင်းလဲပြင်းထန်မှုကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးပြဿနာများကို စောင့်ကြပ်ကြည့်ရှုခြင်း၊ စောစီးစွာတုံ့ပြန်ဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် ရောဂါနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကူးစက်ရောဂါများကင်းစင်ပပျောက်ရေး၊ ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လျော့နည်းစေရေးနှင့် ကင်းစင်ပပျောက်မှု၊ လျော့နည်းလာမှုအခြေအနေများကို ဆက်လက်ထိန်းသိမ်းစေရေး၊ ကူးစက်ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများ၊ နောက်ဆက်တွဲပြဿနာများဖြစ်သော စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများကို လျော့နည်းစေရေး၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ၊ တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများနှင့်အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားလာပါက ထိန်းချုပ်နိုင်ရန်၊ ကူးစက်ရောဂါများ ကပ်ရောဂါအသွင်ဖြစ်ပွားမှုကို ကာကွယ်ရန်နှင့်စောစီးစွာသိရှိ၍ ထိန်းချုပ်နိုင်ရန် ရည်ရွယ်ချက်ထားရှိ ဆောင်ရွက်လျက်ရှိပါသည်။

အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါများနှင့် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအသွင်ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများကို ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရှေ့တောင်အာရှဒေသနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့်ပြည်တွင်းမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၃ ခုနှစ်က ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ဖြစ်ပွားခဲ့သော ဆားစ်ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါကို မြန်မာနိုင်ငံသို့ ကူးစက်ဝင်ရောက်မှုမရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်က ဖြစ်ပွားခဲ့သော ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါဖြစ်ပွားမှုကိုလည်း ကူးစက်မှုနှင့်သေဆုံးမှု အနည်းဆုံးဖြစ်အောင် အမျိုးသားအဆင့်ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုနှစ်များတွင် နိုင်ငံအချို့၌

စာမျက်နှာ ၉ ကော်လံ ၁ သို့

ဇေယျာရွှေမြေနှင့်ရာဝတီတို့ ဤသို့အကြိတ်အနယ်။

ဇေယျာရွှေမြေ နိုင်ပွဲပြန်ရပြီး လက်ရှိချန်ပီယံရန်ကုန် ဂိုးပြတ်နိုင်

ရန်ကုန် ဩဂုတ် ၂

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၆) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဇေယျာရွှေမြေ၊ ရန်ကုန်နှင့် Southern အသင်းတို့ နိုင်ပွဲများ ရရှိခဲ့သည်။

(အောင်ဆန်းကွင်း)

ဇေယျာရွှေမြေ -တစ်ဂိုး

(ချူကွာဇူ)

ရာဝတီ -ဂိုးမရှိ

ရလဒ်များဆိုးရွားနေသည့် ဇေယျာရွှေမြေအသင်း နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။ တိုက်စစ်မှူး မတ်သရူးပွဲပယ်ခံထားရ၍ နောက်ခံလူ မာတင်ကို ရှေ့တန်းတွင်ထားပြီး ကစားခဲ့သည်။ဇေယျာရွှေမြေအသင်း ထိရောက်သည့် တိုက်စစ်ကစားပုံမျိုးမရခဲ့သော်လည်း လိုအပ်နေသည့်နိုင်ပွဲကို ရယူနိုင်ခဲ့သည်။ ဇေယျာရွှေမြေအသင်း အတွက် တစ်လုံး တည်းသော အနိုင်ဂိုးကို ၈၁ မိနစ်တွင် ချူကွာဇူက သွင်းယူပေးခဲ့သည်။

နိုင်ပွဲဆက်နေသည့် ရာဝတီအသင်းမှာ မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ပြီး ထိပ်ဆုံးမှ ရတနာပုံအသင်းနှင့် ၁၀ မှတ်အထိ ပြန်လည်ကွာဟသွားပြီဖြစ်သည်။

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက်-ရှစ်ဂိုး

(ဆီဇာ-လေးဂိုး၊ အီမာဆင်-နှစ်ဂိုး၊ ကျော်ကိုကို-တစ်ဂိုး၊ ချင်းနောက်ခံလူ ကိုယ့်ဂိုးကိုယ်သွင်း-တစ်ဂိုး)

ချင်းယူနိုက်တက် -တစ်ဂိုး

(မာတူနာ)

(ပေါင်းလောင်းကွင်း)

Southern -နှစ်ဂိုး

(ရှုတာရိုနှင့် ရဲအောင်)

နေပြည်တော် -တစ်ဂိုး

(ပြည့်ဖြိုးဦး)

ယနေ့မာတိကာ

မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးကျင်းပ
စာမျက်နှာ-၃

တရုတ်နိုင်ငံအရှေ့ပိုင်း၌ စက်ရုံတစ်ရုံပေါက်ကွဲမှုဖြစ်ပွား ၆၈ ဦးထက်မနည်းသေဆုံး၊ ၁၈၇ ဦးဒဏ်ရာရ
စာမျက်နှာ-၄

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကြောင်းအရာများ ရှင်းလင်းတင်ပြ
စာမျက်နှာ-၅

မန္တလေးမြို့၌ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်
စာမျက်နှာ-၈

ကမ္ဘာကျော်ကိုရီးယား ကေပေါ့အဖွဲ့ဖျော်ဖြေပွဲ တိုးမပေါက်အောင်စည်ကား
စာမျက်နှာ-၉

ရာဖေးလ်နာဒယ် အမေရိကန်အိုးပင်း လွဲချော်ဖွယ်ရှိ
စာမျက်နှာ-၁၃

မိတ္ထီလာမြို့ ချမ်းအေးသာယာနယ်မြေတွင် မီးလောင်ပျက်စီးသွားသည့် လူနေအိမ်များအား ပြန်လည်နေရာချထားပေးမည်

မိတ္ထီလာ ဩဂုတ် ၂

၂၀၁၃ ခုနှစ် မတ် ၂၀ ရက်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ကြောင့် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာနယ်မြေရှိ မီးလောင်ပျက်စီးသွားသည့် လူနေအိမ်များအစား အလှူရှင်များဆောက်လုပ်လှူဒါန်းသည့် လူနေလုံးချင်းအိမ် (သွပ်မိုး၊ အုတ်ကာ)အလုံး၃၅၀ တည်ဆောက်ပြီးစီးတော့မည်ဖြစ်ရာ ပြန်လည်နေရာချထားပေးတော့မည်ဖြစ်ကြောင်း သိရသည်။

လူနေအိမ်များ ပြန်လည်နေရာချထားမည့်အစီအစဉ်အား ကာယကံရှင်မိသားစုဝင်များ ပွင့်လင်းမြင်သာမှုရှိစွာ သိရှိနိုင်ရန်အတွက် ရှင်းလင်းပြောကြားခြင်းကို အဆိုပါ မိသားစုများ ယာယီနေထိုင်လျက်ရှိသည့် ဗဟိုပို့/ဆက်သင်တန်းကျောင်း ကယ်ဆယ်ရေးစခန်း၊ အင်းကုန်း အမက(၁၆) ကယ်ဆယ်ရေးစခန်းများသို့ တာဝန်ရှိသူများအဖွဲ့က ဩဂုတ် ၂ ရက် နံနက် ၉ နာရီတွင် ကွင်းဆင်းဆောင်ရွက်ကြသည်။ ချမ်းအေးသာယာနယ်မြေတွင် မိသားစုဝင်များ ပြန်လည်နေထိုင်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ စာမျက်နှာ ၉ ကော်လံ ၃ သို့

ကြေးမုံ
Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2014 AUGUST 3, SUNDAY

STI
MYANMAR UNIVERSITY
MBA BBA MED BE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

စီးပွားရေး

မြိတ်စီးပွားရေးဇုန် ခြောက်ဇုန်ပါဝင်သော စီမံကိန်း ဇွန်လမှ စတင်အကောင်အထည်ဖော်

မြိတ် ဩဂုတ် ၂

မြိတ်မြို့သည် မြန်မာနိုင်ငံတောင်ဘက်ပိုင်းတွင် တည်ရှိပြီး တနင်္သာရီတိုင်းဒေသကြီး၏ စီးပွားရေး အချက်အချာကျသော မြို့တစ်မြို့ဖြစ်၍ ကျွန်းပေါင်း ၈၀၀ ကျော်ဝန်းရံလျက် အဆုံးမရှိသောပင်လယ်သည် မြိတ်မြို့၏ အနာဂတ်စီးပွားရေးအတွက် တန်ဖိုးမဖြတ်နိုင်သော သဘာဝအထောက်အပံ့အဖြစ်တည်ရှိ၍ လူဦးရေ ၂၅၀၀၀၀ ကျော်ရှိကာ မြိတ်ဒေသ၏ အနာဂတ်သည် တောက်ပလျက်ရှိသည်။ ရင်းနှီးမြှုပ်နှံရန်သင့်တော်သော ဒေသတစ်ခုဖြစ်သောကြောင့် မြိတ်စီးပွားရေးဇုန် ခြောက်ဇုန်ပါဝင်သော စီမံကိန်းတစ်ခုကို ယခုဇွန်လမှ လုပ်ငန်းများစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြိတ်မြို့၏အရှေ့ဘက် သုံးမိုင်ခန့်အကွာတွင် တည်ဆောက်လျက်ရှိသော မြိတ်စီးပွားရေးဇုန်မှာ လက်ရှိ တည်ရှိနေသော မြိတ်မွေးမြူရေးဇုန်၊စက်မှုဇုန်၊ ရှမ်းချောင်းကြီးရပ်၊ မြိတ်လေယာဉ်ကွင်းတို့နှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိနေပြီး တနင်္သာရီမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော ယောကြီးမြစ်ကို မေးတင်တည်ဆောက်မည်ဖြစ်ပြီး ဧရိယာဧက ၁၁၀၀ ရှိမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့မြိတ်မြို့ လူဦးရေမှာ ယခုလက်ရှိအခြေအနေအရ ၂၅၃၁၆၉ ဦးရှိပြီး လူဦးရေတစ်နှစ် တိုးတက်နှုန်း ၅၀၀၀ (၂ဒသမ ၀၂) ရာခိုင်နှုန်း၊ လူငါးဦးတစ်အိမ်နှုန်းနှင့် အိမ်ခြေ ၁၀၀၀၊ အိမ်တစ်လုံးကို ၂၄၀၀ စတုရန်းပေ၊ အိမ်အလုံး ၁၀၀၀ လျှင် ၂၄၀၀၀၀၀ စတုရန်းပေ (၅၅ ဧက)ခန့် လမ်းနှင့်အခြားပေါင်းလျှင် ဧက ၈၀ ခန့် တစ်နှစ်အိမ်ရာ မြေလိုအပ်ချက်တွေ၊ ရေလုပ်ငန်းနှင့် ကုန်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းအတွက် မြေနေရာလိုအပ်ချက်တွေ စာမျက်နှာ ၇ သို့ » »

တနင်္သာရီတိုင်းဒေသကြီး၏ စီးပွားရေးအချက်အချာကျသော မြိတ်မြို့ကို တွေ့ရစဉ်။

PUN HLAING HOSPITAL
ပန်းလှိုင်ဆေးရုံ နှလုံးဌာန အထူးအစီအစဉ်

ဆက်သွယ်ရန် - Email : inquiry.phh@...

စစ်ကိုင်းတိုင်းဒေသကြီး

ဇွန်ပန်းရုံစိုက်ပျိုးခြင်းဖြင့် ကျေးလက်အမျိုးသမီးအများစု အလုပ်အကိုင်အခွင့်အလမ်းများရရှိ

စစ်ကိုင်း ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး လက်ပန်ကျေးရွာသည် အိမ်ခြေ ၆၀၀ ခန့်ရှိသော ကျေးရွာကြီးဖြစ်ပြီး ကျေးရွာတစ်ရွာလုံး ဇွန်ပန်းပင်စိုက်ပျိုးခြင်းဖြင့် ကျေးရွာရှိ အမျိုးသမီးများမှာ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြောင်း၊ မန္တလေးမြို့၏ ပန်းဈေးကွက်လိုအပ်ချက်များကို နေ့စဉ်ဖြည့်တင်းပေးလျက်ရှိနေသည့် ဇွန်ပန်းစိုက်ပျိုးသည့်ကျေးရွာဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

လက်ပန်ကျေးရွာသည် မင်းဝံတောင်ပေါ်တွင် တည်ရှိပြီး သဲဆန်သောမြေများဖြစ်၍ ဇွန်ပန်းပင်များ အောင်မြင်ဖြစ်ထွန်းသဖြင့် အိမ်ထောင်စုတစ်စုလျှင် မြေအကျယ်အဝန်းကိုလိုက်၍ တစ်ဧက၊ နှစ်ဧကခန့်အထိ ဇွန်ပန်းရုံများကို စိုက်ပျိုးလျက်ရှိကြသည်။ ဇွန်ပန်းများသည် ကဆုန်၊ နယုန်လများမှ စတင်ဖူးပွင့်ရာ သီတင်းကျွတ်၊ တန်ဆောင်မုန်းလအထိ ဆွတ်ခူးနိုင်သဖြင့် နှစ်စဉ်ခြောက်လခန့် အမျိုးသမီးများ အလုပ်လှိုင်လှေ့ရှိသည်ဟု သိရသည်။

နေ့စဉ် ဇွန်ပန်းဖူးများဆွတ်ခူးနိုင်ရန်အတွက် ဇွန်ပန်းရုံ အနည်းအများအလိုက် အမျိုးသမီးများကို နှစ်ပေါက်ခေါ် ယူထားရကြောင်း၊ နေ့စားခအဖြစ် တစ်ရက်လျှင် ငွေကျပ် ၂၅၀၀ ရရှိကြောင်း၊ နံနက်ပိုင်းမှစတင်၍ ညနေပိုင်းအထိ ဇွန်ပန်းဖူးများကို ဆွတ်ခူးပေးရပြီး တစ်ဦးလျှင် ဇွန်ပန်းဖူးတစ်ခွဲသားခန့်အထိ ဆွတ်ခူးပေးနိုင်ကြောင်း သိရသည်။ ခူးဆွတ်ရရှိသည့် ဇွန်ပန်းဖူးများကို ချည်ကြိုးမျှင်နှင့် သီကုံးကြရသည်။ ပန်းဖူး ၁၅၀ ခန့် ကုံးသီထားသည့် ပန်းကုံး ၁၀၀ တစ်တွဲလျှင် ကျပ် ၂၅၀၀ နှုန်း၊ အဖူး ၈၀ မှ ၁၀၀ အထိ ကုံးသီထားသော ဇွန်ပန်းကုံး ၁၀၀ကုံး တစ်တွဲလျှင် ကျပ် ၁၀၀၀ နှုန်း၊ ပန်းဖူး ၅၀ ခန့် ကုံးသီထားသော ဇွန်ပန်းကုံး ၁၀၀ တစ်တွဲလျှင် ကျပ် ၅၀၀ နှုန်းရောင်းချရကြောင်း၊ ဇွန်ပန်းရုံ ၂၅ ရုံခန့်ရှိလျှင် နေ့စဉ်ဇွန်ပန်းကုံး ၇၀၀ မှ ၁၀၀၀ အထိရရှိကြောင်း သိရသည်။

"နေ့စဉ် ရရှိတဲ့ပန်းတွေကို အရင်က နံနက်တစ်နာရီ၊ နှစ်နာရီလောက်ကထပြီး လှေတွေနဲ့ မန္တလေးကိုသွားရောင်းကြရတယ်၊ ရွာကနေ ပန်းလှေ သုံး၊ လေးစင်း နေ့တိုင်းထွက်တယ်၊ အခုတော့ မင်းကွန်း-စစ်ကိုင်းကားလမ်းပေါက်ချိန်ကစပြီး ဆိုင်ကယ်တွေနဲ့ သွားရောင်းကြတယ်။ အများအားဖြင့် အခုကိုယ်တိုင်သွားမရောင်းနိုင်ကြတော့ဘူး၊ ထန်းမြင့်ရွာက ပန်းဖောက်သည်တွေက လာယူတယ်၊ သူတို့က မန္တလေးက သီရိမင်္ဂလာဈေးကို နေ့စဉ်သွားပို့ကြတယ်၊ လက်ပန်ရွာက ရှေးကတည်းက ဖိနပ်ရိုက်သံမှိုလုပ်တယ်၊ ဇွန်ပန်းစိုက်ကြတယ်၊ နောက်ပိုင်း သွပ်ဆူးကြိုးပါလုပ်ကြတယ်၊ ပန်းပေါ်ချိန်ရောက်ရင် လုပ်ငန်းမနိုင်လို့ ဖိနပ်ရိုက်သံမှိုလုပ်ငန်းတွေ ရပ်ထားရတယ်၊ ပန်းပေါ်ချိန်မှာ အမျိုးသား၊ အမျိုးသမီး၊ ကလေး လူကြီးပါမကျန် အလုပ်မနားရတော့ဘူး"ဟု ဇွန်ပန်းစိုက်ပျိုးသည့် လက်ပန်ရွာမှ အမျိုးသမီးတစ်ဦးက ပြောပြသည်။

ဇွန်ပန်းရုံစိုက်ပျိုးခြင်းကို လက်ပန်ကျေးရွာသာမက မင်းကွန်းကျေးရွာအုပ်စု ထန်းမြင့်ကျေးရွာတို့တွင်လည်း စိုက်ပျိုးလာကြကြောင်း၊ ဇွန်ပန်းပင်များသည် အထူးပြုစုရန်မလိုအပ်ဘဲ ပန်းဖူးချိန်တွင် ရေသွင်းပေးရန်သာ လိုအပ်ကြောင်း၊ သဲဆန်သောမြေကို ကြိုက်နှစ်သက်ပြီး စိုက်ပျိုးရန် လွယ်ကူကြောင်း၊ နှစ်စဉ် ခြောက်လခန့်ဝင်ငွေရရှိနိုင်ပြီး ဒေသတွင်းရှိ အမျိုးသမီးအများစုမှာ အလုပ်အကိုင်အခွင့်အလမ်းများကို ရရှိနေကြောင်း သိရသည်။ **(နန္ဒာမင်းလွင်)**

ပဲခူးတိုင်းဒေသကြီး

ဈေးနှုန်းမြင့်တက်၍ နှမ်းစိုက်တောင်သူများအဆင်ပြေ

ရေတာရှည် ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ နှမ်းစိုက်တောင်သူများသည် နှမ်းရောင်းချရာတွင် ဈေးကောင်းရရှိခြင်းကြောင့် ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း သိရသည်။ ယခုနှစ် မိုးရာသီကာလမှာ မိုးရွာသွန်းမှု သိသိသာသာနည်းပါးခဲ့ခြင်းကြောင့် စပါးစိုက်ပျိုးသည့် တောင်သူများ အခက်အခဲများ ရှိသော်လည်း နှမ်းစိုက်တောင်သူများအနေဖြင့် များစွာအဆင်ပြေလျက်ရှိသည်ကို ဒေသအနှံ့အပြား၌ တွေ့ရသည်။ **(အပေါ်ပုံယာပုံ)** ဇူလိုင်လ နောက်ဆုံးပတ်မှစတင်၍ မိုးနှမ်းများ စတင်ခါလျက်ရှိပြီး နှမ်းအခြောက် တစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀ ဖြင့် ရောင်းချရကြောင်း၊ ယမန်နှစ်က ဈေးထက် ပိုမိုရရှိကြောင်း၊ ပြည်ပ ဝယ်လက်ကလည်း ကောင်းကြောင်း တောင်သူတစ်ဦးက ပြောပြသည်။ မိုးနှမ်းခါချိန်တွင် ရာသီဥတုသာယာပြီး နေပူချိန်ဖြစ်၍ နေ့စဉ် နှမ်းခါသူများ အဆင်ပြေလျက်ရှိကြောင်း သတင်းရရှိသည်။ **ကိုလွင်(ဆွာ)**

မကွေးတိုင်းဒေသကြီး

စာပေအစဉ်အလာအားကောင်းခဲ့သော ဉာဏတက္ကသိုလ် စာဖတ်အသင်း အလှူရှင်များလိုအပ်လျက်ရှိ

ပခုက္ကူ ဩဂုတ် ၂

၁၉၄၆ ခုနှစ်က တည်ထောင်ဖွင့်လှစ်ခဲ့သော ဉာဏတက္ကသိုလ်စာဖတ်အသင်းကြီး၏ အဆောက်အအုံသည် ပြုပြင်ထိန်းသိမ်းမှု၊ စာကြည့်တိုက်ဖွင့်လှစ်မှုအားနည်းခဲ့သောကြောင့် ဇူလိုင် ၂၇ ရက်တွင် ယိုယွင်းပျက်စီးလျက်ရှိသည်ကို တွေ့ရသည်။**(အပေါ်ပုံ)** "ဒီစာဖတ်အသင်းကြီးကနေ နာမည်ကျော် စာရေးဆရာတွေ မွေးထုတ်ပေးခဲ့တယ်။ ၁၉၆၂ ခုနှစ်မှာ အကြောင်းကြောင်းကြောင့် ရပ်နားခဲ့ရပြီး ၁၉၇၁ ခုနှစ် မတ်လမှာ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့တယ်။ အသင်းဝင် ၅၀ နဲ့ အသင်းဝင်ကြေး ၅၀ ပြား လစဉ်ကြေးတစ်လ ၂၅ ပြားနဲ့ စာဖတ်အသင်းအောင်မြင်ခဲ့တယ်။ နံရံကပ်စာစောင်တွေ၊ စာဆိုတော်နေ့တွေအပြင် သင်္ကြန်ကာလမှာလည်း စာဖတ်အသင်းက ယိမ်းအဖွဲ့တွေနဲ့ စည်စည်ကားကား လုပ်ဆောင်ခဲ့တယ်။ အစဉ်အလာအားကောင်းခဲ့တဲ့ စာဖတ်အသင်းကြီးရဲ့ အဆောက်အအုံပျက်စီးယိုယွင်းနေတာကို ပြန်လည်ပြုပြင်ဖို့ရယ်၊ ဆယ်စုနှစ်ကြာရပ်နားထားရတဲ့ စာဖတ်အသင်းကိုလည်း ပြန်လည်ဖွဲ့စည်းဖို့ အလှူရှင်တွေနဲ့ စာပေဝါသနာရှင်တွေရဲ့ ဝိုင်းဝန်းပံ့ပိုးမှု လိုအပ်နေပါတယ်"ဟု ဉာဏတက္ကသိုလ် စာဖတ်အသင်း၏ အမှုဆောင်ဟောင်းတစ်ဦးက ပြောသည်။

ဉာဏတက္ကသိုလ် စာဖတ်အသင်းကြီး၏ အဆောက်အအုံသည် ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက် ကားဂိတ်များစုဝေးရာ ထင်းတန်းလမ်းမကြီးပေါ်တွင် တည်ရှိသည်။ နိုင်ငံတော်မှ စာပေရေချမ်းစင်များ အရှိန်အဟုန်မြင့် ဆောင်ရွက်နေသည့် ယနေ့ခေတ်ကာလတွင် သမိုင်းအစဉ်အလာကြီးသော ပခုက္ကူမြို့၏ ဉာဏတက္ကသိုလ် စာဖတ်အသင်းကြီး၏ စာကြည့်တိုက်အဆောက်အအုံနှင့် စာဖတ်အသင်းပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းအားပေးကူညီသင့်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

နေဦးမောင် (ပခုက္ကူ)

သွေးတိုးရောဂါမကြောက်ရာ

ဒေါက်တာမော်

သွေးတိုးရောဂါလို့ အမည်တပ်လိုက်တာနဲ့ သွေးကျဆေးကို စတင်သောက်ရမှာဖြစ်ပြီး မပြတ်မလပ် တစ်သက်လုံးနီးပါး မှန်မှန် သောက်ရတော့မယ်။ ဆေးဆိုတာ မလိုအပ်ဘဲ မသောက်သုံးသင့်ပါဘူး။ ဆေးတိုင်းမှာ မလိုလားအပ်တဲ့ ဆိုးကျိုးတွေရှိပါမယ်။ လိုလျက်သားနဲ့ မသောက်သုံးမိရင်လည်း သွေးတိုးရောဂါရဲ့ ဆိုးကျိုးအဆက်တွေဖြစ်တဲ့ နှလုံးရောဂါ (နှလုံးသွေးကြောပိတ်သည်ဟု အများသိကြသော နှလုံးမှာ အောက်ဆီဂျင်မလုံလောက်သောရောဂါ) မျက်စိရောဂါ (အမြင်အာရုံပျက်စီးခြင်း)၊ ကျောက်ကပ်ရောဂါ (ကျောက်ကပ်ပျက်စီးခြင်း)၊ ဦးနှောက်နှင့်အာရုံကြောရောဂါ (လေဖြတ်ခြင်း)များ ဖြစ်တတ်ပါတယ်။ ဒါကြောင့် သွေးတိုးရောဂါရှိ မရှိဆုံးဖြတ်ချက်ဟာ လူနာတစ်ယောက်အတွက် အလွန်အရေးကြီးပါတယ်။

"မော်" migrane (ခေါင်းကိုက်ရောဂါ)ရလို့ သူငယ်ချင်းဆရာဝန်ထံ ဆေးခွင့်ယူဖို့သွားတော့ "မော်" သွေးတိုးနေတယ်တဲ့။ ပထမဆုံး "မော်"သွေးတိုးတယ်လို့ ကြားလိုက်ရတာပါ။ အိမ်မှာ မိမိဖာသာ မိမိမှန်မှန်သွေးချိန်ကြည့်တော့လည်း ပုံမှန်ကောင်းနေတာပဲ။ ဆရာဝန်ထံအကြောင်းတစ်ခုခုကြောင့် သွားတိုင်းမှ သွေးပေါင်ချိန် မြင့်တက်နေတာ သတိထားမိလာတယ်။ "မော်"မှာ သွေးတိုးရောဂါရှိနေပြီလား။

လူနာပေါင်းများစွာကို သွေးတိုးရောဂါရှိ မရှိဆုံးဖြတ်ပေးခဲ့တဲ့ ဆရာဝန်ကိုယ်တိုင်မိမိမှာ သွေးတိုးရောဂါ ရှိ မရှိဆုံးဖြတ်ရတော့မယ်။ သွေးပေါင်ချိန်တစ်ခါတက်ရုံနဲ့ သွေးတိုးတယ်လို့ ဆုံးဖြတ်လို့မရပါဘူး။ ဆေးရုံဆေးခန်းသွားတယ်ဆိုတာ ခေါင်းကိုက်လို့၊ ခေါင်းမူးလို့၊ ဖျားလို့၊ ချောင်းဆိုးလို့၊ ခါးနာလို့ဆိုတဲ့ အကြောင်းတစ်ခုခုကြောင့် သွားကြခြင်းဖြစ်တယ်။ ဒီအကြောင်းတွေကလည်း သွေးပေါင်ချိန်ကို အခိုက်အတန့်တက်စေပါတယ်။ သွေးတိုးရောဂါမဟုတ်ပါ။

သွေးတိုးရောဂါလို့ အမည်တပ်လိုက်တာနဲ့ သွေးကျဆေးကို စတင်သောက်ရမှာဖြစ်ပြီး မပြတ်မလပ် တစ်သက်လုံးနီးပါး မှန်မှန်သောက်ရတော့မယ်။ ဆေးဆိုတာ မလိုအပ်ဘဲ မသောက်သုံးသင့်ပါဘူး။ ဆေးတိုင်းမှာ မလိုလားအပ်တဲ့ ဆိုးကျိုး (side effect) တွေရှိပါမယ်။ လိုလျက်သားနဲ့ မသောက်သုံးမိရင်လည်း သွေးတိုးရောဂါရဲ့ ဆိုးကျိုးအဆက်တွေဖြစ်တဲ့ နှလုံးရောဂါ(နှလုံးသွေးကြောပိတ်သည်ဟု အများသိကြသော နှလုံးမှာ အောက်ဆီဂျင်မလုံလောက်သောရောဂါ) မျက်စိရောဂါ (အမြင်အာရုံပျက်စီးခြင်း)၊ ကျောက်ကပ်ရောဂါ (ကျောက်ကပ်ပျက်စီးခြင်း)၊ ဦးနှောက်နှင့်အာရုံကြောရောဂါ (လေဖြတ်ခြင်း)များဖြစ်တတ်ပါတယ်။ ဒါကြောင့် သွေးတိုးရောဂါရှိ မရှိဆုံးဖြတ်ချက်ဟာ လူနာတစ်ယောက်အတွက် အလွန်အရေးကြီးပါတယ်။

သွေးတိုးရောဂါကို တစ်ကြိမ်တည်းတစ်ရက်တည်းနှင့် ဆုံးဖြတ်လို့ မရပါဘူး။ ကမ္ဘာတစ်ဝှမ်းလုံး ဆေးပညာရှင်တွေ သဘောတူဆုံးဖြတ်ထားကြတာကတော့ ဆေးခန်းကို အနည်းဆုံးနှစ်ခါ၊ သွေးချိန်ဖို့သွားရမည်။ တစ်ခါ သွားလျှင် ဆရာဝန်က မှန်ကန်သော သွေးချိန်နည်းဖြင့် အနည်းဆုံးနှစ်ကြိမ်ချိန်ရမည်။ ဆိုလိုတာကတော့ အကြောင်းတစ်ခုခုကြောင့် ဆေးခန်းသွားရင်း သွေးတိုးတာတွေ့တယ် ဆိုပါစို့။ နေကောင်းသွားတဲ့အခါ အဲဒီ ဆေးခန်းကို နောက်ထပ်နှစ်ခါ သို့မဟုတ် သုံးခါပြန်သွားပါ။ တစ်ခါသွားလျှင် ဆရာဝန်က အနည်းဆုံးနှစ်ကြိမ် သွေးချိန်ပါလိမ့်မယ်။ အဲဒီလိုတိုင်းတဲ့အခါတိုင်းမှာ သွေးပေါင်ချိန်မြင့်တက်နေမှသာ သွေးတိုးရောဂါရှိတယ်လို့ အမည်တပ်နိုင်ပါလိမ့်မယ်။

စနစ်တကျ စစ်ဆေးပြီး ကိုယ့်မှာသွေးတိုးရောဂါရှိနေပြီဆိုပါစို့ ဘာလုပ်ကြမလဲ။ ပထမဆုံးသွေးတိုးရောဂါကြောင့်ဖြစ်တဲ့ ဆိုးကျိုးရောဂါတွေကိုယ့်မှာ ရှိနေပြီလားဆိုတာ ဆရာဝန်က စမ်းသပ်စစ်ဆေးပါလိမ့်မည်။ ဒုတိယအနေဖြင့် ဆရာဝန်က သင့်တော်သော သွေးကျဆေးပေးတာကို မပြတ်မလပ်မှန်မှန်သောက်ရပါမည်။ တတိယအနေဖြင့် သွေးပေါင်ချိန်ထိန်းသိမ်းမှု (Control) ရမရကို ဆရာဝန်နဲ့ အမြဲတိုင်ပင်စစ်ဆေးရပါမည်။ သွေးပေါင်ချိန်ကို ထိန်းထားနိုင်သမျှ သွေးတိုးရောဂါရှိသူဟာ သွေးတိုးရောဂါမရှိသူများကဲ့သို့ သွေးတိုးရောဂါရဲ့ ဆိုးကျိုးရောဂါတွေ ထပ်မဝင်နိုင်ပါ။ ဒါကြောင့် သွေးတိုးရောဂါဟာ သွေးပေါင်ချိန်ထိန်းနိုင်ရင် ကြောက်စရာမလိုပါ။

ကိုယ့်မှာသွေးတိုးရောဂါရှိနေပြီဆိုပါစို့ ဘာလုပ်ကြမလဲ။ ပထမဆုံး သွေးတိုးရောဂါကြောင့်ဖြစ်တဲ့ ဆိုးကျိုးရောဂါတွေ ကိုယ့်မှာရှိနေပြီလားဆိုတာ ဆရာဝန်က စမ်းသပ်စစ်ဆေးပါလိမ့်မည်။ ဒုတိယအနေဖြင့် ဆရာဝန်က သင့်တော်သော သွေးကျဆေးပေးတာကို မပြတ်မလပ်မှန်မှန် သောက်ရပါမည်။ တတိယအနေဖြင့် သွေးပေါင်ချိန်ထိန်းသိမ်းမှုရ မရကို ဆရာဝန်နဲ့ အမြဲတိုင်ပင်စစ်ဆေးရပါမည်။ သွေးပေါင်ချိန်ကို ထိန်းထားနိုင်သမျှ သွေးတိုးရောဂါရှိသူဟာ သွေးတိုးရောဂါမရှိသူများကဲ့သို့ သွေးတိုးရောဂါရဲ့ ဆိုးကျိုးရောဂါတွေ ထပ်မဝင်နိုင်ပါ။ ဒါကြောင့် သွေးတိုးရောဂါဟာ သွေးပေါင်ချိန် ထိန်းနိုင်ရင် ကြောက်စရာမလိုပါ။

ဒီနေရာမှာတိုးနေတဲ့ သွေးပေါင်ချိန်ကို လျော့စေတဲ့ သဘာဝနည်းလေးတွေကိုလည်း ပေးပါရစေ။ ဒီနည်းတွေဟာ သောက်သုံးရန်လိုအပ်တဲ့ ဆေးဝါးများကို အစားထိုးရန်မဟုတ်ဘဲ ဆေးလည်းသောက်ရင်း ဒီသဘာဝနည်းလေးတွေကိုလည်း ကျင့်သုံးခြင်းဖြင့် သွေးပေါင်ချိန်ကို ကောင်းစွာ ထိန်းထားနိုင်ပြီး သွေးတိုးရောဂါရဲ့ ဆိုးကျိုးများကို ကြောက်စရာမလိုစေရန်ဖြစ်ပါတယ်။

(၁) သွေးပူလေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်း

သွေးပူလေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်းသည် မဖြစ်သေးသော သွေးတိုးရောဂါကို အချိန်အတိုင်းအတာတစ်ခုအထိ တားဆီးထားနိုင်ပါတယ်။ ဖြစ်ပြီးတဲ့သွေးတိုးရောဂါကိုလည်း သွေးပေါင်ချိန်ကောင်းလာစေရန် ကူညီပေးပါတယ်။ The American College of Sports Medicine(အမေရိကန်အားကစားဆေးပညာကောလိပ်) အဖွဲ့ကြီးက သွေးပူလေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်းသည် သွေးပေါင်ချိန် ၅ မှတ်မှ ခုနစ်မှတ်အထိ တစ်လအတွင်း ကျနိုင်သည်ဟု တိတိကျကျ ဖော်ပြထားပါသည်။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းမှန်မှန်လုပ်ရမည်ကို "မော်"တို့မြန်မာပြည်သားတွေ သိရှိလက်ခံ လာကြပြီဖြစ်ပါသည်။ ဘယ်အတိုင်းအတာအထိ လုပ်မလဲဆိုတာ သိဖို့လိုအပ်လာပါတယ်။ အမေရိကန်နှလုံးအဖွဲ့ချုပ် (American Heart Association) ရဲ့ အဆိုအရ ကိုယ်လက်လှုပ်ရှားမှုများကို တစ်နေ့လျှင် မိနစ် ၃၀ တစ်ပတ်လျှင် ငါးရက် လုပ်ရမည်ဟု အကြံပြု (Guide Line) ပေးထားပါတယ်။ သွက်သွက်လက်လက်လမ်းလျှောက်ခြင်း၊ပြေးခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်းစသည်တို့ကို အသက်ရှူနှုန်းမြန်လာသည်အထိ နှလုံးခုန်နှုန်းမြန်လာသည်အထိချွေးထွက်သည် အထိ ပြုလုပ်ရမှာ ဖြစ်ပါသည်။

(၂) အစားအသောက်ရွေးချယ်ခြင်း

အမေရိကန်နှလုံး၊ အဆုတ်နှင့်သွေးအဖွဲ့ (National Heart,Lung and Blood Institute) ရဲ့ DASH (Directory Approaches to Stop Hypertension) (သွေးတိုးရောဂါကောင်းစေသော အစားအသောက်များ) အစီအစဉ်မှာ ဆားလျှော့စားရန်၊ အဆီလျှော့စားရန်၊ အသီးအရွက်၊ ငါး၊ ကြက်သားတွေ စားသုံးရန် ဖော်ပြထားပါတယ်။ မြန်မာပြည်သူပြည်သားတွေအတွက်တော့ငါးပိ၊ ငါးခြောက်၊ ငံပြာရည်နှင့် ဆီပြန်ဟင်းအင်တွေ လျှော့စားဖို့ အကြံပြုပါရစေ။

(၃) အသက်ရှူလေ့ကျင့်ခန်း (Breathing Exercise) လုပ်ခြင်း

အသက်ရှူတတ်လျှင် သွေးပေါင်ချိန်ကောင်းနိုင်သည်။ "မော်"တို့လူသားတွေသည် တစ်မိနစ်လျှင် ပုံမှန် ၁၂ ကြိမ်မှ ၁၈ ကြိမ်အသက်ရှူကြသည်။ အသက်ကို ဖြေးဖြေးနှင့် ရှည်ရှည်ရှူကြည့်ပါ။ တစ်မိနစ်ကို ငါးခါမှ ၁၀ ခါထိ ရှူနိုင်ဖို့ လေ့ကျင့်ပါ။ အသက်အောင့်စရာမလိုပါ။ တစ်ခါရှူလျှင် ရှည်ရှည်ရှူဖို့သာ လိုပါတယ်။ တစ်နေ့လျှင် ၁၅ မိနစ်ခန့် ဒီလို အသက်ရှူလျှင် သွေးပေါင်ချိန်ကျတယ်ဆိုတာ ဆေးပညာသုတေသနများ လုပ်ပြီးဖြစ်ပါတယ်။

(၄) ယိုဂ (Yoga) လေ့ကျင့်ခန်းများပြုလုပ်ခြင်း

လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀၀ ကျော်လောက်ကတည်းက ပေါ်ထွန်းလာသော Yoga သည်ယခု သိပ္ပံလောကကြီးမှာ အနောက်တိုင်းဆေးပညာမှာ စိတ်ရောကိုယ်ပါ လေ့ကျင့်ခန်း တစ်ခုအနေဖြင့် လက်ခံကျင့်သုံး နေကြပြီဖြစ်ပါသည်။ Yoga လေ့ကျင့်ခန်းလုပ်ခြင်းသည် သွေးတိုးရောဂါကုသရာမှာ အထောက်အကူဖြစ်နိုင်ကြောင်း သုတေသနများလုပ်၍ စာတမ်းဖတ်ပွဲ (Scientific Meeting) တွေမှာစာတမ်းများတင်လာကြတာ တွေ့ရပါတယ်။

(၅) တရားထိုင်ခြင်း (Meditation)

အသက်ရှူလေ့ကျင့်ခန်း၊ Yogaတို့နည်းတူ တရားထိုင်ခြင်းကိုလည်း အနောက်တိုင်းဆေးပညာမှာကျယ်ကျယ် ပြန့်ပြန့် လက်ခံလာပြီဖြစ်ပါတယ်။ စင်ကာပူဆေးရုံကြီးများမှာ တရားထိုင်နည်းသင်တန်း (Meditation class) တွေကို လူနာများသာမက ဆေးရုံဝန်ထမ်းများအတွက်ပါ ဖွင့်လှစ်သင်တန်းပေးနေကြပါတယ်။ စင်ကာပူသတင်းစာ (Straits Times Mind Your Body) မှာလည်း မကြာခဏ ဖော်ပြထားပါတယ်။ အမေရိကန်နှလုံးအဖွဲ့ချုပ် (American Heart Association) ကလည်း Meditation က သွေးတိုးရောဂါအပေါ် အကျိုးသက်ရောက်မှုတွေကို ဆက်လက်သုတေသနပြုရန် နှိုးဆော်ထားပါတယ်။

"မော်"တို့မြန်မာပြည်သူပြည်သားတွေက ဗုဒ္ဓတရားတော်နဲ့ အလွန်နီးစပ်ပါတယ်။ နိဗ္ဗာန်ရောက်ရန် တရားအားထုတ်ရမည်ဟု အကြမ်းအားဖြင့် သိကြပါသည်။ နိဗ္ဗာန်ရောက်ဖို့၊ နောက်ဘဝကောင်းဖို့ လက်ခံသူလက်မခံသူ ဘယ်လိုပဲကွဲပြားကွဲပြား တရားထိုင်ခြင်း (Meditation) သည် ကိုယ်ရောစိတ်ပါ လက်ငင်းကျန်းမာချမ်းသာစေကြောင်း လက်တွေ့ကျကျအကျိုးပေးသည်ကို လက်တွေ့သမားများလက်ခံကြပါသည်။

အထက်ပါနည်းလမ်းများကို လေ့လာကျင့်သုံးခြင်းဖြင့် သွေးတိုးရောဂါရှိသူများ၊ အထူးအားဖြင့် သွေးတိုး ရောဂါစတင်ရှိလာသူများ၊ သွေးတိုးရောဂါမဖြစ်သေးသူများ အကျိုးဖြစ်ထွန်းပါစေလို့ ဆန္ဒမွန်ပြုလိုက်ပါသည်။ ။

အာဟာရပြည့်လျှင်

ရောဂါစင်

ပျော်ရွှင်ကျန်းမာ

စိတ်ချမ်းသာ

ဩဂုတ် ၃ ရက် ၂၀၁၄ ခုနှစ်

ရန်ကုန်တိုင်းဒေသကြီး

ကျေးလက်လမ်းအဆင့်မြှင့်ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်

ကွမ်းခြံကုန်း ဩဂုတ် ၂ - ကွမ်းခြံကုန်းမြို့နယ် သုံးခွကျေးရွာသည် ကွမ်းခြံကုန်းနှင့် ဆက်သွယ်သည့်လမ်းအရှည် တစ်မိုင် လေးဖာလုံကို ယခင်က မြေသားလမ်းများဖြင့်ဆက်သွယ်၍ သွားလာနေကြသော ကျေးရွာနေပြည်သူများ၊ ကျောင်းသားကျောင်းသူများမှာ မိုးရာသီတွင် မြေသားလမ်းဖြစ်၍ ချိုင့်များ၊ ဂဝံမြေသားလမ်းမှာချော်၍ သွားလာရာတွင် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။ **(အပေါ်ပုံ)**

ယခုအခါ နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ယင်းကျေးလက်လမ်းအရှည် တစ်မိုင်လေးဖာလုံကို ကွန်ကရစ်လမ်းအကျယ် ၁၂ပေ၊ လမ်းဒု ခြောက်လက်မခင်း၍ ငွေကျပ် ၁၈၁၉ သိန်း ခုနစ်သောင်းအကုန်အကျခံကာ ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးမှုကြောင့် ကျေးရွာနေပြည်သူများ၊ ကျောင်းသား ကျောင်းသူများမှာ မြို့နှင့်ဆက်သွယ်သည့် ကျေးရွာလမ်း အဆင်ပြေကောင်းမွန်၍ လျင်မြန်လွယ်ကူစွာသွားလာနိုင်မှုကြောင့် ဝမ်းသာလျက်ရှိကြောင်း သိရသည်။

စိန်တိုး(ကွမ်းခြံကုန်း)

ရှမ်းပြည်နယ်

ရပ်ကွက်/ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများနှင့်တွေ့ဆုံ

တောင်ကြီး ဩဂုတ် ၂ - တောင်ကြီးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် ရပ်ကွက်/ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ တွေ့ဆုံညှိနှိုင်းပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းအောင်ဆာက ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မေတ္တာရှင် လူမှုကူညီရေးအသင်းနာယက ဦးဇေက ရေ၊ လျှပ်စစ်မီး၊ လမ်းရရှိရေးကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးပြုံးချိုက ရပ်ကွက်/ကျေးရွာအလိုက်ဆက်သွယ်မှုကောင်းမွန်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသော ရပ်ကွက်/ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့များက မိမိတို့ရပ်ကွက်/ ကျေးရွာအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို အသီးသီးတင်ပြကြရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌက ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

[ခရိုင် ပြန်/ဆက်]

ရောဝတီတိုင်းဒေသကြီး

မြစိမ်းရောင်ကျေးရွာစီမံကိန်း ညောင်တုန်း၌ ဆင့်ပွားသင်တန်းပို့ချ

ညောင်တုန်း ဩဂုတ် ၂ - အမျိုးသားရည်မှန်းချက်တစ်ခုဖြစ်သည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မြစိမ်းရောင်စီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ညောင်တုန်းမြို့တွင် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စီမံခန့်ခွဲမှုဆင့်ပွားသင်တန်းဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြစိမ်းရောင်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးတင်ထွန်းအောင်က စီမံကိန်းကျေးရွာများဖြစ်သည့် မဲမနိုင်၊ တမလို၊ ရေလဲ၊ သံပရာချောင်း၊ ရွှေဒဂုံးကျွန်း၊ စက္ကော့ရွာမနှင့် ခနာကျေးရွာများမှ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာရင်းကိုင်များအား မြစိမ်းရောင်စီမံကိန်းရည်ရွယ်ချက်များ၊ ဦးတည်ချက်များ၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် အစည်းအဝေးမှတ်တမ်းမှစ၍ ငွေစာရင်း ရေးသွင်းပုံ၊ လစဉ်ရငွေ/ပေးငွေစာရင်းရှင်းတမ်းများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

စစ်ကိုင်းတိုင်းဒေသကြီး

မြောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆွေးနွေး

မြောင် ဩဂုတ် ၂ - မြောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဒေသဖွံ့ဖြိုးရေး ရေတို၊ ရေရှည်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၁၉ ရက် မွန်းလွဲ ၁ နာရီက ဖွားစောကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆွေးနွေးရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီးနောက် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေး အင်ဂျင်နီယာဦးဌေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးဦးဗိုလ်ဆန်း၊ စိမ်းစိုဦးစီးဌာန ဒုဦးစီးမှူး ဦးဇော်မင်း၊ သစ်တောဦးစီးဌာန မြို့နယ်တာဝန်ခံ တောအုပ် ဦးနေစိုင်းမောင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးသန်းတို့က မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးမြင့်နိုင်စိုးက ဖွားစောကျေးရွာ စာပန်းအိမ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မတည်ငွေကျပ် သိန်း ၂၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ အလှူရှင်များဖြင့် ရှင်သန်ခိုင်မာသည့် စာကြည့်တိုက်ဖြစ်အောင် ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးပြီးနောက် ကျေးရွာပြည်သူလူထုက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြင့်နိုင်စိုး(ထီးလှိုင်မြေ)

ကချင်ပြည်နယ်

မလိဆွတ် ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်

မြစ်ကြီးနား ဩဂုတ် ၂ - မလိဆွတ်ငွေစုငွေချေး သမဝါယမအသင်း၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ အမှတ်(၁) စည်ပင်သာယာဈေးကြီးအပေါ်ထပ်ရှိ အဆိုပါ သမဝါယမအသင်း (လီမိတက်)ရုံး၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်နှင့် မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးအဖွဲ့မှ ဒေါ်အေးအေးသန်းတို့က အသင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မလိဆွတ်ငွေစုငွေချေး သမဝါယမ (လီမိတက်)အမှုဆောင်ဒါရိုက်တာအဖွဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်အောင်က အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားတင်ပြကာ အသင်းသားများ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် သဘာပတိကပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ဘဏ္ဍာရေး ရှင်းတမ်းအား အသင်းသားများထံမှ အတည်ပြုချက်ရယူကာ အတည်ပြုကြောင်းကြေညာခဲ့သည်။

ထို့နောက် သဘာပတိက အသင်းရှေ့ဆက်လုပ်ငန်းစဉ်နှင့် တိုးတက်အောင်မြင်မှုများ ပိုမိုရရှိလာစေရန် အသင်းသားအားလုံးက တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်ရေးပြောကြားကာ ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အသင်းအမှုဆောင်သစ်ရွေးချယ်ခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်တင်မြှောက်ခဲ့ပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များက ကတိသစ္စာခံယူကြကြောင်း သိရသည်။

[ခရိုင်ပြန်/ဆက်]

စစ်ကိုင်းတိုင်းဒေသကြီး

သမဝါယမအသင်းများ အဆင့်တိုးမြှင့်ပေးရေး ကျပ်တစ်သိန်းမှ ငါးသိန်းထိ ထုတ်ချေးပေးနိုင်ရေး ညှိနှိုင်း

ထီးချိုင့် ဩဂုတ် ၂ - ထီးချိုင့်မြို့နယ်ရှိ အခြေခံသမဝါယမ အသင်းများအား အဆင့်တိုးမြှင့်ပေးရေး ကျပ်တစ်သိန်းမှ ငါးသိန်းထိ ထုတ်ချေးပေးနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၈ ရက် နံနက် ၁၁ နာရီက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းအေးဆွေက သမဝါယမချေးငွေ စိစစ်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းပုံနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးစိန်သောင်းက ချေးငွေတိုးမြှင့်ပေးနိုင်ရန် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အခြေခံသမဝါယမ အသင်းသားများအနေဖြင့် သိရှိနားလည်စေရန် လည်းကောင်း၊ မြို့နယ်သမဝါယမ အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းက အတိတ်က ဖြစ်ပေါ်ခဲ့သော သမဝါယမလုပ်ငန်းအကြောင်းကို သင်ခန်းစာယူ၍ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် တာဝန်ယူကြရသည့် အသင်းသားများအနေဖြင့် ကိုယ်ကျင့်တရားကောင်းမွန်သူများဖြစ်စေရေး တိုက်တွန်းပါကြောင်းကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အသင်းသားများက လယ်ယာကဏ္ဍအတွက် လယ်ယာသုံးစက်ပစ္စည်းများဝယ်ယူနိုင်မည့် အခြေအနေ၊ အသင်းအဖွဲ့များ အသစ်ဖွဲ့စည်းရေး၊ အသင်းသားများ တိုးပွားရေးတို့ကို မေးမြန်းကြရာ မြို့နယ်ဦးစီးအရာရှိ ဦးစိန်သောင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

စောကလျာ(ထီးချိုင့်)

ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအရ အစိုးရဌာနအသီးသီး၏ကြိုးပမ်းဆောင်ရွက်မှုများကြောင့်ဖွံ့ဖြိုးတိုးတက်မှုများ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နေသည့်လုပ်ငန်းရှင်များအတွက် သတင်းကောင်း

ကုန်သွယ်မှုလုပ်ငန်းများလျင်မြန်ချောမွေ့စေရေးအတွက် ပို့ကုန်၊သွင်းကုန် လိုင်စင်လျှောက်ထားရာတွင် ပို့ကုန်ပစ္စည်း ၁၅၂မျိုး၊ HS Code လိုင်းပေါင်း ၉၈၃လိုင်း၊ သွင်းကုန်ပစ္စည်း ၁၆၆ မျိုး၊ HS Code လိုင်းပေါင်း ၂၀၇၉လိုင်းတို့ကို လိုင်စင်လျှောက်ထားရန်မလိုအပ်ဘဲ ကင်းလွတ်ခွင့်ပြုထားပြီးဖြစ်ပါသည်။ လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်ပစ္စည်းအမယ်များအတွက် ပို့ကုန်ပိုင်းတွင်ယခင်ကတင်ပြရသည့် စာရွက်စာတမ်းအထောက်အထား ရှစ်မျိုးရှိသော်လည်း၊ ယခုအခါ နှစ်မျိုးဖြင့်လည်းကောင်း၊ သွင်းကုန်ပိုင်းတွင် ယခင်ကတင်ပြရသည့်စာရွက်စာတမ်း အထောက်အထား ၁၀မျိုးရှိခဲ့သော်လည်း ယခုအခါ နှစ်မျိုးဖြင့် လည်းကောင်း၊လုပ်ငန်းအဆင့်အနေဖြင့် ပို့ကုန်၊ သွင်းကုန် နှစ်ခုစလုံးတွင် ယခင်က (၆)ဆင့်ဖြစ်ပြီး ယခု(၄)ဆင့်ဖြင့်လည်းကောင်း၊ လိုင်စင်ခွင့်ပြုချက်ရရှိရန် ကြာမြင့်ချိန်နှင့်ကုန်ကျစရိတ် လျှော့ချပေးခြင်းဖြင့် လည်းကောင်း ဖြေလျှော့ဆောင်ရွက်ပေးနေပြီဖြစ်၍ အချိန်ကုန်သက်သာ၊ ငွေကြေးသက်သာစွာ ဆောင်ရွက်နိုင်ကြပြီဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် နောင်တွင် လိုင်စင်ရယူရန် လိုအပ်သည့်ကုန်ပစ္စည်းစာရင်း(Negative List)ကိုသာ ထုတ်ပြန်သည့်စနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်-

စဉ်	ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းများ		သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်း	
	ယခင်(၈)မျိုး	**ယခု(၂)မျိုး**	**ယခင်(၁၀)မျိုး**	**ယခု(၂)မျိုး**
၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ၈။ ၉။ ၁၀။	- ကုမ္ပဏီ Ltter Head လျှောက်လွှာ - ၆၀၀ ကျပ်တန် အခွန်တံဆိပ် ခေါင်းကပ်ပြီး လိုင်စင်လျှောက်လွှာ - Sale Contract - Proforma Invoice - Form6, Form 26 - ကုမ္ပဏီမှတ်ပုံတင်မိတ္တူ - ထုတ်ကုန်/သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်မိတ္တူ - UMFCCI အသင်းဝင်လက်မှတ် - - - **(ထောက်ခံချက်လိုအပ်သောအချို့ပစ္စည်းများအတွက်ဌာနထောက်ခံချက်ပါလျှင် ကိုးမျိုးဖြစ်ပါသည်။)**	-ကုမ္ပဏီ Letter Head လျှောက်လွှာ - Proforma Invoice - **(ထောက်ခံချက်လိုအပ်သော အချို့ပစ္စည်းများအတွက် ဌာနထောက်ခံချက်ပါလျှင် သုံးမျိုးဖြစ်ပါသည်။)**	- ကုမ္ပဏီ Letter Head လျှောက်လွှာ - ၆၀၀ ကျပ်တန် အခွန်တံဆိပ် ခေါင်းကပ်ပြီး လိုင်စင်လျှောက်လွှာ - Sale Contract - Proforma Invoice - Form6, Form 26 - ကုမ္ပဏီမှတ်ပုံတင်မိတ္တူ - ထုတ်ကုန်/သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်မိတ္တူ - UMFCCI အသင်းဝင် လက်မှတ် - ပစ္စည်းဓာတ်ပုံအထောက်အထား -အသုံးပြုပုံ - **(ထောက်ခံချက်လိုအပ်သော အချို့ပစ္စည်းများအတွက် ဌာနထောက်ခံချက်ပါလျှင် ၁၁ မျိုးဖြစ်ပါသည်။)**	- ကုမ္ပဏီ Letter Head လျှောက်လွှာ - Proforma Invoice - **(ထောက်ခံချက်လိုအပ်သော အချို့ပစ္စည်းများအတွက် ဌာနထောက်ခံချက်ပါလျှင် သုံးမျိုးဖြစ်ပါသည်။)**
	ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့်အဆင့်		**သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့်အဆင့်**	
	ယခင်(၆)ဆင့်	ယခု (၄)ဆင့်	ယခင်(၆)ဆင့်	ယခု(၄)ဆင့်
	ပို့ကုန်လျှောက်ထားခြင်းအတွက် ကြာမြင့်ချိန်		**သွင်းကုန်လျှောက်ထားခြင်းအတွက် ကြာမြင့်ချိန်**	
	ယခင် (၁)ရက်မှ (၂)ရက်	ယခု နေ့ချင်းပြီး	ယခင် (၁)ရက်မှ (၂)ရက်	ယခု နေ့ချင်းပြီး
	ပို့ကုန်လိုင်စင်လျှောက်ထားခြင်း ကုန်ကျစရိတ်		**သွင်းကုန်လိုင်စင်လျှောက်ထားခြင်း ကုန်ကျစရိတ်**	
	ယခင် - Online ကြေး ၄၀၀၀ ကျပ်	ယခု - Online ကြေး ၂၅၀၀ ကျပ်	ယခင် - Online ကြေး ၄၀၀၀ ကျပ် - ငွေသွင်းပုံစံကြေး ၃၀၀ ကျပ်	ယခု - Online ကြေး ၂၅၀၀ ကျပ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန/ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ(Delivery Unit)

မန္တလေးတိုင်းဒေသကြီး

မန္တလေးစာပေဈေးကွက် ဘာသာရေးစာအုပ်များအရောင်းသွက်

မန္တလေး ဩဂုတ် ၂ - မန္တလေးမြို့ စာပေဈေးကွက်တွင် ယခင်လူကြိုက်များခဲ့သည့် သုတ၊ ရသ စာပေနှင့် မဂ္ဂဇင်းများဈေးကွက်ကျဆင်းလာကာ ဘာသာရေးစာအုပ်များမှာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးစာပေဖြန့်ချိရေးဆိုင်များမှ သိရသည်။

"အရင်တုန်းက စာမေးပွဲရာသီမှ ရောင်းအားက ကျဆင်းတာ။ အခုတော့ အချိန်မရွေးရောင်းအားကျဆင်းနေတယ်။ အဆိုးထဲက အကောင်းဆိုသလို ဘာသာရေးစာအုပ်တွေကတော့ အသစ်ထွက်တဲ့စာအုပ်အပြင် ထွက်ပြီးသားအဟောင်းတွေပါ ရောင်းအားကောင်းလာတယ်။ အထူးသဖြင့် ထင်ရှားတဲ့ဂန္ထဝင်အတ္ထုပ္ပတ္တိစာအုပ်တွေ ပြန်ရောင်းနေရတယ်။ ဓမ္မာစရိယဦးဌေးလှိုင်ရဲ့ ဗုဒ္ဓဘာသာကောင်း တစ်ယောက်ဆိုတဲ့ စာအုပ်ဆို ပရိသတ်ရှိပြီး ထပ်မဖြန့်နိုင်တော့ဘူး" ဟု ထွန်းဦးစာပေဖြန့်ချိရေးမှ ဦးထွန်းဦးက ပြောသည်။

မန္တလေးမြို့တွင် လက်ရှိအနေအထားအရ အပတ်စဉ်ထုတ်ဂျာနယ်အမျိုးပေါင်း ၁၅၀ ကျော်နှင့် နေ့စဉ်ထုတ်သတင်းစာရှစ်မျိုး ဖြန့်ချိလျက်ရှိရာ ဂျာနယ်ဖြန့်ချိမှုအနေဖြင့် ပုံမှန်သာရပ်တည်လျက်ရှိနေသော်လည်း နေ့စဉ်ထုတ်သတင်းစာများမှာ တိုးတက်မှုရှိလာသည်။

"ဂျာနယ်လိုင်းကတော့ ထူးထူးခြားခြား တိုးတက်လာတာမရှိပေမယ့် ကျွန်တော်တို့ဆီကို ဖြန့်ချိဖို့အချိန်မီရောက်ရှိလာတဲ့ နေ့စဉ်ထုတ်သတင်းစာတွေအနက် သတင်းစာငါးမျိုးလောက်ကတော့ စောင်ရေသိသာစွာ တိုးတက်လာနေတယ်။ နေ့စဉ်ထူးခြားတဲ့သတင်းတွေကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးတဲ့အပြင် အသိပညာ ဗဟုသုတပေးတဲ့ ဆောင်းပါးတွေကလည်း ကောင်းမွန်တဲ့အတွက် ပြည်သူတွေအသိအမှတ်ပြုဖတ်ရှုနေကြပါပြီ။ နောင်လည်း စောင်ရေတွေ ဆက်လက်တက်လာနိုင်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အငှားဆိုင်များကိုသာ အဓိကထားဖြန့်ချိနေရသည့် ဝတ္ထု၊ ကာတွန်းနှင့် မဂ္ဂဇင်းများသည်လည်း အငှားမလိုက်တော့၍ အငှားဆိုင်များတဖြည်းဖြည်း နည်းပါးသွားကာ အရောင်းဆိုင်များမှာလည်း ရောင်းအားများကျဆင်းသွားပြီး ထုတ်ဝေသူများအနေဖြင့် အခက်အခဲများဖြစ်နေကြောင်းလည်း အငှားဆိုင်များမှ သိရသည်။

"စာပေအများဆုံးဖတ်ရှုတဲ့ လူငယ်တွေက ယခုဆို Facebook & Internet တွေနဲ့ အချိန်ကုန်နေတော့ စာဖတ်ဖို့ အချိန်မပေးကြတော့ဘူး။ ဒါကြောင့် အငှားဆိုင်တွေကလည်း စာဖတ်သူနည်းပါးသွားတဲ့အတွက် ဆက်လက်ရပ်တည်ဖို့ မဖြစ်နိုင်တော့ဘူးပေါ့။ တချို့ နှစ်အတန်ကြာ အငှားဆိုင်လုပ်ငန်း လုပ်ကိုင်ခဲ့သူတွေသာ သံယောဇဉ်အရ သတင်းစာ၊ ဂျာနယ်အရောင်းဆိုင်လေးတွေ၊ စတိုးဆိုင်လေးတွေနဲ့ တွဲဖက်ပြီး ရပ်တည်နေကြရတယ်။ ဒါကြောင့် အရင်ပုံမှန်ထွက်နေကြ လစဉ်ထုတ်စာအုပ်တွေလည်း ပုံမှန်မထွက်နိုင်ကြတော့ဘူး။ တချို့ဆို လုံးဝရပ်သွားတာတွေတောင်ရှိတယ်"ဟု ညိုစာပေမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးတွင် အဓိကစာပေဖြန့်ချိရေးဆိုင်ကြီးများဖြစ်သော ထွန်းဦးနှင့်နဂါးစာပေဖြန့်ချိရေးမှ မြို့တွင်းဆိုင်ခွဲများသို့လည်းကောင်း၊ လက်ပွေ့ရောင်းချသူနှင့် အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ရောင်းချသူ ၃၀၀ ကျော်တို့မှလည်းကောင်း အထက်မြန်မာပြည်မြို့ကြီးများသို့ နေ့စဉ် တာဝန်ယူဖြန့်ချိပေးလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ရောဝတီတိုင်းဒေသကြီး

မိုးရာသီတွင်ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

ညောင်တုန်း ဩဂုတ် ၂ - ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် မိုးရာသီ၌ကျရောက်တတ်သော ရောဂါများကင်းရှင်းစေရေးနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးတို့အတွက် မိုးရာသီတွင် ကျရောက်တတ်သည့် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်မှ အမကကျောင်းများ၊ အထက(၁)၊ အထက (၂)နှင့် မြို့မ အထက(ခွဲ) ကျောင်းများတွင် ဇူလိုင် ၂၆ ရက် နံနက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး ဦးဆောင်၍ ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် ၁၀ ခုမှ အုပ်ချုပ်ရေးမှူးများက ကြီးကြပ်၍ အသင်းအဖွဲ့များ၊ သက်ဆိုင်ရာ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားကျောင်းသူမိဘများက ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများအား ရှင်းလင်းခြင်း၊ မြက်များရှင်းလင်းခြင်း၊ ရေအိုင်များ၊ ချိုင့်ခွက်များမြေဖို့ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဌာနတို့က ခြင်ဆေးများဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ သောက်သုံးရေများတွင် ပိုးလောက်လမ်းများမကျစေရန် ဆေးများခတ်ခြင်း၊ ကျောင်းဝင်းအတွင်း ရောင်းချနေသောမုန့်များနှင့် စားသောက်ဖွယ်ရာများကို စစ်ဆေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ကြောင်း သိရသည်။

[ဝင်းမြင့်ကျော်(ညောင်တုန်း)]

■

စစ်ကိုင်းတိုင်းဒေသကြီး

အင်းတော်မြို့နယ် နောင်မိုးကျေးလက်ကျန်းမာရေးဌာနခွဲ စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်ရေးစစ်ဆေး

စစ်ကိုင်း ဩဂုတ် ၂။ ။စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နောင်မိုးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်လျက်ရှိရာ စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်နိုင်ရေးအတွက် အင်းတော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲမြင့်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးဇော်လှနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၉ ရက်တွင် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

နောင်မိုးကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံကို ပေ ၁၅၀ ပတ်လည်ရှိ မြေကွက်ပေါ်တွင် I GREEN CONSTRUCTION အဖွဲ့မှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး RC တစ်ထပ်အဆောက်အအုံ နှစ်လုံးပါရှိမည်ဖြစ်သည်။ အဆိုပါ အဆောက်အအုံကို ဇူလိုင် ၂၆ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ဆေးခန်း၊ ဝန်ထမ်းနေအိမ်များပါရှိကာ သုံးလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ဘတ်ဂျက်သိန်း ၃၅၀ ရရှိပြီးနောက် ဘဏ္ဍာရေးနှစ်မှ ဘတ်ဂျက်ထပ်ကျလျှင် သိန်း ၅၄၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၂၃၃)**

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းစက်မှုဇုန် စက်ရုံအလုပ်ရုံများနှင့် သောက်သုံးရေအခက်အခဲဖြစ်နေသော ရပ်ကွက်၊ ကျေးရွာများသို့ ရေဖြန့်ဖြူး

စစ်ကိုင်း ဩဂုတ် ၂။ ။စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စက်မှုဇုန်မှ စက်ရုံအလုပ်ရုံများအတွက် မြစ်ရေဖြန့်ဖြူးပေးရေးလုပ်ငန်းကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ စက်ရုံအလုပ်ရုံများတွင် အသုံးပြုရန် မြစ်ရေတင်လုပ်ငန်းကို ဟွန်ဒါမြန်မာကုမ္ပဏီမှ ရင်းနှီးငွေစိုက်ထုတ်၍ ဆောင်ရွက်ခဲ့သည်။

မြစ်ရေတင်ရာတွင် လေးလက်မပီဗွီစီပိုက်လိုင်းနှစ်လိုင်းဖြင့် မင်းဝံတောင်ခြေရှိ ရေဂါလန် ၁၂၀၀၀၀ ဆံ့ ရေကန်ကြီးမှတစ်ဆင့် စက်ရုံအလုပ်ရုံများသို့ ဖြန့်ဝေပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ သောက်သုံးရေအခက်အခဲဖြစ်သော ရပ်ကွက်ပြည်သူများအတွက် ရေအခက်အခဲကို ဖြေရှင်းပေးသည့်အနေဖြင့် စက်ရုံအလုပ်ရုံများသို့ တစ်လက်မပီဗွီစီပိုက်ဖြင့် ရေမီတာ တစ်ယူနစ် ၄၅၀ နှုန်းဖြင့်လည်းကောင်း၊ ပတ္တမြားရပ်ကွက်၊ မြရတနာ ရပ်ကွက်နှင့် နီလာရပ်ကွက်များအတွက် လက်မဝက်ပီဗွီစီပိုက်ဖြင့် ရေမီတာတစ်ယူနစ် ၃၀၀ အထူးသက်သာသောနှုန်းဖြင့် ရေတိုင်စုစုပေါင်း ၄၅၉ တိုင်ဖြင့် ရေပေးဝေလျက်ရှိရာ ပြည်သူများသောက်သုံးရေ အခက်အခဲပြေလည်သွားသည့်အတွက် ဝမ်းသာနေကြသည်။

စက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများ၏ တစ်ရက်ပျမ်းမျှ ရေသုံးစွဲမှုဂါလန်မှာ ၉၉၈၁၆ ဂါလန်ဖြစ်၍ ရပ်ကွက်ပြည်သူများ၏ တစ်ရက်ပျမ်းမျှ ရေသုံးစွဲမှုမှာ နီလာရပ်ကွက် ၁၅၄၈၀ ဂါလန်၊ မြရတနာရပ်ကွက် ၈၃၁၆ ဂါလန်နှင့် ပတ္တမြားရပ်ကွက် ၁၉၅၀၆ ဂါလန်ဖြစ်ကြောင်း သိရသည်။ ရေအခက်အခဲဖြစ်နေသော စစ်ကိုင်းမြို့နယ် ကျောက်တာကျေးရွာနှင့် စကျင်ကျေးရွာတို့ကိုလည်း သောက်သုံးရေအခက်အခဲကို ကူညီဖြေရှင်းပေးသည့်အနေဖြင့် သောက်သုံးရေဖြန့်ဝေပေးလျက်ရှိကြောင်း စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုမြင့်က ရှင်းလင်းပြောကြားသည်။ စစ်ကိုင်းစက်မှုဇုန်ကို စစ်ကိုင်းမြို့မြောက်ဘက် မင်းဝံတောင်အနောက်ဘက် ပတ္တမြားရပ်ကွက်နှင့် နီလာရပ်ကွက် မြေဧရိယာ ၈၈၈၅၂ ဧကရှိ မြေကွက်ပေါင်း ၁၉၄ ကွက်ပေါ်၌ ၁၁-၄-၁၉၉၇ ခုနှစ်တွင် စက်ရုံအလုပ်ရုံ ၄၃ ရုံ တည်ဆောက်ခဲ့သည်။

စက်ရုံအလုပ်ရုံတည်ဆောက်ရာတွင် သစ်အခြေခံစက်ရုံ ကိုးရုံ၌ ထုတ်လုပ်သည့်ပစ္စည်းများမှာ အထပ်သား ဆိုဒ်စုံ၊ ဖော်မီကာ၊ ကြမ်းခင်းလျှာထိုး၊ ပရိဘောဂ၊ တံခါး ရွက်၊ ပြတင်းပေါင်၊ ပါကေးသစ်ခွဲသားဆိုဒ်စုံစက်ရုံများ ဖြစ်သည်။ လူသုံးကုန်ပစ္စည်း စက်ရုံ ၁၈ ရုံတွင် အိမ်သုံးဝါယာကြိုး၊ တယ်လီဖုန်း၊ ကေဘယ်ကြိုး၊ လျှပ်စစ်ကြိုး၊ မီးချောင်းချုပ်၊ ဖရိမ်၊ မီးခလုတ်မျိုးစုံ၊ ပီဗွီစီပိုက်ဆိုဒ်စုံ၊ ကွန်ကရစ်ခါတ်တိုင်၊ ကြေးပြား၊ ဆွဲခြင်း၊ ရေပုံး၊ ရေခွက်၊ ပလတ်စတစ်ကြိုး၊ ပီနံအိတ်စသည့် လူသုံးကုန်ပစ္စည်းမျိုးစုံ ချည်ထည်အမျိုးမျိုး၊ ခြင်ထောင်၊ ပိတ်ဖြူ၊ ကျားဝတ်၊ မဝတ်လုံခြည်၊ စာရေးစက္ကူ၊ ဂျပ်စက္ကူ၊ တစ်ရှူး လိပ်၊ စားသောက်ကုန်စက်ရုံ ငါးရုံမှာ ဆန်၊ ဆန်ထွက် ပစ္စည်း၊ ဝါစေ့ဆီ၊ ဝါဖတ်၊ ပဲပုပ်ဆီ၊ ပဲပုပ်ဖတ်၊ ရေခဲ၊ သောက်ရေသန့်စက်ရုံများဖြစ်သည်။ သံရေကျိုစက်ရုံကိုးရုံမှ ထုတ်လုပ်သည့်ပစ္စည်းများမှာ သံစိမ်းတုံး၊ သံနန်းဆွဲ၊ ကားထုတ်လုပ်ရေးစက်ရုံနှစ်ရုံတွင် ဘတ်စ်ကားများ၊ ဂျစ်ကားများ၊ ကုန်တင်ယာဉ်များနှင့် ကားဘော်ဒီအမျိုးမျိုး ထုတ်လုပ်လျက်ရှိပြီး စက်ရုံအလုပ်ရုံများမှ လိုအပ်သော လျှပ်စစ်ဓာတ်အားအခြေအနေမှာ မုံရွာစက်မှုဇုန်ခွဲ (စစ်ကိုင်း)တွင် 10 MVA ဓာတ်အားခွဲရုံဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကာ စက်ရုံအလုပ်ရုံများတွင် ကိုယ်ပိုင်ထရန်စဖော်မာ 500 KVA ၂၇ လုံး၊ 315 KVA ၁၈ လုံး တပ်ဆင်အသုံးပြုလျက်ရှိသည်။

စစ်ကိုင်းစက်မှုဇုန် ပေါ်ထွန်းလာရန် စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

(စစ်ကိုင်းသား)

မန္တလေးတိုင်းဒေသကြီး

တောင်ပြုံးပွဲအကြို အိုးပုတ်ပွဲကျင်းပရန်ပြင်ဆင် မြေထည်စဉ့်ထည်ဈေးသည်များ ရောက်ရှိ

မန္တလေး ဩဂုတ် ၂။ ။မြန်မာနိုင်ငံတွင် တစ်ခုတည်းသော အိုးပုတ်ပွဲတော်ကို နှစ်စဉ်မန္တလေးမြို့အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျောင်းရပ်ကွက်၊ ပတ္တမြားတောရပ်ကွက်တို့တွင် တောင်ပြုံးပွဲတော်အကြို ဝါခေါင်လဆန်း ၈ ရက် မွန်းလွဲ ၂ နာရီခန့်မှ ည ၇ နာရီခန့်အထိ ကျင်းပလေ့ရှိရာ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် နွယ်ငြိမ်းဒေသ၊ တံတားဦးမြို့နယ် အင်းဝ၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ခက်သင်း၊ ရှိန်းမကားဒေသ၊ မြောင်မြို့နယ်၊ မြင်းမူမြို့နယ်တို့မှ မြေထည် စဉ့်ထည်ဈေးသည်များ ဧရာဝတီမြစ် ရေလမ်းကြောင်းမှ မော်တော်များဖြင့် လာရောက်ကာ ညောင်ကွဲတွင်ဆိုက်၍ အိုးပုတ်ပွဲအတွက် ကလေးကစားစရာ မြေထည်ပစ္စည်းများ၊ သောက်ရေအိုးများ၊ ပန်းစိုက်အိုးများ၊ စဉ့်ထည်ပစ္စည်းများ ခင်းကျင်းကာ ပွဲတော်အကြိုတစ်ပတ်အလိုကပင် လာရောက်ရောင်းချကြသည်။ **(အောက်ပုံ)**

နယ်ဝေးမြေထည်စဉ့်ထည်ဈေးသည်များသည် မန္တလေးအိုးပုတ်ပွဲ ရောင်းချပြီးလျှင် မတ္တရာမြို့နယ် တောင်ပြုံးပွဲ၊ အမရပူရမြို့နယ် ရတနာ့ဂူပွဲများသို့ သွားရောက်ရောင်းချပြီး ကျန်မြေထည် ကလေးကစားစရာ အိုးပုတ်များကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၂) လမ်း၊ (၂၉) လမ်းနှင့် လမ်း(၃၀) ကြားတွင် ကျင်းပသော ဘုရားသုံးဆူပွဲသို့ တစ်လခန့်ကြိုတင် လာရောက် ရောင်းချကြကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

မြိတ်စီးပွားရေးဇုန် ခြောက်ဇုန်ပါဝင်သော စီမံကိန်း ဇွန်လမှ စတင်အကောင်အထည်ဖော်

» » ရွှေဖုံးမှ

တွက်ချက်ပြီးတဲ့အခါ မြိတ်မြို့မှာ တကယ်ပဲ စနစ်ကျပြီး ဆိပ်ကမ်းကောင်းတစ်ခုနှင့် စီးပွားရေးလုပ်ငန်းအစုံပါဝင်မည့် စီးပွားရေးဇုန်တစ်ခုလိုအပ်နေတာ တွေ့ရပါတယ်။ နေရာအနေအထားတွေ လိုက်လံပြီးကြည့်တဲ့အခါမှာ ယောကြီးမြစ်အတွင်း တည်ဆောက်ဖို့ အကောင်းဆုံးအနေအထား ဖြစ်နေတာတွေ့ရပါတယ်” ဟု ဒုတိယမန်နေဂျင်း ဒါရိုက်တာက ပြောသည်။

မြိတ်စီးပွားရေးဇုန် စီမံကိန်းတွင် ဒေသထွက်တင်ပို့ကုန်များနှင့် ဆိပ်ကမ်းမှ ဆိုက်ရောက်လာသော တင်သွင်းကုန်များ၏ ဈေးကွက်ဆုံမှတ်တစ်ခုဖြစ်သော ဆိပ်ကမ်းဇုန်၊ တိုးတက်နေသောရေလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများအတွက် စီးပွားရေးနှင့် ကုန်သွယ်မှုဇုန်၊ စက်ရုံအလုပ်ရုံများတည်ရှိခြင်းအပေါ် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည့် စီးပွားရေးအဆောက်အအုံများဇုန်နှင့် စက်မှုဇုန်၊ လူဦးရေထူထပ်သိပ်သည်းလာမှုအပေါ် လိုအပ်လျက်ရှိသော အိမ်ရာမြေအတွက် သင့်တင့်သော တန်ဖိုးမျှတအိမ်ရာ၊ အဆင့်မြင့်အိမ်ရာများတည်ဆောက်မည့် တန်ဖိုးနည်း၊ တန်ဖိုးသင့် အဆင့်မြင့် အိမ်ရာဇုန်၊ လုပ်သားပြည်သူများ အပန်းဖြေအနားယူနိုင်ရန်နှင့် ကျန်းမာရေးအတွက် လိုအပ်သော အားကစားနှင့် ကိုယ်ကာယလေ့ကျင့်မှုများ ပြုလုပ်ရန်အတွက် အားကစားနှင့် အပန်းဖြေ အနားယူနိုင်သော စိမ်းလန်းစိုပြည်ဇုန်များပါဝင်မှာဖြစ်ကြောင်း သိရသည်။

စီမံကိန်းအစပျိုးကာလမှာ ၂၀၁၄ မှ ၂၀၁၆ တွင် စီမံကိန်းတစ်ခုလုံး၏ ၂၀ ရာခိုင်နှုန်း၊ စီမံကိန်းဖွံ့ဖြိုးမှုကာလ ၂၀၁၆ မှ ၂၀၂၂ တွင် စီမံကိန်းတစ်ခုလုံး၏ ၆၀ ရာခိုင်နှုန်း၊ စီမံကိန်းအဆုံးသတ်ကာလ ၂၀၂၂ မှ ၂၀၂၄ အထိ စီမံကိန်းတစ်ခုလုံး၏ ၂၀ ရာခိုင်နှုန်းသတ်မှတ်ကာ ဖွံ့ဖြိုးတိုးတက်မှု အဆင့်တိုင်းတွင် ဇုန်များပေါင်းစပ်ရာ၌ ဈေးကွက်လိုအပ်ချက်နှင့် အချိုးအစားညီအောင် ဆောင်ရွက်နိုင်ရန်အတွက် နည်းဗျူဟာများရေးဆွဲကာ ငွေကျပ် ဘီလီယံ ၁၀၀ ခန့် အကုန်အကျခံအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း ပြည်ပ နေရာအနှံ့ ရောက်ရှိနေကြသော မြိတ်မြို့ဖွား လူငယ်ပညာရှင်များမှ ကိုယ့်ဇာတိမြေသို့ ပြန်လာပြီး မိမိတို့တတ်ကျွမ်းသည့် ပညာဖြင့် မြို့ရွာဖွံ့ဖြိုးရေးအတွက် တတ်စွမ်းသမျှဆောင်ရွက်နိုင်သော လုပ်ငန်းများကို ထူထောင်၍ ပြန်လည်အသက်မွေးလိုကြသည့်အတွက် ရည်ရွယ်ချက်တူညီသော သူငယ်ချင်းများ ဆွေးနွေးတိုင်ပင်ရာမှ ယခုလိုကုမ္ပဏီစတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။ မြိတ်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေနိုင်သော လုပ်ငန်းများကို အဓိကဦးစားပေးဆောင်ရွက်သွားရန် ရည်ရွယ်သည့်အတွက် ကုမ္ပဏီ၏အမည်ကို “မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ (Myeik Future DevelopmentPublic Co.,Ltd.)” ဟု ရွေးချယ်ခဲ့ပါသည်။ မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီသည် အကျိုးအမြတ်များကိုလည်း မြိတ်မြို့သူ မြိတ်မြို့သားများအားလုံး အကျိုးရှိခံစားနိုင်စေရန်အတွက် ယခုနှစ် မတ် ၅ ရက်တွင် အများပိုင်ကုမ္ပဏီအဖြစ် ထူထောင်ခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

အံ့သြဖွယ်ရာ ဟန်လင်းမြို့ဟောင်း

» » ကျောဖုံးမှ

ငါးမိုင်ခွဲခန့်၌တည်ရှိသည်။ ဟန်လင်းမြို့ရိုး၏တောင်မြောက် အလျားမှာ နှစ်မိုင်နီးပါးရှိသည်။ အရှေ့အနောက်အနံမှာ တစ်မိုင်နီးပါးတည်ရှိသည်။ ဟန်လင်းမြို့ဟောင်းတွင် တံခါး ၂၄ ပေါက်ရှိသည်ဟုဆိုကြသည်။ ယခုအခါတွင် အရှေ့ဘက်တွက် ငါးပိအိုးတံခါး၊ အနောက်ဘက်တွင် ပျားကြီးတောင့်တံခါး၊ တောင်ဘက်တွင် တံခါးတော်တံခါး၊ မြောက်ဘက်တွင် တကန်သာတံခါး စသော တံခါးများသာ ကျန်တော့သည်။

ဟန်လင်းမြို့ဟောင်းသည် ယနေ့ခေတ်တွင် ရွာကြီးတစ်ရွာဖြစ်နေပြီဖြစ်သည်။ အိမ်ခြေ ၁၅၀၀၊ ရပ်ကွက်ပေါင်း ၁၅ ခု၊ ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်းနှင့် စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးနှင့် ငြိမ်းချမ်းသာယာနေသည်ကိုတွေ့မြင်ရသည်။ ဟန်လင်းမြို့ဟောင်းတွင် ဒူလာ၊ ပွေး၊ ဝဲ၊ ကိုက်ခဲ၊ အစာအိမ်ရောဂါများကို ရေစိမ်ရုံနှင့်ပျောက်သည့် ရေပူစမ်းများလည်းရှိသည်။ ဟန်လင်းမြို့ဟောင်းတွင် မင်းပေါင်း ၇၉၈ ပါး အုပ်စိုးခဲ့သည်ဟု သမိုင်းပညာရှင်များက ဆိုသည်။ နောက်ဆုံးအုပ်ချုပ်သွားသောမင်းတွင် သားနှစ်ပါး ထွန်းကားခဲ့သည်။ ပျူမင်းနှင့် ပြုံးမင်း ညီအစ်ကိုဖြစ်သည်။ ပြုံးမင်းပြုံးလိုက်သည့်အခါ သက်ရှိသက်မဲ့ ပြုံးကြရသည်။ ပျူမင်းသည်လည်း ကောင်းကင်ကိုမော့ကြည့်လျှင် ရတနာမိုးရွာသည်။ ပြုံးမင်းသည်လည်း ပြုံးလိုက်လျှင် ကောင်းကင်မှ ရတနာမိုးရွာသည်။ ငိုသည့်အခါမူ လက်နက်ငါးပါး မိုးရွာသည်ဟုဆိုသည်။ ပျူမင်း၏သား ပျူစောထီးသည် ပုဂံထီးနန်းကို စိုးစံခဲ့သည်။ ဟန်လင်းမြို့ဟောင်းကို တရုတ်တို့က လင်ယန်ဟု ခေါ်သည်။ ပျူသချိုင်းကိုလေ့လာသည့်အခါ ပျူလူမျိုးအရိုးစုတို့သည် မြောက်ဘက်သို့သာ ခေါင်းပြုလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။ ယနေ့ခေတ်တွင် ပျူလူမျိုးများ ပပျောက်လျက်ရှိနေသည်မှာလည်း အထူးအံ့သြစရာကောင်းလှသည်။ “မြန်မာအစ ပျူတို့က”ဟု ပြောနိုင်သည့်အထောက်အထားများတွေ့ရှိရသလို နိုင်ငံတကာမှ သမိုင်းပညာရှင်တို့ကလည်း ဟန်လင်းပျူမြို့ဟောင်းကို လေ့လာဖော်ထုတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဟု သိရသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပေါများရာ ဟန်လင်းမြို့ဟောင်းသို့ မြန်မာလူမျိုးတိုင်း သွားရောက်လေ့လာသင့်ပေသည်။ မုံရွာ-အရာတော်-ဝက်လက်နယ်သို့လည်းကောင်း၊ မန္တလေး-အုန်းတော-ရွာသာကြီးလမ်းအတိုင်းလည်းကောင်း သွားရောက်နိုင်ပါကြောင်း တင်ပြလိုက်ရပေသည်။

နေဦးမောင်(ပခုက္ကူ)

■

မိုးစပါး ပုလဲသွယ်အထူးအထွက်တိုးစပါး ဧက ၂၀ မျိုးစေ့ချသရုပ်ပြ

ရမည်းသင်း ဩဂုတ် ၂ ။ ။ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာအုပ်စု အင်ကြင်းကန်ကျေးရွာ တောင်သူဦးကျော်ရွှေ၏ ကွင်းအမှတ်(၁၁၁၄/၁၅)တွင် ပုလဲသွယ် အထူးအထွက်တိုးစပ်မျိုးစပါး ဧက ၂၀ စံပြကွက်စိုက်ပျိုးရန်အတွက် စုပေါင်းမျိုးစေ့ချပျိုးထောင်ပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ဝန်ထမ်းများနှင့် တောင်သူများက GAP စနစ်ဖြင့်စပါးမျိုးစေ့ချခြင်းကို လက်တွေ့သရုပ်ပြသကြသည်။ **(ယာပုံ)**

အဆိုပါ စုပေါင်းမျိုးစေ့ချပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်မြင့်က စပါးတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် လိုက်နာလုပ်ဆောင်ရမည့် သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက်နှင့်အညီ စိုက်ပျိုးရေး ပညာပေးဆွေးနွေးခြင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက စပါးတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်စပါးနှင့် ပုလဲသွယ်အထူးအထွက်တိုးစပါးများ တိုးချဲ့စိုက်ပျိုးရေး စသည်တို့ကို တောင်သူများအား သရုပ်ပြစိုက်ပျိုး ပညာပေးဆွေးနွေးဟောပြောကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆင့်ပွားသင်တန်းပို့ချ

ဓနုဖြူ ဩဂုတ် ၂ ။ ။ ဧရာဝတီခရိုင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေပေးအပ်ပွဲနှင့် ငွေစာရင်းများ ထပ်ဆင့်ရှင်းလင်းပွဲ ဆင့်ပွားသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီမံကိန်းကျေးရွာမှ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၊ ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌများ၊ စာရင်းကိုင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြစိမ်းရောင်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဦးတည်ချက်၊ စီမံချက်၊ ရည်ရွယ်ချက်များနှင့် လက်တွေ့ကျင့်သုံးရမည့် ငွေစာရင်းမှတ်တမ်းများ၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို ထပ်ဆင့်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

(ဝ၇၆)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနက ကျန်းမာရေးထောက်ခံချက် လက်မှတ်ထုတ်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၂ ။ ။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနက ပြည်သူများအတွက် ကျန်းမာရေးထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းကိုဆောင်ရွက်ပေးလျက်ရှိသည်ဟု အွန်လိုင်းသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စားသောက်ဆိုင်များ၊ လုပ်ငန်းများ၊ တည်းခိုခန်းများ၊ ဘော်ဒါဆောင်များဖွင့်လှစ်ရန် လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန၏ ထောက်ခံချက်လက်မှတ် လိုအပ်ပါသည်။ ယင်းလက်မှတ်ရရှိရန် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများရှိ ကျန်းမာရေးတာဝန်ခံများထံ ဝန်ဆောင်ခပေးသွင်း၍ စစ်ဆေးပြီးနောက် ထောက်ခံချက်လက်မှတ်ရယူနိုင်ကြောင်း သိရှိရသည်။

ထို့အပြင် ရေအဏုဇီဝနှင့် ရေဓာတုဓာတ်ခွဲစစ်ဆေးခြင်း၊ နှာတို့ရည်စစ်ဆေးခြင်း၊ အစားအသောက်များ စားသုံးရန်သင့်/မသင့်ဓာတ်ခွဲစစ်ဆေးခြင်း၊ စားသုံးဆီအရည်အသွေး ဓာတ်ခွဲစစ်ဆေးခြင်း၊ ဆိုးဆေးများ စစ်ဆေးခြင်း၊ ခဲဆိပ်သင့်မှုစစ်ဆေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ နှာတို့ရည်စစ်ဆေးခြင်းဟူသည် အစားအသောက်ကိုင်တွယ် ချက်ပြုတ်သူများတွင် အစာအဆိပ်သင့်စေသည့် ပိုးမွှားရှိ/မရှိ နှာတို့ရည်နမူနာယူ၍ စစ်ဆေးခြင်းဖြစ်သည်။

ရေအဏုဇီဝနှင့် ဓာတုစစ်ဆေးခြင်းအတွက် အဖြေကို ခုနစ်ရက်အတွင်း ရရှိပြီး ကုန်ကျငွေ ကျပ် ၄၀၀၀ ရှိကြောင်း၊ နှာတို့ရည်စစ်ဆေးခြင်းအတွက် ဓာတ်ခွဲမှု အဖြေကို ခုနစ်ရက်အတွင်းရရှိပြီး စစ်ဆေးခတစ်ဦးလျှင် ငွေကျပ် ၁၉၀၀ ဖြစ်ကြောင်း၊ အစားအသောက်များ စားသုံးရန် သင့်/မသင့် စစ်ဆေးမှုအဖြေကို ငါးရက်အတွင်းရရှိပြီး ကျသင့်ငွေမှာ ကျပ် ၃၀၀၀ ဖြစ်ကြောင်း၊ စားသုံးဆီ အရည်အသွေးအဖြေကို ခုနစ်ရက်အတွင်းရရှိနိုင်ပြီး ကျသင့်ငွေမှာ ကျပ် ၃၀၅၀၀ ဖြစ်ကြောင်း၊ ခဲဆိပ်သင့်မှုစစ်ဆေးခြင်းအဖြေကို ငါးရက်အတွင်း ရရှိပြီး စစ်ဆေးခတစ်ဦးလျှင် ကျပ် ၃၇၀၀ ဖြစ်ကြောင်း သိရှိရသည်။

စားသောက်ကုန်ပစ္စည်းများတွင် ခွင့်ပြုဆိုးဆေးများပါဝင်မှု ရှိ/မရှိကို စစ်ဆေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အွန်လိုင်းသတင်း၌ ဖော်ပြထားသည်။

(စိုးစိုး)

ကျေးလက်လမ်း အဆင့်မြှင့်ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်

စာမျက်နှာ ၄ သို့ ›› ››

အင်းတော်မြို့နယ် နောင်မိုးကျေးလက်ကျန်းမာရေးဌာနခွဲ စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်ရေး စစ်ဆေး

စာမျက်နှာ ၆ သို့ ›› ››

စစ်ကိုင်းစက်မှုဇုန် စက်ရုံအလုပ်ရုံများနှင့် သောက်သုံးရေ အခက်အခဲဖြစ်နေသော ရပ်ကွက်၊ ကျေးရွာများသို့ ရေဖြန့်ဖြူး

စာမျက်နှာ ၆ သို့ ›› ››

တောင်ပြုံးပွဲအကြို အိုးပုတ်ပွဲကျင်းပရန်ပြင်ဆင် မြေထည်စဥ့်ထည်စျေးသည်များ ရောက်ရှိ

စာမျက်နှာ ၆ သို့ ›› ››

အံ့သြဖွယ်ရာ ဟန်လင်းမြို့ဟောင်း

ပခုက္ကူမှ နံနက်စောစော ၅ နာရီခွဲအချိန် ထွက်လာခဲ့သည်။ လတ်ဆတ်သော နံနက်ခင်းလေညင်းကို ရှူရှိုက်ရင်း မြိုင်မှတစ်ဆင့် ပုသိမ်-မုံရွာကားလမ်းအတိုင်း ချင်းတွင်း-မုံရွာ တံတားကို ဖြတ်သန်းမောင်းနှင်ခဲ့သည်။ လမ်းကလည်းကောင်း၊ ကားကလည်းကောင်းမို့ နံနက် ၈ နာရီတွင် မုံရွာရောက်သည်။ မုံရွာမှ အရာတော်၊ အရာတော်မှ ဝက်လက်နယ်ကိုဖြတ်သန်းသည်။ အညာတမာလွှမ်းရမည်ဆိုသည့်အတိုင်း လမ်းဘေး ဝဲ၊ ယာ တမာပင်ကြီးတွေက အညာလမ်း တမာပန်းတွေနဲ့ ဝေဝေဆာဆာ သာသာယာယာ။ အရာတော်နယ်နှင့်ဝက်လက်နယ်ကို ဖြတ်သန်းသည့်အခါ ရှုမျှော်မဆုံးသည့် လယ်ကွင်းနှင့် စိမ်းစိုသည့် ဥယျာဉ်ခြံသီးနှံများကို တွေ့မြင်ရသည်။

မူးမြစ်ကြောင့် လည်းကောင်း၊ သဖန်းဆိပ်ရေလှောင်တမံကြောင့် လည်းကောင်း ကားလမ်းဘေး ဝဲ၊ ယာ အိမ်၏ မျက်နှာစာ ရေမြောင်းများ၌ ငှက်ပျောခင်းတွေ၊ မေမြို့ပန်းခင်းတွေ၊ ကုလားပဲခင်းတွေ၊ တိုင်ထောင်ခရမ်းချဉ်သီးတွေ တမျှော်တခေါ် တွေ့ရသည်။ ဝက်လက်နယ် ရွှေပန်းကုံးရောက်တော့ တစ်ထောက်နားသည်။ ရွှေပန်းကုံးဈေးကို လေ့လာသည်။ ဆန်စပါးက အဓိကထွက်ကုန်ဟုဆိုသည်။ အထက်တန်းကျောင်း၊ လျှပ်စစ်မီးနှင့် နေချင်စဖွယ်ရွာကြီးဖြစ်သည်။ အလောင်းဘုရား ဦးအောင်ဇေယျသည် ရွှေဘိုနယ်ကို အခြေခံ၍ မြန်မာနိုင်ငံကို ထူထောင်နိုင်ခဲ့ခြင်း၊ ဆန်ရေစပါးရိက္ခာ လူဦးရေ တစ်ထောင်ကျော်ရှိခြင်း၊ ကျေးရွာကြီးများ၌ သူရဲကောင်းပေါ်များခြင်းတို့ကြောင့် ကုန်းဘောင်တစ်ခေတ် ထူထောင်နိုင်ခဲ့ခြင်းဟု တွေးမြင်ခံစားမိသည်။

ရွာသာကြီးရောက်လျှင် ဟန်လင်းမြို့ဟောင်းသွားရာ လမ်းအတိုင်းလိုက်သည်။ ဟန်လင်းမြို့ဟောင်း ညောင်ကိုးပင်ကျောင်းရောက်တော့ နံနက် ၁၁ နာရီခွဲရှိနေပြီဖြစ်သည်။ ကျောင်းထိုင်ဆရာတော် ဦးတေဇနိယက ပြုံးပြုံးရွှင်ရွှင် တက်တက်ကြွကြွ ဆီးကြိုနှုတ်ဆက်သည်။ သူ၏ကျောင်းတွင် ဟန်လင်းမြို့၏ အဖိုးမဖြတ်နိုင်သော သမိုင်းစာအုပ်ကြီးသဖွယ် ပျူပြတိုက်ကြီးကို တွေ့ရှိရသည်။ တအံ့တသြ ဖြစ်ရသည်။ ‘ကျုပ်ရဲ့ ဆရာတော်တည်ထောင်ခဲ့တာပေါ့။ တစ်ကျပ်ပေး၊ နှစ်ကျပ်ပေးနဲ့ ပျူခေတ်သုံးပစ္စည်းတွေ ဝယ်ယူစုဆောင်းခဲ့တာပေါ့’ဟု ဆရာတော်ဦးတေဇနိယက မိန့်သည်။

ဆရာတော်နှစ်ပါး၏ သမိုင်းတန်ဖိုးသိမှုကြောင့် ပျူအိုး၊ ပျူပုတီး၊ ပျူလက်ကောက်၊ ပျူနားတောင်း၊ ပျူဒင်္ဂါးတွေ၊ ကျောက်လက်နက်တွေ စသည့်စသည့် ပျူပစ္စည်းမျိုးစုံ တစ်ထောင်ကျော်နှင့် ကျောက်ဖြစ်ရုပ်ကြွင်း ပျူလူမျိုးဦးခေါင်းနှစ်ခုကိုလည်း တစ်ဝကြီး တွေ့မြင်ရသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာ ဂေါတမဘုရားရှင်မပွင့်မီကပင် ရွှေဘိုခရိုင် ဝက်လက်နယ်ဒေသတွင် လူ့ယဉ်ကျေးမှုနှင့် လူနေမှုဘဝများ ရှင်သန်နေထိုင်ခဲ့ကြသည်။ ကျောက်ဖြစ်ရုပ်ကြွင်း လူရိုးခေါင်းနှစ်ခုကို လေ့လာကြည့်သည့်အခါ အပေါ်သွား ၁၆ ချောင်း၊ အောက်သွား ၁၆ ချောင်း စုစုပေါင်း ၃၂ ချောင်းရှိရင် အသက် (၂၀)ကျော်ရှိပြီဖြစ်ပြီး အပေါ်သွား ၁၄ ချောင်း၊ အောက်သွား ၁၄ ချောင်းဆိုရင်တော့ (၁၅) နှစ်အရွယ်ဝန်းကျင်လို့ ခန့်မှန်းရသော မနုဿဗေဒပညာရှင်တစ်ဦး၏စကားကို လူရိုးခေါင်း နှစ်ခုကိုကြည့်၍ အမှတ်ရမိသည်။ ဟန်လင်းမြို့ဟောင်းမှ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်မိသည့်အခါ နှစ်ပေါင်း ၇၀၀၀ ဝန်းကျင်က လူနေမှုဘဝများကို တွေ့မြင်ရသလိုဖြစ်မိသည်။ ကျောက်ကွင်းလက်ကောက်၊ ပုတီး၊ နားတောင်း၊ လည်ဆွဲစသည့် အမျိုးသမီးအသုံးအဆောင်များကို တွေ့မြင်ရသည့်အခါတွင်လည်း ပျူအမျိုးသမီးများသည် လှပမှုကို မြတ်နိုးကြသည်ကို တွေ့မြင်ရသည်။ ကြေးလက်နက်၊ သံလက်နက်များ တွေ့မြင်ရသည့်အခါ စစ်တိုက်မှုဆိုး စသည့် စွန့်စားမှုလုပ်ငန်းများကို မြင်ယောင်မိသည်။ ဟန်လင်းဒေသသည် နှစ်ပေါင်း နှစ်ထောင်မှ တစ်သောင်းအထိ လူနေမှုဘဝများရှိခဲ့သည်ကို ဟန်လင်းမြို့မှတွေ့ရှိရသော အသုံးအဆောင်ပစ္စည်းများ၊ ရုပ်ကြွင်းများက သက်သေပြနေသည်။ ဗုဒ္ဓဘာသာ အထိမ်းအမှတ် အထောက်အထားများမတွေ့ရသည်မှာ ဘုရားမပွင့်မီကတည်းက ပေါ်ပေါက်နေသော ပျူလူမျိုးဖြစ်သည်ဟု ဆိုနိုင်သည်။ တွေ့ရှိရသော ဒင်္ဂါးများကို ကြည့်ခြင်းအားဖြင့် တကောင်း၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ရခိုင်စသည့်ဒေသများ နှင့် ကူးလူးဆက်ဆံမှုရှိခဲ့ကြောင်း သိရှိရပြန်သည်။

မြန်မာ့စွယ်စုံကျမ်းတွင် ဟန်လင်းမြို့ဟောင်းသည် ရွှေဘိုမြို့၏အရှေ့တောင်ဘက် ကိုးမိုင်ခန့်အကွာတွင် တည်ရှိသည်။ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပေါ်ရှိ မုဆိုးခြုံဘူတာရွာနှင့်

စာမျက်နှာ ၇ သို့ » »

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၆/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(1)	IFB-072(14-15)	Assorted Sizes of Ball Valves and Accessories (6)Items	US$
(2)	IFB-073(14-15)	Spares for L-Type/ZW-Type Compressor and Dispenser(56)Items	US$
(3)	IFB-074(14-15)	Steel Wire Ropes for Sand Line and Casing Line (3)Items	US$
(4)	IFB-075(14-15)	Spares for KB 150 Well Servicing Truck(10)Items	US$
(5)	IFB-076(14-15)	14"ERW API 5L Grade X-46,3LPE Coated Steel Line Pipe (45)Miles & Hot Bends	US$
(6)	IFB-077(14-15)	3.25mm/4mm/4.8mm Electrode (E 6011)(18)Tons	US$
(7)	IFB-078(14-15)	14" Ball Valve Complete Set (2) Sets	US$
(8)	IFB-079(14-15)	Heat Shrinkable Sleeve and Closure Patches	US$
(9)	IFB-080(14-15)	100KW Diesel Engine Driven Generating Set (1)Set	US$
(10)	IFB-081(14-15)	Spares for Kenworth Truck (15) Items	US$
(11)	IFB-082(14-15)	Spares for ATLAS COPCO Compressor (1)Lot	US$
(12)	IFB-083(14-15)	30" Foam Pigs (15)Nos	US$
(13)	IFB-084(14-15)	NDT Services for 30" Domestic Gas Pipe Line	US$
(14)	IFB-085(14-15)	Cathodic Protection System Installation for 30" Domestic Gas Pipe Line	US$
(15)	IFB-086(14-15)	Nitrogen Purging Services for 30" Domestic Gas Pipe Line	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၅-၈-၂၀၁၄ရက် ၁၆း၃၀နာရီတွင်နောက်ဆုံးထား၍ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၁၉၇၊ ၄၁၁၂၀၆

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ဖျာပုံမြို့ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဖျာပုံမြို့ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသောလူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်နေ့ရက် ၁-၈-၂၀၁၄ရက်(သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် ၂၉-၈-၂၀၁၄ရက်၊ ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး
ဖုန်း-၀၉၈၆၀၁၁၅၇၊ ၀၉-၃၁၁၄၁၅၅၈၊ ၀၉-၄၉၇၄၅၃၀၅

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအတွက်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့် ဆေးဝါးစာရင်းကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၈-၇-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၉း၀၀နာရီ
တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၇-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ၄း၀၀နာရီ

(တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့)
ဆေးရုံအုပ်ကြီးရုံး၊ အောင်ဆန်းတီဘီရောဂါအထူးဆေးရုံကြီး
စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၄၅၇၇၅၆၊ ၀၁- ၆၄၅၇၄၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မှော်ဘီ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(မှော်ဘီ)တွင် အောက်ဖော်ပြပါ လုပ်ငန်းများအား ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း မြန်မာငွေကျပ်ဖြင့် ဆောင်ရွက်လိုပါကြောင်း ကြေညာအပ်ပါသည်။

၁။ ခုတင်(၆. ၆'×၃. ၆'×၁. ၆') (၄၀)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(မှော်ဘီ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၅-၈-၂၀၁၄ရက် ၁၅း၀၀နာရီနောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မှော်ဘီ) ဖုန်းနံပါတ်- ၀၉-၃၁၅၁၇၃၇၇သို့ စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
နည်းပညာတက္ကသိုလ်(မှော်ဘီ)

ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့၊ အထက(၁)တွင် ၂၀၁၄-၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း A-7၌ ပညာသင်ကြားနေသော မထက်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးတင်မြင့်ဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း

မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းရပ်ကွက်၊ တောင်ပိုင်းလမ်း၊ အမှတ်-၂၂၂နေ ဇလီယဇန်ကဲ့အိုနိုင်ထန်၏ [၄/ဟခန(နိုင်)၀၃၄၇၅၅] ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၇၃၁၂၃၃၉၈၊ ၀၉၄၂၀၀၆၇၁၆၇

မိခင်အမည်မှန်

အထက(၅) လှိုင်သာယာ ဒသမတန်း(B)တွင် ပညာသင်ကြားနေသော မောင်အောင်ဗိုလ်ဗိုလ်၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်ခိုင် [၈/ပခက(နိုင်)၁၈၂၉၇၄] ဖြစ်ပါကြောင်း။

ဒေါ်မြင့်မြင့်ခိုင်

မြေကွက်များဝယ်လိုသည်

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ အထူးဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၄၃၁၇၉၇၄၇

ဒဂုံမြို့သစ် (တောင်ပိုင်း) ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြေကွက်များ ဝယ်လိုသည်။ ဖုန်း-၀၉-၄၃၁၄၂၈၇၇၊ ၀၉-၄၅၀၀၆၆၁၇၀

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၁)အကြီးစားစက်ရုံ (ရန်ကုန်)မှ အောက်ဖော်ပြပါပစ္စည်း (၆)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင် ရောင်းချလိုပါသည်-

(က) Hပုံစံသံတန်း(H Beam ၃၄'×၁၀") (၆)ခု
(ခ) (၁၀)တန်ထရပ်ကားသံပေါင်(10Ton Truck Frame) (၁)ခု
(ဂ) တီအီး-၁၁ ထရပ်ကားသံပေါင်(TE-11Truck Frame) (၁)ခု
(ဃ) တီအီး-၃၁ထရပ်ကား၏ နောက်ကိုယ်ထည် (TE-31 Truck Rear Body) (၁၁)ခု
(င) သံတံခါးအဟောင်း ပေ(၁၃×၇) (၅)ခု
(စ) ကျောက်ပြားအမိုးနှင့်ရေတံလျှောက်တုံးများ

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၈-၂၀၁၄ရက်မှ ၁၅-၈-၂၀၁၄ရက်ထိ
၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)၊ စီမံကိန်းဌာန
၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန် - ၁၈-၈-၂၀၁၄ရက် ၁၂း၀၀နာရီ
၅။ တင်ဒါတင်သွင်းရမည့်နေရာ - အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်) စီမံကိန်းဌာန
၆။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၈-၈-၂၀၁၄ ရက် ၁၃း၀၀နာရီ
၇။ အသေးစိတ်သိရှိလိုပါက ၀၁-၆၆၀၄၇၃၊ ၀၁-၆၆၈၀၇၈သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ခွင့်ပြုငွေဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၆)မှ တာဝန်ယူဆောင်ရွက်မည့် ကရင်ပြည်နယ်၊ ကော့ကရိတ်လမ်းဆုံ(ဘားအံ-ထုံးအိုင်လမ်းအပါအဝင်) အပိုင်းတွင်ရှိသည့် အေးချမ်းသာတံတားအား (၄)လမ်းသွား တံတားတိုးချဲ့တည်ဆောက်ရန်အတွက် လိုအပ်သည့် ဘိလပ်မြေ၊ မြစ်သဲ၊ ကျောက်စရစ်နှင့် တောသစ်တို့အား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့်လုပ်ငန်းသုံးပစ္စည်းများ၏အရေအတွက် စံချိန်စံညွှန်း အသေးစိတ် စာရင်းတင်ဒါပုံစံများကို ကရင်ပြည်နယ်၊ အင်ဂျင်နီယာမှူးကြီးရုံးတွင်လည်းကောင်း၊ ဒု-အင်ဂျင်နီယာမှူးကြီးရုံး တံတားဆောက်လုပ်ရေးစီမံကိန်း၊ အထူးအဖွဲ့(၆)တို့တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက်/အချိန် - ၁-၈-၂၀၁၄ရက် ၉း၀၀နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၉-၈-၂၀၁၄ရက် ၉း၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၉-၈-၂၀၁၄ရက် ၁၃း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ - ကရင်ပြည်နယ်၊ဘားအံမြို့။

အသေးစိတ်အချက်အလက်များကို ဖုန်း-၀၅၇-၂၄၈၂၀ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်အားစနစ်ဌာနမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် Equipment and Testing instruments for Substation Maintenanceများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၃-၉-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၈၂



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၁၅/၀၀၇)၊ မြေကွက်အမှတ်(၇)၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ဒေါ်တင်တင်နွဲ့ [၁၂/သကတ(နိုင်) ၀၅၁၈၅၁]အမည်ပေါက် မြေချပါမစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလှသိန်း [၁၂/ဥကမ (နိုင်) ၂၁၇၃၉၂]မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ကို ကျွန်ုပ်သည် အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်ဝက်ကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ပြည့်ဖြိုး
[၁၂/ခအဇ(နိုင်) ၀၀၁၃၇၆]
အဆောင်(၂၀)၊ အခန်း(၃)၊
စော်ဘွားကြီးကုန်းဝင်း၊ အင်းစိန်မြို့နယ်။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌
၂၀၁၄ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၁၅၈
